၂၀၁၁ ခုနှစ်၊
စက်တင်ဘာလ (၅) ရက်မှ
စတင်ထုတ်ဝေသည်။
နှစ်ပတ်တစ်ကြိမ်
(ဗုဒ္ဓဟူးနေ့တိုင်း) ထုတ်ဝေသည်။
www.transcomjournal.com
အတွဲ (၇)၊ အမှတ် (၂၀)

# ပို့ဆောင်ဆက်သွယ် သတင်းဂျာနယ်
TRANSCOM NEWS JOURNAL

၂၀၁၇ခုနှစ်၊ နိုဝင်ဘာလ (၈)ရက်



## ရခိုင်ပြည်နယ် မောင်တောဒေသသို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပထမဆုံးခရီးစဉ်အဖြစ် သွားရောက်

» စာ-၇




MPT
ရှေ့သို့လှမ်းချီ မြန်မာပြည်
ရွှေစကား
၁မိနစ် ၀
၁၀/-
*234*4#
ရွှေစကားအစီအစဉ်တွင် MPT အချင်းချင်း ဖုန်းခေါ်ဆိုတိုင်း ၁ မိနစ်လျှင် ၁၀ကျပ်သာ ကျသင့်ပါမည်။
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
www.facebook.com/mptofficialpage
MPTOFFICIAL
CALL CENTER 106
call free
24 hours everyday

# Myanmar Sat 2 အသုံးပြုမည့် IS 39 Satellite

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန မြန်မာဂြိုဟ်တုစနစ်စီမံကိန်းမှ ၂၀၁၉ခုနှစ် ဖွန်လတွင် Myanmar Sat 2 ကို စတင်၍ ဝန်ဆောင်မှုပေးတော့မည် ဖြစ်ပါသည်။

အဆိုပါ Myanmar Sat 2၏ အကြောင်းကို ပြည်သူများသိရှိ လေ့လာနိုင်ရန်အတွက် တင်ပြအပ်ပါသည်။

Myanmar Sat 2 အမည်ခံနိုင်ရန် မူလလွှတ်တင်သော ဂြိုဟ်တုပိုင်ရှင်ဖြစ်သော Intelsat Satellite Operator နှင့် သဘောတူညီချက်ရရှိပြီး ဖြစ်ပါသည်။

အကြောင်းမှာ ၂၀၁၉ခုနှစ် မတ်လအတွင်း Intelsat မှ လွှတ်တင်မည့် IS 39 Statellite တွင် မြန်မာနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၁၅၅.၇သန်းကိုထည့်သွင်းသွားမည်ဖြစ်သည့်အတွက် ဖြစ်ပါသည်။

ထို့အတွက် မိမိတို့ပိုင်ဆိုင်အသုံးပြုနိုင်မည့် ဂြိုဟ်တုထရန်စပွန်ဒါ ၁၂ခုကို ဂြိုဟ်တုသက်တမ်းကုန်သည်အထိ ငှားရမ်းခပေးစရာမလိုတော့ဘဲ မိမိတို့ ကိုယ်တိုင်စီမံ၍ အသုံးပြုနိုင်တော့မည် ဖြစ်ပါသည်။

ဂြိုဟ်တုသက်တမ်း ၁၅နှစ်ဖြစ်ပါသည်။ ဒီထက် ၁နှစ် ၂နှစ်အထိလည်း ဝိုနိုင်ပါသည်။ C-band Trasponder ၆ခုနဲ့ Ku-band Transponder ၆ခုစီ ဖြစ်ပါသည်။ ထရန်စပွန်ဒါ ၁ခုလျှင် ဂြိုဟ်တုချန်နယ် 72MHz (Mega Hertz) ရှိပါသည်။ ထို့ကြောင့် C-band 432 MHz နှင့် Ku-band 432 MHz စုစုပေါင်း 864 MHz ဖြစ်ပါသည်။

IS 39 ဂြိုဟ်တုကို Space System/Local ဟု ခေါ်ဆိုသော ကမ္ဘာပေါ်တွင် ဂြိုဟ်တုအများဆုံးလွှတ်တင်ခဲ့သော အမေရိကန်ကုမ္ပဏီမှ တည်ဆောက်ပါသည်။ ဌာနချုပ်သည် ကယ်လီဖိုးနီးယားတွင် တည်ရှိပြီး တည်ဆောက်သည့် အမျိုးအစားမှာ SSL-1300 Platform အမျိုးအစား (Series) အပေါ်အခြေခံ၍ တည်ဆောက်ထားသော အမျိုးအစား ဖြစ်ပါသည်။

ဂြိုဟ်တုကိုဒုံးပျံဖြင့် လွှတ်တင်ပေးမည့်ကုမ္ပဏီမှာ Arianespace ဖြစ်ပြီး ဌာနချုပ်မှာ ပြင်သစ်နိုင်ငံ Parisမြို့အနီး Evryတွင် အခြေစိုက်ပါသည်။ အထက်ပါအချက်များကြောင့် နောက်ဆုံးပေါ် နည်းပညာများ အသုံးပြုထားသော High Power ရှိသော Broadband Networking, Video Distribution များကို Africa, Europe, the Middle East and Asia များတွင် ဝန်ဆောင်မှု ပေးမည့် ဂြိုဟ်တုဖြစ်ပါကြောင်း သိရသည်။

ဝင်းအောင်(ဆိုက်ဘာ)





## မြန်မာ့စာတိုက်လုပ်ငန်း
## Online Shopping လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်

မြန်မာ့စာတိုက်လုပ်ငန်းကို နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်နှင့်အညီ ပုဂ္ဂလိက ပူးပေါင်းပါဝင်လုပ်ဆောင်နိုင်ရေး လုပ်ငန်းစဉ်နှင့်အညီ ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်လျက်ရှိရာ မြန်မာ့စာတိုက်လုပ်ငန်းတွင် Online Shopping ၁၀၀ကျော်ရှိကြောင်း၊ မြန်မာ့စာတိုက်လုပ်ငန်း ရန်ကုန်တိုင်းဒေသကြီး မန်နေဂျာ ဦးသောင်းနိုင်စိုးက ပြောသည်။

အဆိုပါ Online Shopping ၁၀၀ ကျော်ထံမှ မှာယူသည့် ပစ္စည်းများအား အိမ်အရောက်ပို့စနစ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။ ယခုအခါ Online Shopping တွေ အများကြီးပေါ်လာခဲ့ပြီး အချို့က အွန်လိုင်းကနေ လက်ခံတယ်၊ ပြီးတော့ မြန်မာ့စာတိုက်ကို အပ်တယ်။ မြန်မာ့စာတိုက်က ပို့ပေးတယ် ဟု ဦးသောင်းနိုင်က ပြောသည်။

ယခုအခါ မြန်မာ့စာတိုက်လုပ်ငန်းသည် ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုနှင့်အညီ စာတိုက်လုပ်ငန်းကိုလည်း အထက်အဖွဲ့အစည်း၏ လမ်းညွှန်ချက်နှင့်အညီ ရေရှည်ဖွံ့ဖြိုးတိုးတက်အောင် ခေတ်နှင့်လျော်ညီတဲ့ Online Shoppingတွေ ပူးတွဲလုပ်ဆောင်နေရပြီး ပစ္စည်းတွေလည်း ပို့ဆောင်နေရပြီ ဟု တိုင်းဒေသကြီး မန်နေဂျာက ပြောသည်။

အများပြည်သူအနေဖြင့် Online Shopping လုပ်ငန်းကို မြန်မာ့စာတိုက်လုပ်ငန်းအပြင် ပုဂ္ဂလိက ပို့ဆောင်ရေးလုပ်ငန်းဖြင့် ပေးပို့ကြပြီး၊ ပုဂ္ဂလိက ပို့ဆောင်ရေးတွေက အချို့သော နယ်မြို့တွေပို့လို့ မရနိုင်ဘူး။ စာတိုက်က နေရာအနှံ့ မြို့နယ် ၁၀၀၀ ကျော်မှာ ရှိတော့ အစဉ်ပြေစွာပို့ဆောင်ပေးနိုင်ကြောင်း Online Shopping လုပ်ဆောင်သူတစ်ဦးက ပြောသည်။

မြန်မာ့စာတိုက်လုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျပန်နိုင်ငံပြည်တွင်းရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြီး နည်းပညာသစ်စာတိုက်ပုံးတပ်ဆင်ခြင်းကို Fuji Xerox နှင့် Nagata Myanmar တို့ ပူးပေါင်းကာ စာတိုက်ပုံးသစ်တပ်ဆင်ခြင်းအပြင် ဂျပန်စာတိုက်လုပ်ငန်း၊ နည်းပညာ၊ နည်းစနစ်ကူညီပံ့ပိုးရေး အစီအစဉ်အရ မြန်မာအခြေစိုက် JICA အဖွဲ့မှ စာပို့ဝန်ဆောင်မှုများ တိုးတက်စေရေး၊ လေ့လာစမ်းသပ်ခြင်း၊ အားနည်းချက်များ ပြုပြင်ခြင်း ပိုမိုလွယ်ကူလျင်မြန်စေသော နည်းပညာအကြံဉာဏ်များ ပေးလျက်ရှိကြောင်း သိရသည်။

လှမျိုး ဆ.သ.ရ

## ရခိုင်ပြည်နယ် ဘူးသီးတောင်၊ မောင်တော၊ ရသေ့တောင်တို့တွင် GSM စခန်း ၂၂ခု တည်ဆောက်လျက်ရှိ

ဘူးသီးတောင်၊ မောင်တောဒေသ ဝန်းကျင်နယ်မြေဒေသ ပြန်လည်အေးချမ်းလာသည်နှင့်အမျှ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အလေးထား ဆောင်ရွက်လျက်ရှိပြီး၊ လျှပ်စစ်မီးရရှိရေး၊ လမ်းပန်းဆက်သွယ်မှု လွယ်ကူကောင်းမွန်စေရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ စိုက်ပျိုးမွေးမြူရေး အပါအဝင် ဆက်သွယ်ရေးကဏ္ဍ စသည့် ဘက်စုံကဏ္ဍစုံ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီမံဆောင်ရွက်လျက်ရှိရာ ဆက်သွယ်ရေးကဏ္ဍအနေဖြင့် ဘူးသီးတောင်၊ မောင်တော၊ ရသေ့တောင်မြို့နယ်တို့တွင် GSM စခန်း ၂၂ခုကိုစတင်တည်ဆောက်လျက်ရှိကြောင်း သိရသည်။

ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးတွင် တည်ဆောက်ဖွင့်လှစ်ပြီးသည့် GSM စခန်းပေါင်း ၂၇၉ ခုတွင် ပုံမှန်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့်အပြင် ဘူးသီးတောင်မြို့နယ်တွင် GSM စခန်းပေါင်း ၂၀ မောင်တောမြို့နယ်တွင် စခန်း ၁၇ခုနှင့် ရသေ့တောင်မြို့နယ်တွင် စခန်း ၉ခုတို့မှ ပုံမှန်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ဘူးသီးတောင်တွင် စခန်း ၇ခု၊ မောင်တောတွင် စခန်း ၁၄ခုနှင့် ရသေ့တောင်တွင် စခန်း ၁ခုကို အသစ်ထပ်မံ တိုးချဲ့တပ်ဆင်လျက်ရှိကြောင်း သိရသည်။

ယခုအခါ တာဝါတည်ဆောက်ခြင်းလုပ်ငန်းကို MPT.KSGM အနေဖြင့် တာဝါတိုင် ၁၂ခုကို တည်ဆောက်လျက်ရှိပြီး၊ ပုဂ္ဂလိက တာဝါတည်ဆောက်သည့် အဖွဲ့အစည်းများက တာဝါတိုင် ၁၀ခုအား တည်ဆောက်နေကြောင်း MPT ၏ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

MPT က တည်ဆောက်မည့် တာဝါစခန်း တည်ဆောက်ခြင်းလုပ်ငန်းကို ဘူးသီးတောင်မြို့နယ်တွင် စခန်း ၂ခုနှင့် မောင်တောမြို့နယ်တွင် စခန်း ၂ခုကို နိုဝင်ဘာလအတွင်းအပြီး တည်ဆောက်ရန် လျာထားပြီး ၂၀၁၈ခုနှစ် ဇန်နဝါရီလတွင် မောင်တောစခန်း ၃ခုအပြင် ဖေဖော်ဝါရီလတွင် စခန်း ၅ခုကို တည်ဆောက်ရန် ပုဂ္ဂလိက တာဝါစခန်းတည်ဆောက်ရေး အစီအစဉ်ဖြင့် ဘူးသီးတောင်တွင် စခန်း ၅ခု၊ မောင်တောတွင် စခန်း ၂ခုနှင့် ရသေ့တောင်တွင် စခန်း ၁ခုကို နိုဝင်ဘာလအတွင်း အပြီးတည်ဆောက်မည်ဖြစ်ပြီး ၂၀၁၈ ဖေဖော်ဝါရီတွင် မောင်တောတွင် စခန်း ၂ခုအပြီး တည်ဆောက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်သည်။ ယခုအခါ လုံခြုံရေးအခြေအနေ တိုးတက်ကောင်းမွန်လာပြီး၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာသည်နှင့်အမျှ လုပ်ငန်းများ လျင်မြန်သွက်လက်စွာ အချိန်မီပြီးစီးနိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

MPT-KSGM မှ တည်ဆောက်ဆဲ တာဝါစခန်း ၁၂ခု အပြင် ပုဂ္ဂလိက တာဝါတည်ဆောက်သည့် စခန်း ၁၀ခု ပြီးစီးသည့်အခါ တာဝါစခန်း ၂၂ခုတို့မှ နီးစပ်ရာ စခန်းများအတွင်း လိုအပ်သည့်ဒေသတွင် Transmission မှတစ်ဆင့် ချိတ်ဆက်ဆောင်ရွက်ခြင်းဖြင့် ဧရိယာအတော်များများ လွှမ်းခြုံနိုင်မည်ဖြစ်သည်။ ဆက်သွယ်ရေးစနစ် ကောင်းမွန်လာပြီး နယ်မြေအေးချမ်းလာသည်နှင့်အမျှ ဒေသဖွံ့ဖြိုးရေးတိုးတက်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

လှမျိုး ဆ.သ.ရ

ကြော်ငြာရှင်များ ဆက်သွယ်လိုပါက
Advertising Department
ဖုန်း- ၀၁- ၈၆၁၀၁၉၁
e-mail-transcomnews.2017@gmail.com

Transcom News Journal

စီမံခန့်ခွဲမှုအရာရှိ
ဦးနီအောင်
စာတည်းမှူးချုပ်
မောင်ကြင်နာ
အုပ်ချုပ်ရေးအရာရှိ
ထိန်လင်း

ငွေစာရင်းအရာရှိ
ကျော်သူရ
လက်ထောက်စာတည်း
တင်မောင်
သတင်းထောက်ချုပ်
ကျော်ကျော်လှိုင်

သတင်း (ဆက်သွယ်ရေး)
လှမျိုး
သတင်း (ရထား)
အောင်ဆန်းဦး
သတင်းထောက်
အိမ်စည်၊ သဇင်ဖူး၊ ပိုးဧဟမာ

မျက်နှာဖုံးဒီဇိုင်း
ဝင်းထိုက်
တွန်ပျူတာ
ခိုင်ယုသွယ်
ဇင်ဘိုထွန်း

စာမျက်နှာဒီဇိုင်း
နေလင်း
မြတ်ထူးဇော်
ကာတွန်းသရုပ်ဖော်
မောင်တင်ယု
ဖြန့်ချိရေး
ကိုကိုမြတ်၊ ဘိုဘို

ထုတ်ဝေသူ
ကျော်မြင့်
၀၀၄၉၆
ပုံနှိပ်
မင်းပြည့်စုံ
၀၀၁၀၃

တိုက်တည်နေရာ၊ အမှတ် (၈၃/၉၁)၊ ဗိုလ်အောင်ကျော်လမ်း (အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း။ ၀၁- ၈၆၁၀၁၉၂၊ စာတည်းမှူးချုပ်- ၀၁- ၃၇၅၄၄၃၊ e-mail-transcomnews.2017@gmail.com

# ရခိုင်ပြည်နယ် မောင်တောဒေသသို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပထမဆုံးခရီးစဉ်အဖြစ် သွားရောက်















နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ရခိုင်ပြည်နယ် မောင်တောဒေသသို့ ပထမဆုံး ခရီးစဉ်အဖြစ် နိုဝင်ဘာလ ၂ ရက်က သွားရောက်ခဲ့ကြောင်း သိရသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ နိုဝင်ဘာ ၂ ရက် နံနက် ၈နာရီတွင် ရောက်ရှိပြီး စစ်တွေလေဆိပ် ဧည့်ခန်းမတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လူငယ်အဖွဲ့နှင့် တွေ့ဆုံလမ်းညွှန်မှုများ ပြုလုပ်ခဲ့သည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် မောင်တောဒေသသို့ နိုဝင်ဘာ ၂ ရက် နံနက် ၁၀နာရီခန့်က မောင်တောမြို့ ဝေသာလီရဟတ်ယာဉ်ကွင်းသို့ ရောက်ရှိကာ မောင်တောမြို့နယ် တောင်ပိုင်းပန်းတောပြင် (အရှေ့) ဘင်္ဂါလီကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာသား ၅၀ခန့်နှင့် တွေ့ဆုံ၍ ပြန်လည်နေရာချထားမည့် နေရာအား ကြည့်ရှုခဲ့ကြောင်း သိရသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က "အခက်အခဲရှိရင်လည်း တင်ပြစေချင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ စောစောစီးစီးတင်ပြမှ ဖြေရှင်းလို့ရတယ်။ အခက်အခဲရှိတယ်။ မပြောပါဘူး၊ အားနာလို့ဆိုလို့ရှိရင် နောက် ပိုပြီးတော့ခက်ပါတယ်။ အဲဒါကြောင့် အခက်အခဲတွေရှိရင် ပွင့်ပွင့်လင်းလင်း တင်ပြပါ" ဟု ဆိုသည်။

ထို့နောက် ပြန်လည်နေရာချထားမည့် နေရာကိုကြည့်ရှုပြီး မောင်တောအမှတ် (၁) ဝင်ထွက်စခန်း (POE)သို့ သွားရောက် ကြည့်ရှုကာ နယ်စပ်ခြံစည်းရိုးကာရံထားမှုအား ကြည့်ရှုခဲ့ပြီးနောက် မောင်တောမြို့အား မော်တော်ယာဉ်ပေါ်မှ ကြည့်ရှုခဲ့သည်။

ယင်းမှ တစ်ဆင့် ဒေါ်အောင်ဆန်းစုကြည်သည် မောင်တောမြို့နယ် မြောက်ပိုင်းရှိ ARSA ဘင်္ဂါလီအစွန်းရောက်အကြမ်းဖက်သမားများ မီးရှို့ဖျက်ဆီးခဲ့သည့်အတွက် တစ်ရွာလုံးမီးရှို့ခံရပြီးနောက် ရွာသစ်ပြန်လည်တည်ဆောက်မည့် နံတိုင် မြိုတိုင်းရင်းသားကျေးရွာသို့ နံနက် ၁၁နာရီခွဲတွင် သွားရောက်ခဲ့သည်။ မြိုတိုင်းရင်းသားများ ဖြစ်သော နံတိုင် ရွာသူရွာသားတွေအတွက် အိမ်ရာအသစ်များ ဆောက်လုပ်နေသော နေရာကိုကြည့်ရှုခဲ့ပြီး မြို၊ ခမီ တိုင်းရင်းသားများနှင့် တွေ့ဆုံအားပေးစကားပြောကာ အခက်အခဲတင်ပြချက်များကို ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် နိုဝင်ဘာ ၂ ရက် မွန်းလွဲ ၁၂ နာရီ ၁၀မိနစ်တွင် တောင်ပြိုနယ်စပ်သို့ ရောက်ရှိပြီး မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ် ချစ်ကြည်ရေးတံတားအနီးတွင် ဆောက်လုပ်မည့် တစ်ဖက်နိုင်ငံသို့ ရောက်ရှိနေသည့် ဘင်္ဂါလီများ ပြန်လည်လက်ခံရေးစခန်းနေရာနှင့် နှစ်နိုင်ငံချစ်ကြည်ရေးတံတားသို့ သွားရောက်ကြည့်ရှုခဲ့သည်။

ထို့နောက် ကျီးကန်းပြင်နယ်ခြားစောင့် ရဲဌာနချုပ်သို့ သွားရောက်ခဲ့ကြောင်းနှင့် ဌာနချုပ်အတွင်း နေအိမ်လိုင်းခန်းများကို လှည့်လည်ကြည့်ရှုပြီး တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များနှင့် တွေ့ဆုံအားပေးစကားပြောကြားခဲ့သည်။ ယင်းမှ တစ်ဆင့် စစ်တွေမြို့သို့ မွန်းလွဲ ၂နာရီ ၃၅မိနစ်တွင် ပြန်လည်ထွက်ခွာခဲ့ကြောင်း သိရသည်။

ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဦးကျော်ဆွေ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး အမြဲတမ်းအတွင်းဝန် ဦးဇော်သန်းသင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်အောင်ဝင်းဦးနှင့် (EAOs)မှ တာဝန်ရှိသူများ၊ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပု၊ နယ်လုံဝန်ကြီး ဗိုလ်မှူးကြီး ဖုန်းတင့်၊ စီးပွားရေးလုပ်ငန်းရှင်များဖြစ်သော ဦးဇော်ဇော်၊ ဦးဖြိုးဝေအောင်၊ ဒေါ်နန်းခမ်းလှိုင်တို့ လိုက်ပါလာခဲ့ကြကြောင်း သိရသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေးနှင့် ဖွံ့ဖြိုးရေးစီမံကိန်း(UEHRD)တွင် ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်ပြီး ၂၀၁၅ခုနှစ် ရွေးကောက်ပွဲမဲဆွယ်ကာလတွင် ရခိုင်ပြည်နယ်တောင်ပိုင်း တောင်ကုတ်မြို့သို့ ရောက်ရှိခဲ့ပြီးနောက် မောင်တောဒေသသို့ ပထမဦးဆုံးအကြိမ်ရောက်ရှိလာခြင်းဖြစ်ကြောင်း သိရသည်။

# ရထားစင်းလုံးငှားပြီး ရန်ကုန်မြို့တစ်ပတ် လေ့လာနိုင်







ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားမှ ရထားစင်းလုံးငှားရမ်းပြီး ရန်ကုန်မြို့တစ်ပတ် ရထားလမ်း၊ ဘူတာများအနီး ပတ်ဝန်းကျင်အား လေ့လာနိုင်ရန် စီစဉ်ဆောင်ရွက်ပေးကြောင်း၊ မြန်မာ့မီးရထား တိုင်း ၇ သွား/လာ၊ လက်ထောက်မန်နေဂျာ ဦးကျော်မျိုးလွင်က ပို့ဆောင်ဆက်သွယ်သတင်းဂျာနယ်အား ပြောကြားသည်။

အောက်တိုဘာ ၂၇ ရက်က ASIAN TRAILS TOUR LIMITED မှစီစဉ်ပြီး မြန်မာ့မီးရထား တိုင်း(၇) သွား/လာဌာနနှင့် ညှိနှိုင်းကာ ပြင်သစ်နိုင်ငံသား ခရီးသွား ၁၀၆ ဦးအား အင်းစိန်-ကြည့်မြင်တိုင် ခရီးစဉ်လေ့လာရန် RBE တွဲ ၃တွဲ စင်းလုံးငှားရမ်း ပြေးဆွဲခဲ့ကြောင်း သိရှိရ၍ ဌာနအားသွားရောက်မေးမြန်းစဉ် ပြောကြားခဲ့သည်။

ရထားစင်းလုံးငှား၍ လမ်းပိုင်းသာမက၊ ရန်ကုန်မြို့တစ်ပတ်လည်း စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ယခု ခရီးစဉ်က ပထမဦးဆုံး စီစဉ်ပေးခဲ့တာဖြစ်လို့ အကြာကြီးနားလို့ မရကြောင်း၊ အတတ်နိုင်ဆုံးကြိုးစား စီစဉ်ဆောင်ရွက်ပေးခဲ့ရကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင်လည်း အင်းစိန်စက်ခေါင်းရုံမှ အထူးရထားတွဲတောင်းရကြောင်း၊ သန့်ရှင်းရေးကို အဓိကထား ဆောင်ရွက်ရကြောင်း၊ ခရီးစဉ်အတွင်း ဖြတ်သန်းမည့် ဘူတာရုံပိုင်များအား ကြိုတင်အကြောင်းကြားရကြောင်း၊ သွားမည့်အချိန်၊ ရပ်တန့်မည့်အချိန် (ဥပမာ အနီးရှိ အထင်ကရနေရာများ၊ ဈေးများ၊ အဆောက်အဦးများ၊ လေ့လာ၊ ဓါတ်ပုံရိုက်နိုင်ရန်) တို့အား ညှိနှိုင်းဆောင်ရွက်ရကြောင်း ဆက်လက်ပြောကြားခဲ့ သည်။

ပြည်တွင်း ပြည်ပမှ ရထားစင်းလုံးငှားရမ်း လေ့လာလိုလျှင် မြန်မာ့မီးရထား ရုံးချုပ် (နေပြည်တော်)၊ ခရီးသည်ဌာနနှင့် တိုင်း (၇)၊ သွား/လာဌာန၊ (ရန်ကုန်ဘူတာကြီး)သို့ ၄ရက်၊ ၅ရက် ကြိုတင်၍ သွားမည့်ခရီးစဉ်၊ အကွာအဝေး၊ ခရီးသည်ဦးရေ၊ အချိန်ညှိနှိုင်း ဆောင်ရွက်နိုင်ကြောင်း သိရသည်။

ကျော်ကျော်

# အူရီဒူး နှင့် ရတနာပုံတယ်လီပို့မှ ကမ္ဘာ့အဆင့် FTTH ဝန်ဆောင်မှုကို မြန်မာနိုင်ငံတွင် ပေးအပ်

အူရီဒူးမြန်မာနှင့် မြန်မာနိုင်ငံတွင် အကျယ်ပြန့်ဆုံး အင်တာနက်ဝန်ဆောင်မှုများကို ပေးအပ်လျှက်ရှိသော ရတနာပုံတယ်လီပို့ (YTP)တို့သည်အကောင်းဆုံးသော FTTH ဖိုင်ဘာအင်တာနက်ကို လူနေအိမ်များဆီသို့ ချိတ်ဆက်ဝန်ဆောင်မှုပေးရန် သဘောတူစာချုပ်ချုပ်ဆိုခဲ့သည်။ အူရီဒူး၏ မိုဘိုင်းဝန်ဆောင်မှုနှင့် Dedicated Internet Data ဝန်ဆောင်မှုကို ပေးအပ်ရန် ပူးပေါင်းလုပ်ဆောင်ပြီး မြန်မာနိုင်ငံတွင် အမြန်ဆုံးသော အင်တာနက်ကွန်ရက်ကိုဆန်းသစ်သော ဝန်ဆောင်မှုများဖြင့် မန္တလေးမြို့အတွင်းရှိ မြို့နယ်များနှင့် ပြင်ဦးလွင်မြို့နယ်တွင် စတင်ဝန်ဆောင်မှုပေးသွားမည်ဖြစ်ပြီး အခြားသော မြို့များတွင်ဆက်လက်ပြီး ဝန်ဆောင်မှုပေးအပ်သွားမည် ဖြစ်သည်။

ပူးပေါင်းဆောင်ရွက်မှုသည် ထင်ရှားသော ISP နှင့် နိုင်ငံတကာ မိုဘိုင်းအော်ပရေတာတို့အနေဖြင့် မြန်နှုန်းမြင့် အင်တာနက်ဝန်ဆောင်မှုကို ပေးအပ်ရန် အတူတကွ လုပ်ကိုင်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ရတနာပုံတယ်လီပို့သည် အမိကကျသည့် ဖိုင်ဘာအင်တာနက်ဝန်ဆောင်မှု လုပ်ကိုင်နိုင်စွမ်းကို ယူဆောင်ပေးသလို အူရီဒူးအနေဖြင့် နိုင်ငံတကာအတွေ့အကြုံများကို အသုံးပြုပြီး မြန်မာနိုင်ငံအတွက် ပစ္စည်းသစ်များနှင့်အတူ နောက်ဆုံးပေါ်သုံးစွဲသူဝန်ဆောင်မှုပေးအပ်သည့် စနစ်များကို အသုံးပြုပြီး ပေးအပ်သွားမှာဖြစ်ကြောင်း၊ မြန်နှုန်းမြင့်ပြီး လိုင်းတည်ငြိမ်သည့် ဖိုင်ဘာနည်းပညာ အင်တာနက်ဝန်ဆောင်မှုသည် အင်တာနက်ချိတ်ဆက်မှု မြန်နှုန်းတည်ငြိမ်ခြင်းနှင့် သင့်တင့်မျှတသော ဝန်ဆောင်မှုနှုန်းထားကောက်ခံခြင်းကို အခြေခံထားပြီးဝန်ဆောင်မှု ပေးအပ်သွားမည်ဖြစ်ကြောင်း၊ ဝန်ဆောင်မှု အသုံးပြုလိုသူများအနေဖြင့် ၎င်းတို့၏ လိုအပ်ချက်အပေါ် မူတည်ပြီးမြန်နှုန်း အနေအထားမျိုးစုံကိုရွေးချယ်ပြီး အိမ်များနှင့် လုပ်ငန်းများတွင် တပ်ဆင်အသုံးပြုနိုင်မည်ဖြစ်သည်။

ရတနာပုံတယ်လီပို့၏ CEO ဖြစ်သော ဦးစိုးသိန်းက "လုပ်ငန်းခြင်းဆက်စပ်လျှက်ရှိတဲ့ အကောင်းဆုံး ကုမ္ပဏီများ အတူပူးပေါင်းပြီး မြန်မာပြည်သူလူထုအတွက် အမြန်ဆုံးအင်တာနက်ကွန်ရက်ဖြင့် ဝန်ဆောင်မှုပေးအပ်နိုင်မှုဟာဆိုရင် မြန်မာနိုင်ငံဆက်သွယ်ရေးလောကမှာ အောင်မြင်တဲ့ မှတ်ကျောက်တစ်ခုဖြစ်ပါတယ်"ဟု ပြောကြားသည်။

အူရီဒူးမြန်မာ၏ CEO ဖြစ်သော Mr. Vikram Sinha မှ "မြန်မာနိုင်ငံမှာ အကြီးမားဆုံးနှင့် အကျယ်ပြန့်ဆုံး အင်တာနက်ဝန်ဆောင်မှုကို ပေးအပ်လျှက်ရှိတဲ့ ISP ဖြစ်တဲ့ ရတနာပုံတယ်လီပို့နဲ့ ပူးပေါင်းပြီး မြန်မာနိုင်ငံမှာ အကောင်းဆုံး နည်းပညာကို အသုံးပြုပြီး အကောင်းဆုံးဝန်ဆောင်မှုတွေ ပေးအပ်နိုင်မှာဖြစ်တဲ့အတွက် ဝမ်းသာဂုဏ်ယူရပါတယ်။ အခုပူးပေါင်းဆောင်ရွက်မှုဟာဆိုရင် နောင်လာမယ့်ကာလတွေမှာ ဖိုင်ဘာကွန်ရက်ဝန်ဆောင်မှုတွေ ပေးအပ်နိုင်မှုမှာရော ရရှိနိုင်တဲ့ ပစ္စည်းအမျိုးအစားသစ်များပေါ်မှာပါ စံသစ်မှတ်မှု အသစ်ဖြစ်လာမှာဖြစ်ပြီး အူရီဒူးမြန်မာဟာ မြန်မာနိုင်ငံမှာ ဆက်သွယ်ရေးလုပ်ငန်းများကို ရေရှည်ပေးအပ်သွားမယ့် ဆက်သွယ်ရေးအော်ပရေတာတစ်ခုအဖြစ် သတ်မှတ်ခံယူထားသည်။

မန္တလေးမြို့နေရာအများအပြားနှင့် ပြင်ဦးလွင်မြို့နယ်တို့တွင် နိုဝင်ဘာလ (၁)ရက်နေ့မှ စတင်ပြီး အဆိုပါ ဖိုင်ဘာအင်တာနက် ဝန်ဆောင်မှုကို ရရှိ နိုင်မှာဖြစ်ကြောင်း သိရှိရသည်။

ကျော်ကျော်

# အူရီဒူးဝန်ဆောင်မှုအသုံးပြုသူများကိုယ်စား ပြည်သူများ ကောင်းကျိုးအတွက် ငွေကြေးကူညီလှူဒါန်း

အူရီဒူးမြန်မာမှ ပညာရေးဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်ချက်ဖြင့် လှူဒါန်းပွဲအခမ်းအနားကို မကွေးတိုင်းဒေသကြီးအတွင်းရှိ လူမှုအဖွဲ့အစည်း ၃ ဖွဲ့သို့ သွားရောက်လှူဒါန်းခဲ့သည်။ အူရီဒူးမြန်မာမှ "မိနစ်များများပြောလေ အူရီဒူးကများများလှူပေးလေ" ဆိုသည့် လူမှုအကျိုးပြုအစီအစဉ်ကို မကွေးတိုင်းဒေသကြီးတွင် ဆောင်ရွက်ခဲ့သည်။ ယခုအခါတွင် လူမှုအကျိုးပြုလုပ်ငန်းအစီအစဉ်သည် တစ်လပြည့်မြောက်ခဲ့ပြီး အောင်မြင်စွာဖြင့် ဆက်လက်လုပ်ဆောင်လျှက်ရှိကြောင်း သိရသည်။

အူရီဒူးမြန်မာ၏ မကွေးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူလူထု၏ လူမှုပတ်ဝန်းကျင်တိုးတက်ပြောင်းလဲဖွံ့ဖြိုးစေရန် ၁ မိနစ်ဖုန်းခေါ်ဆိုတိုင်းအတွက် အူရီဒူးမှ ၁ ကျပ် လှူဒါန်းပေးခြင်းဖြင့် အလှူငွေမတည်ပေးနိုင်ခဲ့သည်။ အူရီးဒူးမှ ဒေသဆိုင်ရာအစိုးရအဖွဲ့အစည်းများ၏ လမ်းညွှန်ချက်နှင့်အညီ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဦးစားပေးအစီအစဉ်သစ်များအပေါ် အခြေခံလျက် ပညာရေးနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်မှုအတွက် လှူဒါန်းပေးမည့်နေရာ ၃ ခုနေရာကို သေချာစွာ စိစစ်ရွေးချယ်ခဲ့ကြောင်း၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ နွမ်းပါးသော ကလေးငယ်များ၏ ပညာရေးနှင့် လူမှုဖွံ့ဖြိုးရေးတိုးတက်မှု အထောက်အပံ့အနေဖြင့် အူရီဒူးမြန်မာမှ ဆားတိုင်ကန်ကျေးရွာတွင် တည်ရှိသော ရေတွင်းဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ နံကပ်ကျွန်းအုပ်စုမြသလွန်ဘုရားအနီးရှိသာသနာ့ဂုဏ်ရည်သီလရှင် (သင်) တွဲဖက်အထက်တန်းကျောင်းခွဲ၊ မြို့လုလင်ကျေးရွာရှိ မြို့လုလင်လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာတို့တွင် လူမှုအကျိုးပြုလုပ်ငန်းများ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း၊ အူရီဒူးမြန်မာမှ ပညာရေးဖွံ့ဖြိုးတိုးတက်စေရန် ငွေကျပ် သိန်း ၃၀၀၊ ကွန်ပျူတာများနှင့် မိုဒန်ကိရိယာကို မကွေးတိုင်းဒေသကြီးအတွင်းရှိ လူမှုအဖွဲ့အစည်း ၃ ဖွဲ့သို့ ကူညီလှူဒါန်းပေးခဲ့သည်။

အူရီဒူးမြန်မာ၏ CEO ဖြစ်သော Mr. Vikram Sinha က "အူရီဒူးအနေဖြင့် "မိနစ်များများပြောလေ အူရီဒူးက များများလှူပေးလေ" ဆိုသည့် လူမှုအကျိုးပြုအစီအစဉ်အောင်မြင်မှုအတွက် အလွန်ဝမ်းသာပီတိဖြစ်ရပါတယ်။ အူရီဒူးဝန်ဆောင်မှုကို အသုံးပြုများအနေနဲ့ အချင်းချင်း ဖုန်းဆက်သွယ်ခေါ်ဆိုလိုက်ရုံနဲ့ အူရီဒူးမှ အလှူလုပ်ပေးနိုင်ဖို့ အစပျိုးပေးလိုက်တာပါ။ အခုပြုလုပ်တဲ့ လူမှုအကျိုးပြုလုပ်ငန်း လုပ်ဆောင်ပေးနိုင်ဖို့အတွက် ဦးဆောင်ဦးရွက်ပြုပေးလိုပါတယ်"ဟု ပြောကြားသည်။

အူရီဒူးမြန်မာအနေဖြင့် လူမှုအကျိုးပြုလုပ်ငန်းများကို မြန်မာနိုင်ငံအနှံ့အပြားတွင် ဒေသဆိုင်ရာပြည်သူများ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ပြည်သူလူထုနဲ့အတူ လက်တွဲလုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ကျော်ကျော်

# နည်းပညာတက္ကသိုလ်ကျောင်းသားများအတွက် အလုပ်ခွင်လေ့လာမှု အစီအစဉ် တယ်လီနော ဆောင်ရွက်

မြန်မာနိုင်ငံရှိ လူငယ်များနှင့် တက္ကသိုလ် ကျောင်းသူ/ကျောင်းသားများ၏ တွေးခေါ်လုပ်ကိုင်နိုင်စွမ်း မြင့်မားစေရေးနှင့် လုပ်ငန်းဆိုင်ရာ ဗဟုသုတများ၊ တိုးတက်ပွားများစေရေး အထောက်အကူပြုစေရန် နည်းပညာတက္ကသိုလ် ကျောင်းသူ/ကျောင်းသားများအတွက် အလုပ်ခွင်လေ့လာမှု အစီအစဉ်ကို တယ်လီနောက ဆောင်ရွက်ပေးလျက်ရှိသည်။

အောက်တိုဘာလ ၁၆ နှင့် ၁၇ ရက်များက ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်မှ တတိယနှစ် ကျောင်းသူ ကျောင်းသား ၁၄၀ ဦးသည် အလုပ်ခွင် လေ့လာမှုအဖြစ် တယ်လီနောမြန်မာ၏ ရန်ကုန်ရုံးချုပ်သို့ လာရောက်လေ့လာခဲ့ကြကြောင်း ကျောင်းသူ/ကျောင်းသားများသည် တယ်လီနော၏ မြန်မာနိုင်ငံတွင်း လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ကုမ္ပဏီ၏ လုပ်ငန်း ဆောင်ရွက်ပုံနည်းနာများ၊ လူငယ်နှင့် တက္ကသိုလ်ကျောင်းသားများအတွက် တယ်လီ နောက ဆောင်ရွက်ပေးနေသော လေ့လာပညာရယူနိုင်မည့် အခွင့်အလမ်းများနှင့် အိုင်တီဝန်ဆောင်မှုများ ကို စီမံခန့်ခွဲခြင်းနှင့် တယ်လီဖုန်း ဆက်သွယ်ရေးကွန်ရက်ဆိုင်ရာ အကြောင်းအရာများကို လေ့လာခဲ့ကြသည်။

"လုပ်ငန်းခွင် လေ့လာရေး အစီအစဉ်တွေဟာ လက်တွေ့လုပ်ငန်းခွင်တွေမှာ အမှန်တကယ် လက်ရှိအသုံးချနေကြတဲ့ နောက်ဆုံးပေါ် နည်းပညာတွေနဲ့ မိတ်ဆက်ပေးနိုင်သလို လူငယ်တွေအတွက် အနာဂတ်မှာ ရရှိနိုင်မယ့် လေ့လာသင်ယူမှုနဲ့ အလုပ်အကိုင် အခွင့်အလမ်းတွေနဲ့ပါ ထိတွေ့မှုရှိစေမှာဖြစ်တဲ့အတွက် တယ်လီနောအနေနဲ့ အခုလို လုပ်ငန်းခွင် လေ့လာရေးအစီအစဉ်တွေကို လက်ခံဆောင်ရွက်ပေးနိုင်တဲ့အပေါ် ဝမ်းမြောက်မိပါတယ်။ အခုလို အလုပ်ခွင်လေ့လာရေး အစီအစဉ်တွေကို တယ်လီနောနဲ့ပူးပေါင်းဆောင်ရွက်မှုသဘောတူ စာချုပ်ချုပ်ဆိုထားရှိတဲ့ ကျောင်းသူ/ကျောင်းသားတွေအတွက်ကိုလည်း စီစဉ်ဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။ တယ်လီနောအနေနဲ့ အနာဂတ်မှာ လူငယ်တွေ ကျောင်းသူကျောင်းသားတွေ တွေးခေါ်လုပ်ကိုင်နိုင်စွမ်း မြင့်မားလာအောင် ကူညီဆောင်ရွက်မှုတွေကို ဆက်လက် ပြုလုပ်နေမှာဖြစ်ပါတယ်"ဟု တယ်လီနောမြန်မာ၏ Chief People Officer ဖြစ်သူ Ronny Bakke-Naevdal က ပြောကြားသည်။

ကျော်ကျော်

# အင်တာပရိုက်လုပ်ငန်းရှင်များအတွက် ဒစ်ဂျစ်တယ် အထောက်အကူပြုဝန်ဆောင်မှုကို မြန်မာနိုင်ငံတွင် ပထမဦးဆုံးပေးအပ်

အူရီဒူး၏ စီးပွားရေးလုပ်ငန်းရှင်များအတွက် ဝန်ဆောင်မှုဌာနက ကမ္ဘာ့အဆင့်မီဒီဂျစ်တယ်စနစ်ကို အသုံးပြုပြီး အကောင်းဆုံးသော နိုင်ငံတကာစံချိန်စံနှုန်းအတွေ့အကြုံရရှိရန် ပိုမိုကောင်းမွန်သည့် ဝန်ဆောင်မှုအသစ်ကို မိတ်ဆက်ပေးလိုက်ကြောင်း ဝန်ထမ်းများ၏ မိုဘိုင်းဖုန်းအသုံးပြုမှုကို ရုံးမှနေ၍ self-care module ကို အချိန်မရွေး အသုံးပြုပြီး ပိုမိုကောင်းမွန်စွာ စီမံခန့်ခွဲနိုင်ရန်နှင့် မျှတစွာဆောင်ရွက်နိုင်ရန်အတွက် ကိုယ်ပိုင်လုပ်ပိုင်ခွင့်နှင့် ထောက်ကူမှုကို စီးပွားရေးလုပ်ငန်းရှင်များအား ပေးအပ်ထားကြောင်း အူရီဒူး၏ စီးပွားရေးလုပ်ငန်းရှင်များအတွက် ဝန်ဆောင်ဌာနမှ ဆန်းသစ်သော ဒီဂျစ်တယ်ဝန်ဆောင်မှုတစ်ခုဖြစ်သည့် Enterprise Pack ကို ကိုယ်တိုင် အသုံးပြုနိုင်သည့် ဝန်ဆောင်မှုအဖြစ် ပေးအပ်ထားကြောင်းသိရသည်။

အူရီဒူး၏ စီးပွားရေးလုပ်ငန်းသုံး အစီအစဉ်အသုံးပြုထားသောဆင်းကတ်များစွာကို အဆိုပါ ဝန်ဆောင်မှု၌ အသုံးပြုပြီး ခွင့်ပြုငွေလက်ကျန်စစ်ဆေးခြင်း၊ ဝန်ထမ်းများ၏ လိုအပ်ချက်ပေါ် မူတည်ပြီး ဒေတာအသုံးပြုခွင့် ပေးအပ်ခြင်း (အကယ်၍ group data ကို အသုံးပြုထားပါက) ကုမ္ပဏီ၏ မိုဘိုင်းအုပ်စုထဲသို့ ဆင်းကတ်နံပါတ်အသစ်များထည့်သွင်းခြင်းနှင့် ပယ်ဖျက်ခြင်း၊ ဝန်ထမ်းများမှ ထပ်ဆောင်းဝန်ဆောင်မှုများကို ၎င်းတို့ကိုယ်တိုင် ရယူခြင်း (သို့) ပယ်ဖျက်ခြင်းတို့ကို သုံးစွဲသူဝန်ဆောင်မှုဌာနသို့ ဖုန်းဆက်စရာမလိုဘဲ မိမိကိုယ်တိုင် ရယူခြင်း၊ ပယ်ဖျက်ခြင်းပြုလုပ်ပြီး စီမံခန့်ခွဲနိုင်သည်။ ကိုယ်တိုင်စီမံခန့်ခွဲနိုင်စွမ်းသည် သုံးစွဲသူများအတွက် လုပ်ပိုင်ခွင့်နှင့်အတူ လုပ်ငန်းအဖွဲ့အစည်းအနေဖြင့် ၎င်းတို့၏ ဆက်သွယ်ရေးအသုံးစရိတ်များကို အချိန်မရွေး စီမံခန့်ခွဲနိုင်ရန် ဒေတာလိုအပ်လာပါက သုံးစွဲသူဝန်ဆောင်မှုဌာနသို့ ဆက်သွယ်စရာမလိုဘဲ လိုအပ်သည့်ဒေတာပမာဏကို ကိုယ်တိုင်စီမံခန့်ခွဲပြီး ထပ်မံဖြည့်ပေးနိုင်သည်။

ထို့အပြင် "Enterprise Pack" ကို အသုံးပြုပြီး အမိကအရေးပါသော အချက်အလက်များဖြစ်သည့် ဖုန်းလက်ကျန်ငွေစာရင်း၊ ကြွေးကျန်စာရင်း၊ သတ်မှတ်ထားသော ကနဦးအသုံးပြုခွင့်၊ အသုံးပြုနိုင်သော ဖုန်းငွေပမာဏ၊ Post-paid အသုံးပြုသူများအနေဖြင့် ငွေပေးသွင်းရန် နောက်ဆုံးရက်ကို ကြည့်ရှုစစ်ဆေးနိုင်မည်ဖြစ်ကြောင်း လက်ကျန်ဒေတာအပါအဝင် အုပ်စုလိုက်နှင့် ဝန်ထမ်းများအသုံးပြုထားသော ဒေတာနှင့် ဖုန်းခေါ်ဆိုအသုံးပြုထားခြင်းကို သတ်မှတ်ထားသော စာမျက်နှာတွင်လည်းကောင်း မှတ်တမ်းအဖြစ်သိမ်းဆည်းထားရန် download မပြုလုပ်၍လည်း အစီရင်ခံစာထုတ်ပြန်ချက်ကို ရယူနိုင်သည်။

အူရီဒူးမြန်မာ၏ Cheif Business & Wholesales Officer ဖြစ်သူ Mr. Anadi Agnihotri က " Enterprise Pack ဟာဆိုရင် အူရီဒူး၏ စီးပွားရေးလုပ်ငန်းရှင်များအတွက် ဝန်ဆောင်မှုဌာနမှ ၎င်း၏ ဂတိအတိုင်း စီးပွားရေးလုပ်ငန်းများ ပိုမိုတွင်ကျယ်မြန်ဆန်စွာ လုပ်ဆောင်နိုင်ရန်အတွက် နောက်ဆုံးပေါ် နည်းပညာများကို အသုံးပြုပြီး ဝန်ဆောင်မှုရယူထားသူများအတွက် ကိုယ်ပိုင်လုပ်ပိုင်ခွင့်နှင့် ထောက်ကူမှုကို ပေးအပ်နိုင်မည့်ဝန်ဆောင်မှုပေးထားပါတယ်။ ယခု ဝန်ဆောင်မှုပေးလိုက်တဲ့ Enterprise Pack ဟာဆိုရင် အူရီဒူးကနေ သုံးစွဲသူများကို ကတိပြုထားသည့်အတိုင်း သုံးစွဲသူများ၏ စိတ်ကျေနပ်မှုနှင့် ကိုယ်တိုင်လုပ်ပိုင်ခွင့်ရရှိနိုင်တဲ့ ဝန်ဆောင်မှုတစ်ခု ဖြစ်ပါတယ်။" ပြောကြားသည်။

လိုင်းတည်ငြိမ်၍ ယုံကြည်စိတ်ချရသည့် ကွန်ရက်နှင့်အတူ ပိုမိုကောင်းမွန်သည့် အရည်အသွေးမြင့် ဝန်ဆောင်မှုကို ရယူလိုသည့် စီးပွားရေးလုပ်ငန်းများအနေဖြင့် အူရီဒူးမြန်မာ၏ စီးပွားရေးလုပ်ငန်းသုံး ဝန်ဆောင်မှုအကြောင်း ပိုမိုအသေးစိတ်သိရှိလိုပါက အူရီဒူးမြန်မာ ဖုန်း ၀၉၉၇၀၀၀၀၂၃၄ သို့ ဆက်သွယ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ကျော်ကျော်

# THE BEAUTY VIEW AND FULL MOON NIGHT OF TAZAUNGMON
























# ယာဉ်မောင်းသူများ သတိပြုဆင်ခြင်ရမည့် ယာဉ်လမ်းကြောအသုံးပြုပုံများ

နှစ်လမ်းမောင်းလမ်းမှ တစ်လမ်းမောင်းလမ်းသို့ ချိုးကွေ့စဉ် ယာဉ်တိုက်ခြင်း။


**နှစ်လမ်းမောင်းလမ်းမှ တစ်လမ်းမောင်းလမ်းသို့ ဝဲဘက်ချိုးကွေ့လျှင် ဝဲဘက်ယာဉ်ကြောသို့သာ ကွေ့ဝင်ရမည်။**




၁၉၈၉ ခုနှစ် မော်တော်ယာဉ်နည်းဥပဒေ - ၁၄၈ (ဃ)

မီးပွိုင့်ပျက်စဉ် ယာဉ်တိုက်ခြင်း။


**လမ်းဆုံတွင် မီးပွိုင့်ပျက်နေစဉ် ဦးစားပေးလမ်းမှလာသောယာဉ်အား ဦးစားပေးမောင်းနှင်ရမည်။**




၁၉၈၉ ခုနှစ် မော်တော်ယာဉ်နည်းဥပဒေ - ၁၄၉ (ခ)

အဝိုင်းပတ်တွင် တိုက်ခြင်း ။


**အဝိုင်းပတ်တွင် အပြင်ယာဉ်ကြောမှ အဝိုင်းပတ်ပြီး ယာဉ်ကြောပြောင်းသည့်အခါ သတ်မှတ်သည့် ယာဉ်ကြောမှသာ မောင်းနှင်ရမည်။**




၁၉၈၉ ခုနှစ် မော်တော်ယာဉ်နည်းဥပဒေ - ၁၃၄ (က)

ဝိုင် ပုံသဏ္ဌာန်လမ်းဆုံတွင် ယာဉ်တိုက်ခြင်း။


**ဝိုင် ပုံသဏ္ဌာန်လမ်းဆုံတွင် လမ်းမကြီးမှလာသောယာဉ်အား ဦးစားပေး မောင်းနှင်ရမည်။**




၁၉၈၉ ခုနှစ် မော်တော်ယာဉ်နည်းဥပဒေ - ၁၄၉ (ခ)

အိမ်ခြံဝင်းအတွင်းမှ နောက်ဆုတ်ထွက်၍ ယာဉ်တိုက်ခြင်း။


**လမ်းမတွင်သွားလာနေသော ယာဉ်မရှင်းဘဲ အိမ်(သို့)ခြံဝင်းအတွင်းမှ နောက်ဆုတ်မထွက်ရ။**




၁၉၈၉ ခုနှစ် မော်တော်ယာဉ်နည်းဥပဒေ - ၁၅၁(ဃ)

နှစ်လမ်းမောင်းနှင့် တစ်လမ်းမောင်း ဆုံရာတွင် ယာဉ်တိုက်ခြင်း။

**မိမိ လက်ဝဲဘက်မှလာသောယာဉ်အား ဦးစားပေး မောင်းနှင်ရမည်။**




၁၉၈၉ ခုနှစ် မော်တော်ယာဉ်နည်းဥပဒေ - ၁၄၈(ဆ)

တီ ပုံသဏ္ဌာန်လမ်းဆုံတွင် ယာဉ်တိုက်ခြင်း။


**သတ်မှတ်ယာဉ်ကြောအတိုင်း မောင်းနှင်ရမည်။**



၁၉၈၉ ခုနှစ် မော်တော်ယာဉ်နည်းဥပဒေ - ၁၃၄(က)

လမ်းမကြီးနှင့် လမ်းသွယ်ဆုံရာတွင် ယာဉ်တိုက်ခြင်း။

**လမ်းသွယ်မှထွက်သောယာဉ်သည် လမ်းမကြီးမှလာသောယာဉ်အား ဦးစားပေးမောင်းနှင်ရမည်။**




၁၉၈၉ ခုနှစ် မော်တော်ယာဉ်နည်းဥပဒေ - ၁၄၉(ခ)

ကျော်တက်ရာမှ တစ်ဘက်ယာဉ်ကြောသို့ ရောက်ရှိပြီး ယာဉ်တိုက်ခြင်း ။


**ရှေ့ယာဉ်အားကျော်တက်ရာတွင် တစ်ဘက်ယာဉ်ကြောသို့ ရောက်ရှိခြင်းမရှိဘဲ မိမိယာဉ်ကြောတွင်း၌သာ ကျော်တက်ရမည်။**



၁၉၈၉ ခုနှစ် မော်တော်ယာဉ်နည်းဥပဒေ - ၁၃၄ (က)

လမ်းလည်တွင် မျက်နှာချင်းဆိုင် တိုက်ခြင်း။

**ယာဉ်အား လက်ယာဘက်သို့ ကပ်၍မောင်းနှင်ရမည်။**



၁၉၈၉ ခုနှစ် မော်တော်ယာဉ်နည်းဥပဒေ - ၁၄၁

ကျော်တက်၍ ယာဉ်တိုက်ခြင်း။

**ရှေ့ယာဉ်အား ကျော်တက်လိုလျှင် သင့်တော်သောအကွာဝေးမှ အခြားယာဉ်အား အနှောက်အယှက်မဖြစ်စေဘဲ ကျော်တက်ရမည်။**



၁၉၈၉ ခုနှစ် မော်တော်ယာဉ်နည်းဥပဒေ - ၁၄၆ (ခ)

ရပ်ထားရာမှ ထွက်၍ယာဉ်တိုက်ခြင်း ။

**ရှေ့၊ နောက်၊ ဝဲ၊ ယာ ယာဉ်မရှင်းပဲရပ်ထားရာမှ ထွက်သဖြင့် ယာဉ်တိုက်မှု ဖြစ်သွားရခြင်းဖြစ်သည် ။**



၁၉၈၉ ခုနှစ် မော်တော်ယာဉ်နည်းဥပဒေ - ၁၇၂

# စက္ကူမြင်း တောင်တွင်းရထား

**မောင်သစ်တည်**

**(ရင်ခုန်ပွင့်၊ စက်တင်ဘာ၊ ၁၉၈၈)**

အို တောင်တွင်းရထား
အို ကြေးနီရထား
အို နတ်မောက်ရထား
အို မြို့သစ်ရထား
ပျဉ်းမနားမှ နဂါးတစ်ကောင်
ပူလောင်အငွေ့ ဝေ့ပတ်မှုတ်ထုတ်
တဂျုတ်ဂျုတ်နဲ့ အသော့ခုတ်မောင်း
မညောင်းမညာ ကဗျာဆရာအတွေး
စကြဝဠာပတ်ပြေးသလို
တာဝေးအပြေးချန်ပီယံ
ဗင်ဂျွန်ဆန် နလုံးခုန်သံလို
မှန်မှန်စည်းချက်
ဂျောက်ဂျောက်သံပေးရင်းနဲ့
လယ်ဝေးဘူတာရဲ့
မြူလွှာတွေခြုံသလိုဖြစ်နေတဲ့
ဖုန်ထူထူတွေကြားထဲမှာ ရပ်လိုက်တယ်။

ပျဉ်းကတိုးတုံး ကျွန်းတုံး
အင်ကြင်းတုံး သစ်ရာတုံး
သစ်မာတုံး ပိတောက်တုံး
မျောက်ချောတုံး တမလန်းတုံး
ဘာတုံး ညာတုံးမှန်းမသိတဲ့
သစ်လုံးတွေကြားထဲမှာ ဖားသူငယ်လို
ဘူတာအိုကလေး ပင့်ကူမြွေးယှက်
အိပ်စက်နေရာက လန့်နိုးလာပြီး
ဂျမဒါတစ်ယောက် ဝေါက်ခနဲအသာထ
လာသမျှခရီးသည်
လက်မှတ်ဝယ်ကြ
နောင်ကျမှလက်မှတ်မပါ
ရှက်စရာလူတွေ မဖြစ်ကြစေနဲ့လို့
တဖွဖွအော်ရင်း အချင်းချင်းပြောင်ပြက်
ဂျွတ်တက်နေတဲ့ သံချောင်းကို
တဂျောင်းဂျောင်းမြည်အောင်ခေါက်လိုက်တယ်။

ရထားပလက်ဖောင်း
ဘယ်ပြောင်းထားသလဲမသိ
ယိုင်တီယိုင်တိုင်နဲ့ ငိုမဲ့မဲ့ရထားကြီးက
လဲရာကထလာတဲ့ပုံ
တုန်တုန်ချည့်ချည့် နွမ်းရိမောဟိုက်
အိပ်ငိုက်ရာကထပြီး
ခရီးဆက်တော့မယ့်အလုပ်
ကသီကရီအထုပ်အပိုး မနိုင့်တနိုင်
မဝံ့တပီ ထမီချုပ်ရိုးမခိုင့်တခိုင်နဲ့
မိန်းမတစ်ယောက်
ရထားပေါက်မှာတိုးလို့တွဲလောင်း
တောင်းတွေပလုံးတွေကို
အတင်းထိုးတင်ရင်း
ဟဲ့ သေခြင်းဆိုး
အရင်တစ်ခေါက်တုန်းကလည်း
ဒူးတွေပြဲခေါင်းတွေကွဲလို့
ရင်ဆို့လောက်ရှိတဲ့ရထားတွဲပေါ်ကို
မနည်းတက်ခဲ့ရတယ်
အခုတစ်ခေါက်လည်းဆိုပြီး
အဆဲ ကောင်းချီးသြဘာပေးနေတယ်။

ဖုတ်တထောင်းထောင်းနဲ့
လှည်းကြမ်းမောင်းသလိုခုန်နေတဲ့
တောင်တွင်းရထားဟာ
ရိုးပြတ်လယ်ကွင်းတွေ
နေကြာခင်းတွေ
သစ်တောစိုက်ကွင်းတွေ
ကြံခင်းတွေ
အင်ကြင်းတောတွေကိုဖြတ်ပြီး
ရိုးမအစပ်ကိုဝင်ခဲ့တယ်။

တိမ်ကလဲ ပြာ တောင်ကလဲ ပြာလို့
ရေကလဲ ပြာ မြေလဲ ပြာလို့
တောကလဲ ပြာ မြူလဲ ပြာလို့
ကဗျာဆရာ ဘလော့ရဲ့
ဝင်းပသောလေဆိုတာကို
ငါမမြင်ခဲ့ဖူးပေမယ့်
အလယ်ရိုးမတောင်ခြေက
အပြာရောင်လေကိုတော့
ငါမြင်ခဲ့ဖူးပြီပေါ့။

ပုလွေးချောင်းတံတားကို အဖြတ်
မတ်တပ်ရပ်လျက်က
ငုံ့ကြည့်လိုက်တော့
အနားကော့လန်နေတဲ့
ကျွန်းရွက်ခြောက်တစ်ရွက်
ယက်ကန်ယက်ကန်နဲ့
ချောင်းရေစီးသန်သန်မှာ
မျောပါသွားလေရဲ့

အို ကျွန်းရွက်
အသင်ဘယ်ဘက်ကိုသွားနေသလဲ
ဘယ်ကွေ့ကို ဘယ်တက်နဲ့ လှော်မလဲ
ဘယ်မှော်ကို ဘယ်လိုရှောင်မလဲ
ဘယ်သောင်ကို ဘယ်လိုရှဲမလဲ
ဘယ်ဝဲကို ဘယ်လိုဖြတ်မလဲ
ချောင်းဖျားအစ
မလိခက ဆင်းလာတဲ့သင်ဟာ
ပင်ပန်းချင်ပင်ပန်း
ထွက်လာတဲ့ခရီးကြမ်းကိုတော့
လမ်းဆုံးအောင်သွားရလိမ့်မယ်။

တောင်တွင်းရထားပေါ်မှာလဲ
သဲသဲလှုပ်နေတဲ့ ကျွန်းရွက်ခြောက်တွေ
ကျွန်းရွက်ခြောက်တွေ
ထန်းခေါက်ဖာကိုပိုက်သူပိုက်
သံသေတ္တာကို နိုက်သူကနိုက်
တချို့အိပ်ငိုက်သူကငိုက် အိပ်သူကအိပ်
ပုတီးစိပ်သူက စကားမပြော
စကားပြောသူက သောသောညံ
သူတို့စကားသံတွေထဲမှာ
ဆန်ဈေးအကြောင်း
ကြံဈေးအကြောင်း
သားဈေးအကြောင်း
ငါးဈေးအကြောင်း
သစ်ဈေးအကြောင်း
မှျစ်ဈေးအကြောင်း
ပဲဈေးအကြောင်း
ကျွဲဈေးအကြောင်း
ထန်းလျက်ဈေးအကြောင်း
ဝက်ဈေးအကြောင်း
အရက် ဈေးအကြောင်း
သမက်ဈေးအကြောင်း
ဆားဈေးအကြောင်း
နွားဈေးအကြောင်း
ဘုရားဈေးအကြောင်း
ဆီဈေးအကြောင်း
ထဘီဈေးအကြောင်း
နေ့ပြန်ပေးအကြောင်း
ပဲဖော်ပေးအကြောင်း
အမတော်ကြေးအကြောင်း
ဂိတ်ကြေးအကြောင်း
ဝင်ကြေးအကြောင်း
လစဉ်ကြေးအကြောင်း
ဘာကြေးအကြောင်း
ညာကြေးအကြောင်း
အကြောင်းပေါင်းစုံ
ဈေးပေါင်းစုံကြေးပေါင်းစုံ။
လက်မှတ်တစ်စောင်စီမှာ
အကြောင်းကိုယ်စီ ပြဿနာကိုယ်စီနဲ့
ပြဿနာပေါင်းစုံကို
စုပြုံတင်လာတဲ့ရထားကြီး
တံတားတစ်ခုပြီးတစ်ခုဖြတ်
ဘူတာတစ်ခုပြီးတစ်ခုရပ်တန့်
ဒလန်ချွန်
ကန်သာ
သစ်ပုတ်ပင်
ရေနွေးငွေ့ကို ဖက်ကြိုးတပ်ခါစ
ဆယ့်ကိုးရာစုနှစ် အစက
ပထမဆုံးမီးရထားကြီးဟာ
ခွာမလိပ် ခြေမညောင်း
သုံးချောင်းထောက်ပြေးရာက
အသားကျပြေး
အသားကျပြေးရာက ကဆုန်ပေါက်
ကဆုန်ပေါက်ကခုန်းစိုင်းတော့
မြင်းရိုင်းကိုအောင်မြင်စွာ
ဖက်ခွ့နိုင်ပြီဆိုပြီး
သံမဏိမြင်းကြီး သံမဏိမြင်းကြီးလို့
ခေါ်ခဲ့ကြတယ်။

အင်း........
တောင်တွင်းကိုသွားတဲ့မြင်းပါပဲ
သံမဏိမြင်းတော့ သံမဏိမြင်းပါပဲ
ဒါပေမယ့် ပြတင်းကရွဲ့
တံခါးကပဲ့ပြီး သံချေးတက်လက်ကိုင်
ထိုင်ခုံက ကျိုး
အမိုးက ဆန်ကာပေါက်မရပွ
အကာက ဆေးရောင်ပျက်
မျက်နှာကြက်နဲ့အမိုးကြားမှာ
တူပုန်းတမ်းကစားကြလို့
တချို့ပဲ့ တချို့ပောင်းလောင်း
စိတ္တဇပန်းချီကားကောင်း တစ်ခုကို
ကြည့်ရသလိုပါပဲ။

သံမဏိမြင်း တောင်တွင်းရထားဟာ
တံတားတွေဖြတ် ဘူတာစဉ်ရပ်
ရိုးစပ်ကိုဝင် လွင်ပြင်ကိုဆင်းလာခဲ့တယ်။
တောင်တွင်းရောက်တော့
တဒေါက်ဒေါက်ပြေးလာတဲ့
သံမဏိမြင်းကြီးဟာ
အသက်ကိုမှူးမှူးသာရှူတော့တဲ့
စက္ကူမြင်းကြီးဖြစ်သွားရာတယ်။
စက္ကူမြင်းကြီးပေါ်ကကျွန်းရွက်တွေ
ဘဝအထွေထွေ အနေအမျိုးမျိုး
ရိုးမတစ်ကြောက သစ်ခုတ်သမားလဲပါရဲ့
ယာသမားနဲ့ ကြံတောင်သူ
ဆန်မှောင်ခိုသူလည်းရှိ
အလှူရေစက်ချ ပစ္စည်းဝယ်သူ
တစ်နယ်က မိဘကိုကန်တော့ပြန်လာသူ
ရန်ကုန်သွားပြီး ပင်စင်လျှောက်သူ
ကျောက်ကုန်းကူးသူ
အမှုသမားက လျှက်ဆားသည့်ဆီမှာ
နမူနာတောင်းလို့။


ဖြူပြာပြာ အသားပေါ်မှာ
ပါးကွက်ကျား ထူထူ
မျက်နှာထားစူစူနဲ့ တောသူမလေး
အဝေးကတောရိပ် တောင်ရိပ်တွေကို
ကြည့်လိုက်
ငေးလိုက်
တွေးလိုက်။
သူ ဘာတွေကိုတွေးနေတယ်ထင်သလဲ
ဆရာတင်ရဲ့ရွှေပြည်စိုးကိုညည်းရင်း
ရှံ့တွေ ကပ်စေးကပ်စေး ပုတီးလုပ်ကာ
အုန်းမှုတ်ခွက်ကိုဆင်ကာ
ဒေါ်လာပြားကို
ဆယ့်ငါးပြားလောက်ဆွဲချင်တာလို့
အသံဝါကလေးနဲ့
ညည်းမယ်ထင်သလား။
မဟုတ်ဘူး
ခိုင်ထူးရဲ့သီချင်းတစ်ပုဒ်ကို
ပြန်ဆိုထားတဲ့
မနေ့ညကပြဇာတ်မင်းသားရဲ့
စကားချိုပလီနဲ့ ပျားချိုရည်ကို
လွမ်းနေတာ။
အကြမ်းအနု နှစ်ခုစလုံးပိုင်တဲ့
ဒိုင်ဗင်တွေအိုင်တင်တွေ
ဖိုက်တင်တွေကိုလွမ်းနေတာ။

သူ့ဘေးမှာလူမမာတစ်ယောက်
ဘာဘူစောင်စုတ်ကိုခြုံပြီး
သံပတ်ကုန်သွားတဲ့စက်ရုပ်တစ်ရုပ်လို
မလှုပ်မယှက် ငြိမ်သက်တိတ်ဆိတ်
လှဲအိပ်လာရင်း တဟင်းဟင်းညည်း
သီချင်းကြီးတစ်ပုဒ်ကို မဆိုတတ်ဆိုတတ်
ဖန်သားပြင်ပေါ်မှာ ကလို့ဇပ်ရရင်ရ
မရလဲမတ်တပ်ရပ်ပြရရင်
လူဖြစ်ရကျိုးနပ်ပြီဆိုတဲ့
အဆိုတော်ရှူးရဲ့ ညည်းသံမျိုးလို့။
ခြောက်ဟုတ်လား
ကင်ဆာတဲ့လား ရင်နာသတဲ့လား
ပျဉ်းမနားဆေးရုံမှာ
ဆေးစုံအောင်စား မေးတုန်အောင်ဖျား
သွေးကုန်အောင်စု
အရေးကုန် ကုခဲ့ပြီလား
သူ့ရောဂါကမသေး အနေးနဲ့အမြန်
ရက်ပိုင်းသာကျန်တော့သမို့
အိမ်ကိုပြန်ခေါ်ပြီး
ကျွေးချင်ရာကျွေးတော့လို့
ဆရာဝန်က ထင်မြင်ချက်ပေးလိုက်သတဲ့။

ဒီလိုနဲ့
စက္ကူမြင်းတောင်တွင်းရထားပေါ်မှာ
မျှော်လင့်ချက်မဲ့ရာကိုသွားနေတဲ့သူ
မျှော်လင့်ချက်ရှိရာကိုသွားနေတဲ့သူ
မရဏဆီကိုသွားနေတဲ့သူ
ဘဝဆီကိုသွားနေတဲ့
ဒီအထဲမှာ
ဘဝဆီကိုလဲမသွား
မရဏဆီကိုလဲမသွား
မျှော်လင့်ချက်ရှိရာကိုလဲမသွား
မျှော်လင့်ချက်မဲ့ရာကိုလည်းမသွားတဲ့
ဥပေက္ခာဝါဒီမိန်းမငယ်တစ်ယောက်
မှိုမောက်တဲ့ ရင်ခွင်မှာ
အခါလည်အရွယ်ကလေးငယ်ကိုပိုက်
လက်မောင်းညိုညွှယ်သွယ်နဲ့ပွေ့ချီ
အိမ်သာနံရံကိုမှီပြီး
မတ်တပ်ရပ်လိုက်လာတယ်။
မြို့တော်ရန်ကုန်က ဆေးရုံမှာ
ဂုန်နီအိတ်ပတ်ထားတဲ့သူယောက်ျားရဲ့
နံပါတ်ပြားထိုးထားတဲ့ အလောင်းကို
ပိုင်ရှင်မဲ့ အသုဘအဖြစ်
အမျှသာယူရစ်ကြပေတော့လို့
ထားပစ်ခဲ့ပြီး
ဝေးလံတဲ့ခရီးကြီးကိုထွက်လာခဲ့တယ်။

မနေ့ညနေခြောက်နာရီမှာ
ရန်ကုန်ဘူတာကြီးကထွက်ကတည်းက
သဲသဲလှုပ်လှုပ်လူအုပ်တွေကြားထဲမှာ
တိုးဝှေ့တက်လာခဲ့ပြီး
ရထားကြီးပေါ်ရောက်တော့
ဟိုလျှောက် သည်လျှောက်
ခေါက်တုံ့ ခေါက်ပြန်
အမြန်ရထားပေါ်မှာ
ထိုင်စရာထိုင်ခုံလိုက်ရှာတော့
သူ့လက်မှတ်မှာ ထိုင်ခုံနံပါတ်မရှိ
တွဲနံပါတ်မရှိ ဘာမှမရှိ
နတ္ထိ။
ပြည့်ကျပ်နေတဲ့လူသွားလမ်းမှာ
လမ်းလျှောက်စရာမရှိ
ဟိုကဗိ သည်ကဗိ
ဟိုကဆဲ သည်ကဆဲ
ထိုင်လို့မရလဲမရ ထလို့လဲမရ
ခြေချစရာကမရှိနဲ့
တအိအိတိုးလာတော့
နောက်ဆုံးမှာအိမ်သာဘေး
ခြေချစရာတစ်နေရာရလို့
အထုပ်ကိုချ
ကလေးငယ်ကို ခါးတစ်ခွချီတစ်လှည့်
ပွေ့ပိုက်ချီတစ်လှည့်
ဟိုစောင်း သည်စောင်း
တဂျောင်းဂျောင်းခုတ်နေတဲ့
ရထားကြီးပေါ်မှာ
မိုးချုပ်က မိုးလင်း
မိုးလင်းက နေထန်းတစ်ဖျား
နေထန်းတစ်ဖျားကနေ မွန်းလတ်
မွန်းလတ်က မွန်းတည့်
မွန်းတည့်က မွန်းတိမ်း
မွန်းတိမ်းက မွန်းယိမ်း
မွန်းယိမ်းက နေစောင်းသည်အထိ
ဒုက္ခ စရိယာကိုကျင့်လာတဲ့
ဥပေက္ခာဝါဒီ
ကဗျာဆရာငါဟာ
ဘာမဟုတ်တဲ့ကိစ္စလေးကို
တစ်ဆိတ်တစ်အိတ်လုပ်ရင်း
ငုတ်တုတ်ထိုင်ညည်းနေတယ်
ငါညည်းပေမယ့် ရထားကြီးကတော့
သွားမြဲသွားနေမှာပါပဲ။
ဒါပေမယ့်တောင်တွင်းရထားဟာ
သွားရင်းနဲ့ သံမဏိမြင်းမဟုတ်တော့ဘဲ
စက္ကူမြင်းဖြစ်သွားရာပြီ။
စက္ကူမြင်းကြီး ဂျုံးဂျုံးကျလို့
သံတိုသံစဖြစ်သွားတော့မှ
အဲဒီသံတိုသံစတွေကို အရည်ကျိုပြီး
ပိုအားကောင်းတဲ့
သံမဏိမြင်းတစ်ကောင်
ထူထောင်ရမှာပေါ့။
အိုတောင်တွင်းရထား
အိုကြေးနီရထား
အဲဒီအခါမှာ
သင့်အသွင်ထူးခြား
သဏ္ဌာန်ထူးခြား
နတ်မြင်းပျံလို့ မြူးကြွသည့်ဟန်
သင့်ခွာသံသည်
မိုးယံပဲ့တင် ထပ်စေသတည်း။ ။

**မောင်သစ်တည် (မြသန်းတင့်)**



ဆရာမြသန်းတင့်ကို ပခုက္ကူခရိုင်၊ မြိုင်မြို့၌ အဖဦးပေါ်တင့်၊ အမိ ဒေါ်လှိုင်တို့က ၁၉၂၉ ခု၊ မေလ ၂၃ ရက်တွင် မွေးဖွားခဲ့သည်။ မွေးချင်း ၇ ယောက်တွင် အကြီးဆုံးဖြစ်သည်။ အမည်ရင်းမှာ ဦးမြသန်းဖြစ်သည်။ ဇနီးသည်မှာ ဒေါ်ခင်မမဖြစ်သည်။ ဆရာမြသန်း တင့်သည် အသက် ၁၃ နှစ်အရွယ်တွက် ကျောင်းလက်ရေးမဂ္ဂဇင်းကို ဦးစီး ထုတ်ခဲ့သူဖြစ်သည်။ ရန်ကုန်တက္ကသိုလ် နှစ်လည်မဂ္ဂဇင်းကို ဦးစီးထုတ်ခဲ့သူဖြစ်သည်။ ရန်ကုန်တက္ကသိုလ် နှစ်လည် မဂ္ဂဇင်းတွင်လည်း အင်္ဂလိပ်စာ စာတည်းအဖြစ်ဆောင်ရွက်ခဲ့သည်။ ဆရာပထမဆုံးရေးသည့် "ဒုက္ခသည်" ဝတ္ထုမှာ ၁၉၄၉ ခုနှစ်တွင် တာရာမဂ္ဂဇင်း အတွဲ ၃၊ အမှတ် ၂၁ တွင် ပုံနှိပ်ဖော်ပြခံသည်။ ဆရာ၏ ပထမဆုံးဘာသာပြန်လက်ရာ "ဂေါ်ကီ၏" "မာလ်တနှင့် အခြားဝတ္ထုတိုများများ" ကို ၁၉၅၁ ခုနှစ်တွင် ကျော်လင်းစာပေမှ ဖြန့်ချိနိုင်ခဲ့ပြီး ပင်ကိုယ်ရေးလုံးချင်းဝတ္ထုဖြစ်သည့် "မေတ္တာအသေချ်" မှာ ၁၉၅၃ ခုနှစ်တွင် ထွက်ရှိခဲ့သည်။ ထို့နောက် "ခါးတောင်ကိုကျော်၍ မီးပင်လယ်ကိုဖြတ်မည်" "မာယာဘုံ" "လေရူးသုန်သုန်" "ပါရီကျဆုံးခန်း" "မိန်းမလှဥ္စီကာကျမ်း" "ရှားလော့ဟုမ်း၏အမှုတွဲ" "ရွှေပြည်တော်မျှော်တိုင်းဝေး" စသည်ဖြင့်အောင်မြင်သည့် ဘာသာပြန်နှင့် ပင်ကိုယ်ရေးလုံးချင်းများစွာ ထွက်ရှိသူဖြစ်သည်။ ဆရာသည် ၁၉၉၈ ခု၊ ဖေဖော်ဝါရီ ၁၈ ရက်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ကွယ်လွန်ခဲ့ရာ ကွယ်လွန်ချိန်တွင် ၆၉ နှစ် ရှိပြီဖြစ်သည်။

# ပြည်သူ့လွှတ်တော်တွင် ဒုတိယဝန်ကြီး ဦးကျော်မျိုးမှ ရှင်းလင်းဖြေကြား

တင်မောင် ပို/ဆက်





### ပြင်ဦးလွင်အနီးစခန်းလေဆိပ်သို့ လေယာဉ်ဆင်းသက်ပျံသန်းရန် အစီအစဉ်မရှိသေး

မန္တလေးတိုင်းဒေသကြီးပြင်ဦးလွင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်ခင်၏ "ရှမ်းပြည်နယ်မြောက်ပိုင်းဒေသနှင့် ပြင်ဦးလွင်မြို့နယ် ပြည်သူ/ ပြည်သားများ ခရီးသွားလာရာတွင် သက်သောင့်သက်သာမြန်ဆန်အဆင်ပြေစေရေး လူမှုစီးပွားအဆင်ပြေစေရေးအတွက် ပြင်ဦးလွင်အနီးစခန်းလေဆိပ်တွင် လေယာဉ်ခရီးစဉ်ပြုလုပ်ပေးပါရန် အစီအစဉ်ရှိ/ မရှိနှင့် စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းအပေါ် ပြန်လည်ဖြေကြားရာတွင် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်တွင် တည်ရှိသောအနီးစခန်း လေယာဉ်ကွင်းသည် ဒုတိယကမ္ဘာစစ်မတိုင်မီ အင်္ဂလိပ်များဖောက်လုပ်ခဲ့သော လေယာဉ်ကွင်းဖြစ်ပါသည်။ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် ဒါကိုတာလေယာဉ်များ တစ်လလျှင် (၂)ကြိမ်ခန့်နှင့် တပ်မတော် (လေ)မှ လေယာဉ်များ၊ လေယာဉ်ငယ်များဆင်းသက်ခဲ့သော် လည်း ၁၉၅၇ခုနှစ်နောက်ပိုင်းတွင် ပုံမှန်လေယာဉ်ဆင်းသက်မှုများ ရပ်ဆိုင်းသွားခဲ့ပါသည်။ အဆိုပါအနီးစခန်းလေယာဉ်ကွင်းကို ခေတ်အဆက်ဆက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားရေးဦးစီးဌာနက တာဝန်ယူထိန်းသိမ်းခဲ့ပါသည်။

အနီးစခန်းလေယာဉ်ကွင်း၏ မူလလေယာဉ်ပြေးလမ်းအလျား (၄၄၅၀) ပေ၊ အကျယ်ပေ (၂၀၀)ကို အလျားပေ (၁၀၀၀၀)ရရှိရန်မြောက်ဘက်သို့ တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၄ ခုနှစ် မတ်လတွင်စတင်ခဲ့ပြီး လေကြောင်းထိန်းမျှော်စင်နှင့် ခရီးသည်အဆောက်အဦးတည်ဆောက်ခြင်းလုပ်ငန်းများ အပါအဝင်၂၀၀၆ခုနှစ် ဖေဖော်ဝါရီလတွင် ပြီးစီးခဲ့ပါသည်။

အနီးစခန်းလေယာဉ်ကွင်းသို့ ခရီးသည်တင်ပုံမှန်လေယာဉ်ခရီးစဉ်များ ပျံသန်းခဲ့ခြင်းမရှိသော်လည်း မြန်မာအမျိုးသားလေကြောင်းနှင့် တပ်မတော် (လေ)မှ လေယာဉ်များဖြင့် အရေးကြီးပုဂ္ဂိုလ်ခရီးစဉ်၊ တပ်မတော်မှ စစ်ဆင်ရေးနှင့် သက်ဆိုင်သည့်ခရီးစဉ်များ ဆင်းသက်မှုအနေဖြင့် ၂၀၁၅ခုနှစ်တွင် (၅၂) ကြိမ်၊ ၂၀၁၆ခုနှစ်တွင် (၆၃)ကြိမ်၊ ၂၀၁၇ခုနှစ်ဩဂုတ်လအထိ (၅) ကြိမ် အသီးသီးဆင်းသက်ခဲ့ပါသည်။ လက်ရှိတွင်မြန်မာနိုင်ငံ၏ လေကြောင်းသယ်ယူပို့ဆောင်ရေးအတွက် ပြည်တွင်းလေကြောင်းလိုင်း (၁၀)လိုင်းဖြင့် ရန်ကုန်ပြည်ပြည်ဆိုင်ရာလေဆိပ်ကို အခြေပြု၍ မြို့ပေါင်း (၂၉)မြို့သို့ခရီးစဉ်များပျံသန်းပြေးဆွဲလျက် ရှိပါသည်။

ရန်ကုန်မှပြင်ဦးလွင်အနီးစခန်းလေဆိပ်သို့ အကွာအဝေးအားဖြင့် (၃၂၀) နော်တီကယ်မိုင်ရှိပြီး ATR လေယာဉ်ဖြင့် ခရီးစဉ်ပျံသန်းမည်ဆိုပါက ပျံသန်းချိန် (၁)နာရီ ၄၅မိနစ်အတွက် ကုန်ကျစရိတ် (operating cost) လေယာဉ်ငှားရမ်းခ၊ လေယာဉ်ဆီ၊ အာမခံကြေး၊ ဆင်းသက်ရပ်နားခ၊ လေကြောင်းထိန်းသိမ်းခ) မှာ ကျပ် ( ၇.၀၇၂)သန်း ခန့်ကုန်ကျမည်ဖြစ်ပါသည်။ ATR လေယာဉ်ဖြင့်ရန်ကုန်- ပြင်ဦးလွင်- ရန်ကုန် ခရီးစဉ်အသွား/အပြန် ခရီးစဉ်တစ်ခေါက်အတွက်ဆိုလျှင် စုစုပေါင်းခန့်မှန်းကျပ် (၁၄.၁၄၄)သန်း ကုန်ကျမည်ဖြစ်ပါသည်။ ATR လေယာဉ်သည်ခရီးသည် (၇၀)ဦး လိုက်ပါနိုင်ပါသဖြင့် ရန်ကုန်-ပြင်ဦးလွင်အသွားခရီးစဉ်အတွက် လေယာဉ်လက်မှတ်ခ တစ်ဦးလျှင်ကျပ် (၁၀၈၈၀၀)နှုန်းဖြင့် ထိုင်ခုံ (၆၅)ခုံ ရောင်းချမှသာလျှင် အရင်းငွေပြန်လည်ရရှိမည်ဖြစ်ပါသည်။

လက်ရှိတွင် ပြည်တွင်းလေကြောင်းလိုင်းများအနက် မြန်မာအမျိုးသားလေကြောင်း၊ ရွှေမြန်မာလေကြောင်းလိုင်း၊ အေးရှားဝင်းလေကြောင်းလိုင်း၊ အဲယားကမ္ဘောဇလေကြောင်းလိုင်း၊ မန်းရတနာပုံလေကြောင်းလိုင်း၊ ရန်ကုန်အဲဝေး(စ်) လေကြောင်းလိုင်းတို့မှ လားရှိုးမြို့သို့ခရီးစဉ်များ ပျံသန်းပြေးဆွဲလျက်ရှိရာ ၂၀၁၇ခုနှစ် ဇူလိုင်လအတွင်း လေကြောင်းလိုင်းများ၏ လားရှိုးခရီးစဉ် ခရီးသည်အနေဖြင့် ပျမ်းမျှ(၃၃)ဦးသာ ရရှိကြောင်းတွေ့ရှိရပါသည်။ ရန်ကုန်လားရှိုးခရီးစဉ်ရရှိမှု တွက်ချေမကိုက်ပါသဖြင့် မန္တလေး၊ ဟဲဟိုး၊ တာချီလိတ် စသည့် ခရီးစဉ်များတွင် ကျွန်းပတ်ခရီးစဉ်များအဖြစ် ပေါင်းစပ်ပျံသန်းကြလျက်ရှိပါသည်။

အဆိုပါလေယာဉ်ခရီးစဉ်များတွင် ပြင်ဦးလွင်ကိုထည့်သွင်းပြေးဆွဲရန်မှာလည်း အမိကဆင်းသက်သည့် မန္တလေးမှ လားရှိုးသို့ (၁၄၅) နော်တီကယ်မိုင်ရှိပြီး ATR လေယာဉ်ပျံသန်းချိန် (၅၅)မိနစ်ခန့်ဖြစ်ပါသည်။ အဆိုပါမန္တလေး- လားရှိုးခရီးစဉ်တွင် ပြင်ဦးလွင်ကို တစ်ဆင့်ခံပျံသန်းရန်မှာလည်း မန္တလေးမှပြင်ဦးလွင်သို့ (၄၀)နော်တီကယ်မိုင်ရှိပြီး ပျံသန်းချိန်အနေဖြင့် (၁၅)မိနစ်သာ ဖြစ်ပါသဖြင့် လေယာဉ်ခရီးစဉ်တစ်ရပ်အနေဖြင့် ပြေးဆွဲရန် မသင့်တော်သည့် အကွာအဝေးဖြစ်ပါသည်။

ရန်ကုန်မှာပြင်ဦးလွင်သို့ ကားလမ်းအတိုင်း (၄၂၆)မိုင်ခန့်ကွာဝေးပြီး လက်ရှိတွင် ရန်ကုန်ပြင်ဦးလွင် တိုက်ရိုက်ခရီးစဉ်ကို မော်တော်ယာဉ်လိုင်း (၁၂)လိုင်းမှအဆင့်မြင့်ခရီးသည်တင်ယာဉ်များဖြင့် နေ့စဉ်ပြေးဆွဲလျက်ရှိပါသည်။ ကားခအနေဖြင့် ကျပ် ၁၁၈၀၀မှ ကျပ် ၂၀၃၀၀ဈေးနှုန်းဖြင့် ပြေးဆွဲလျက်ရှိကြောင်း သိရှိရပါသည်။

မန္တလေးမှ ပြင်ဦးလွင်မြို့သို့လည်း နေ့စဉ် ဘတ်(စ်)ကား၊ ယာဉ်ကြီး၊ ယာဉ်ငယ်များဖြင့် အချိန်မရွေးပြေးဆွဲလျက်ရှိပါသည်။ ကားခအနေဖြင့် ကျပ် ၁၅၀၀မှ ကျပ် ၃၅၀၀နှုန်းဖြင့် ပြေးဆွဲလျက်ရှိကြောင်း ခရီးသွားချိန် ၂နာရီခန့် သိရှိရပါသည်။

ပြည်တွင်းလေကြောင်းလိုင်းများသို့ ပြင်ဦးလွင်မြို့သို့ ခရီးစဉ်များတိုးချဲ့ပျံသန်းပြေးဆွဲရန် အစီအစဉ်ရှိ/မရှိ မေးမြန်းခဲ့ရာ လေကြောင်းလိုင်းများအနေဖြင့် လက်ရှိပျံသန်းပြေးဆွဲနေသော ခရီးစဉ်များတွင် ခရီးသည်ရရှိမှုအချိုးနည်းပါးနေခြင်းကြောင့် ခရီးစဉ်သစ်များတိုးချဲ့ပြေးဆွဲမည်ဆိုပါက စီးပွားရေးအရ တွက်ခြေကိုက်မှုမရှိသည့်အတွက် အနီးစခန်းလေဆိပ်သို့ ဆင်းသက်ပျံသန်းရန် အစီအစဉ်မရှိသေးပါကြောင်း ပြန်လည်ဖြေကြားခဲ့သည်။

### အင်ဂျင်မြင်းကောင်ရေအား (၂၀) အထက်ရှိ ရေယာဉ်များကို စစ်ဆေးမှတ်ပုံတင်ရန် လုပ်ပိုင်ခွင့်တိုးမြှင့်သတ်မှတ်ပေးရန် မရှိသေး

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအုန်းခင်၏ "ပြည်တွင်းရှိ ကမ်းရိုးတန်းနှင့် မြစ်ချောင်းများအတွင်း ပို့ဆောင်ရေးလုပ်နေကြသော ရေယာဉ်များ၏ အင်ဂျင်မြင်းကောင်ရေ အင်အားကို (၂၀) အထိသာလျှင် တိုင်းအစိုးရတွင် လိုင်စင်လျှောက်ထားခွင့်ကို တိုးမြှင့်ပြင်ဆင်သတ်မှတ်ပေးရန် အစီအစဉ်ရှိ/ မရှိ" နှင့်စပ်လျဉ်း၍ ဖြေကြားရာတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် (၈. ၂. ၁၉၈၉)ရက်နေ့တွင် ကျင်းပသည့် အစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၅/၈၉)၏ သဘောတူညီချက်ဖြင့် (၁၀. ၃. ၁၉၈၉)ရက်နေ့မှစ၍ စက်မြင်းကောင်ရေ (၂၀) ထက်မပိုသော စက်တပ်ရေယာဉ်ငယ်များ စစ်ဆေးမှတ်ပုံတင်ခြင်းနှင့် ပတ်သက်သည့် လုပ်ငန်းခွင်ကို သက်ဆိုင်ရာမြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနများသို့ အပ်နှင်းခဲ့ပါသည်။ ထိုကဲ့သို့လုပ်ပိုင်ခွင့် အပ်နှင်းထားခြင်းအရ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများအနေဖြင့် စက်မြင်းကောင်ရေ (၂၀) ထက်မပိုသောရေယာဉ်ငယ်များ စစ်ဆေးမှတ်ပုံတင်ခြင်းနှင့် အရေးယူခြင်းကို ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည့် စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါစည်းကမ်းသတ်မှတ်ချက်များအရ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများမှ ခရီးသည်စုစုပေါင်း (၃၀)ဦးအထိ (သို့မဟုတ်) ကုန်အလေးချိန် ပိဿာ ၂၅၀၀အထိသာ တင်ဆောင်ခွင့်ပြုသော စက်တပ်ရေယာဉ်များကို စစ်ဆေးအရေးယူပိုင်ခွင့်ရှိပါသည်။

စက်မြင်းကောင်ရေ (၂၀) ထက်ပိုသောရေယာဉ်အမျိုးအစားများ တိုင်းတာစစ်ဆေးမှတ်ပုံတင်ခြင်းကိုမူ ပြည်နယ်နှင့်တိုင်းဒေသကြီး ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများက တိုက်ရိုက်ဆောင်ရွက်ပေးလျက်ရှိပါသည်။

စက်မြင်းကောင်ရေ (၂၀)ထက်မပိုသော ရေယာဉ်များကို တိုင်းတာစစ်ဆေးရာတွင် ရေယာဉ်များအန္တရာယ်ကင်းရှင်းရေးအတွက် ရေယာဉ်နှင့် စက်ပစ္စည်းများ ကြံ့ခိုင်မှုရှိ/ မရှိနှင့် ရေယာဉ်ဝန်ထမ်းများ သတ်မှတ်အရေအချင်းနှင့် ပြည့်မီမှုရှိ/ မရှိတို့ကို စစ်ဆေးဆောင်ရွက်ရသည့်အတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားရေးဦးစီးဌာန၏ စစ်ဆေးရေးအရာရှိ သင်တန်းတက်ရောက်အောင်မြင်ပြီးသော ပြည်နယ်နှင့် တိုင်းဒေသကြီးရုံးများရှိ စစ်ဆေးရေးအရာရှိများမှ ပုံစံအမျိုးအစားကွဲပြားသော ရေယာဉ်များအလိုက် အတိုင်းအတာများကို သင်တန်းမှ ရရှိခဲ့သော ပညာနှင့် အတွေ့အကြုံများကို အခြေခံ၍ ကိုယ်တိုင်ကိုယ်ကျတိုင်းတာ၍ တင်ဆောင်နိုင်သည့် တန်ချိန်များတွက်ချက်ပေးရပါသည်။

ထို့အပြင် မြင်းကောင်ရေ (၂၀) အထက်ရေယာဉ်များအတွက် ၂၀၁၅ ခုနှစ် (၁၉. ၅. ၂၀၁၅)တွင် ပြဋ္ဌာန်းခဲ့သည့် ပြည်တွင်းရေကြောင်းသွားရေယာဉ် ဥပဒေနှင့်အညီ ရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်းလက်မှတ် (Safety Certificate) လိုအပ်ပါသည်။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သော တိုင်းတာရေးအရာရှိ (Surveyor) များနှင့် စစ်ဆေးရေးအရာရှိ (Inspector) များကသာ သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီးများအတွင်း တိုင်းတာစစ်ဆေးဆောင်ရွက်ပြီးမှ ရေယာဉ်အန္တရယ်ကင်းရှင်းကြောင်းလက်မှတ် ထုတ်ပေးရပါသည်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများတွင် ထိုကဲ့သို့ဆောင်ရွက်နိုင်ရန် ကျွမ်းကျင်သူများ မရှိသေးပါ။

၂၀၁၅ခုနှစ် (၅. ၃. ၂၀၁၅)တွင် ပြဋ္ဌာန်းခဲ့သည့် မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေအရ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် ရေယာဉ်အမျိုးအစားအားလုံးအတွက် လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ထုတ်ပေးခြင်းကို ပြည်နယ်နှင့်တိုင်းဒေသကြီးများအတွင်းတွင် ဆောင်ရွက်ပေးလျက်ရှိပါသည်။

လွှတ်တော်ကိုယ်စားလှယ်တော်ကြီး တင်ပြသွားသကဲ့သို့ ယခုခေတ်တွင် အင်ဂျင်ထုတ်လုပ်မှုပိုင်းဆိုင်ရာ နည်းပညာများမြင့်မားလာမှုကြောင့် အင်ဂျင်အရွယ်အစားသေးငယ်သော်လည်း မြင်းကောင်ရေအားတိုးလာပြီး စွမ်းဆောင်ရေမြင့်မားလာသည်မှာ အမှန်ပင်ဖြစ်ပါသည်။ သို့ရာတွင်ရေယာဉ်များမှာတော့ စက်စွမ်းအားမြင့်မားလာသည်နှင့်အမျှ ရေယာဉ်၏ ကြံ့ခိုင်မှု၊ မီးဘေးလုံခြုံမှု၊ အသက်ကယ်ပစ္စည်းများ ပြည့်စုံလုံလောက်စွာပါရှိမှု စသည့်လုံခြုံမှု (Safety) ပိုင်းဆိုင်ရာတွေမှာ ဂရုစိုက်ပြီး စနစ်တကျစစ်ဆေးပေးဖို့ ပို၍လိုအပ်လာပါသည်။ သို့မှသာ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသကဲ့သို့ ခရီးသွားပြည်သူများအတွက် ပိုမိုလုံခြုံမှုရှိစေမှာဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ စက်မြင်းကောင်ရေအား (၂၀) အထက်ရှိရေယာဉ်များကို စစ်ဆေးမှတ်ပုံတင်ရန် လုပ်ပိုင်ခွင့်တိုးမြှင့်သတ်မှတ်ပေးရန် မရှိသေးပါကြောင်း ပြန်လည်ဖြေကြားခဲ့သည်။

### မြန်မာဆက်သွယ်ရေးလုပ်ငန်းမှ မယ်စဲ့မြို့နယ်အတွင်း ဟိုစဲရွာ၌ GSM/ 3G စခန်း (၁)ခု တိုးချဲ့ဖွင့်လှစ်ရန် လျာထား

ကယားပြည်နယ်မယ်စဲ့မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းလင်းလင်းမှ "ကယားပြည်နယ်၊ မယ်စဲ့မြို့နယ်တွင် တစ်မြို့နယ်လုံးအတိုင်းအတာနှင့် (GSM-3G) ဖုန်းလိုင်းများရရှိရန် MPT တာဝါတိုင် ထပ်မံတိုးချဲ့တပ်ဆင်ပေးနိုင်ရေး အစီအစဉ်ရှိ/ မရှိ" နှင့် စပ်လျဉ်း၍ ဖြေကြားရာတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် ကယားပြည်နယ်အတွင်းတည်ဆောက်ဖွင့်လှစ်၍ မိုဘိုင်းဆက်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည့် GSM/3G စခန်း (၅၆) ခုအနက် မယ်စဲ့မြို့ပေါ်တွင် GSM/3G စခန်း (၁)ခုကို (၉.၂.၂၀၁၆)ရက်နေ့တွင် ဖွင့်လှစ်ခဲ့ပါသည်။

အလားတူတယ်လီနောမြန်မာလီမိတက်မှ ကယားပြည်နယ်အတွင်း GSM/3G စခန်း (၅၆)ခုနှင့် အော်ရီဒူးမြန်မာလီမိတက်မှ GSM/ UMTS စခန်း (၃၇)ခုတို့ကို တည်ဆောက် ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

ထို့ပြင်မယ်စဲ့မြို့နယ်အတွင်း ဆက်သွယ်မှုပိုမိုကောင်းမွန်စေရန် ဟိုစဲရွာ၌ ၂၀၁၈- ၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝါတိုင် (၁)တိုင် ထပ်မံတိုးချဲ့တည်ဆောက်၍ GSM/3G စခန်းဖွင့်လှစ်ပြီး မိုဘိုင်းတယ်လီဖုန်းဆက်သွယ်ရေး ဝန်ဆောင်မှုပေးနိုင်ရန် လျာထားဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ကယားပြည်နယ်အတွင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ တယ်လီနောမြန်မာလီမိတက်နှင့် အူရီဒူးမြန်မာလီမိတက်တို့မှ GSM/3G စခန်းများ တည်ဆောက်ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီး၏ မေးမြန်းချက်အပေါ် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ မယ်စဲ့မြို့နယ်အတွင်း ဟိုစဲ့ရွာ၌ GSM/3G စခန်း (၁)ခု တိုးချဲ့ဖွင့်လှစ်ရန်လျာထားချက်တို့ကို ပြန်လည်ဖြေကြားခဲ့သည်။

# စတုတ္ထအကြိမ်မြောက် ဂျပန်-မြန်မာနှစ်နိုင်ငံ ပို့ဆောင်ရေးဒုတိယဝန်ကြီးများအဆင့် အစည်းအဝေးကျင်းပ

စတုတ္ထအကြိမ်မြောက်ဂျပန်- မြန်မာနှစ်နိုင်ငံ ပို့ဆောင်ရေးဒုတိယဝန်ကြီးများအဆင့် အစည်းအဝေးကို အောက်တိုဘာ (၂၆)ရက်နေ့ နံနက် (၉း၃၀) အချိန်တွင် နေပြည်တော်ရှိပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်းသိရသည်။



အစည်းအဝေးသို့ဂျပန်နိုင်ငံ၊ မြေယာအဆောက်အအုံ၊ ပို့ဆောင်ရေးနှင့် ခရီးသွားလာရေးဝန်ကြီးဌာန (MLIT) မှ ဒုတိယဝန်ကြီး Mr. Hiroshi Narahira ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ဂျပန်သံရုံးနှင့် JICA မြန်မာရုံးမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးကျော်မျိုးနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ အရာရှိကြီးများတက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင်လေကြောင်းကဏ္ဍအနေဖြင့် ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ် တည်ဆောက်ရေးအတွက် ညှိနှိုင်းဆောင်ရွက်နေမှု၊ ညောင်ဦးလေဆိပ်သို့ လေယာဉ်များပိုမိုဘေးကင်းလုံခြုံချောမွေ့စွာ ဆင်းသက်ပျံသန်းနိုင်ရေးအတွက် အဆင့်မြှင့်တင်ရန်ဆောင်ရွက်နေမှု၊ ရထားပို့ဆောင်ရေးကဏ္ဍအနေဖြင့် ရန်ကုန်- မန္တလေးရထားလမ်းနှင့် ရန်ကုန်မြို့ပတ်ရထားလမ်းအဆင့်မြှင့်တင်ရေး၊ အနာဂတ်မြို့ပြရထားလမ်းကွန်ယက် ဖော်ဆောင်ရေးနှင့် ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆက်သွယ်မည့်ရထားလမ်းသစ် ဖောက်လုပ်ရေးကိစ္စရပ်များ၊ ရေကြောင်းကဏ္ဍအနေဖြင့် ရခိုင်ပြည်နယ်တွင်ရေကြောင်းဖြင့် ခရီးသည်များဘေးအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် ဂျပန်နိုင်ငံမှထောက်ပံ့ခဲ့သည့် ရေယာဉ် (၂) စီးအား ရေကြောင်းခရီးစဉ်များတွင် အသုံးပြုနေမှု၊ ခရီးသည်တင်အမြန်ရေယာဉ်တစ်စီးကို ဂျပန်နိုင်ငံတွင်တည်ဆောက်လျက်ရှိရာ ၂၀၁၉ခုနှစ်၊ ဧပြီလတွင်မြန်မာနိုင်ငံသို့ ပေးပို့မည့်အခြေအနေ၊ မန္တလေးမြို့တွင် မြစ်ဆိပ်ကမ်းတည်ဆောက်ရေးဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ သီလဝါဆိပ်ကမ်းဖွံ့ဖြိုးရေးဆောင်ရွက်နေမှု၊ ထားဝယ်ရေနက်ဆိပ်ကမ်းဖွံ့ဖြိုးရေးအတွက် ဖြစ်နိုင်ခြေလေ့လာမှုဆောင်ရွက်ရန်ကိစ္စရပ်များနှင့် ၂၀၂၅ခုနှစ်နောက်ပိုင်း၌ တိုးတက်များပြားလာမည့် ရေကြောင်းကုန်စည်များကို နိုင်နင်းစွာ ကုန်တင်/ကုန်ချဆောင်ရွက်ပေးနိုင်ရန်အတွက် ရေနက်ဆိပ်ကမ်းတည်ဆောက်ရေးအတွက် ဖြစ်မြောက်နိုင်စွမ်းလေ့လာမှုပြုလုပ်ရေးကိစ္စရပ်များ၊ ကုန်းလမ်းပို့ဆောင်ရေးကဏ္ဍတွင် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရေးအတွက် မော်တော်ယာဉ်စစ်ဆေးခြင်းနှင့် မှတ်ပုံတင်ခြင်းလုပ်ငန်းများတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များ၊ ရန်ကုန်မြို့တွင်ယာဉ်ကြောကြပ်တည်းမှုနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်နေမှုများအပြင် ဂျပန်နိုင်ငံ၏ ODA ချေးငွေ၊ Grant အထောက်အပံ့၊ နည်းပညာအထောက်အပံ့များဖြင့် ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများနှင့် ထပ်မံအဆိုပြုလိုသည့် စီမံကိန်းဆိုင်ရာများအား အပြန်အလှန်နှစ်ဖက် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

တင်မောင် ပို့/ဆက်

# ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများမှ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်)သို့ တစ်နေ့တာ ဆွမ်းဆက်ကပ်လှူဒါန်း







ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့်ဇနီး ဒေါက်တာဒေါ်ခင်သန်းအေးတို့အား အမှူးထား၍ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးနှင့် မြန်မာအမျိုးသားလေကြောင်းဌာန ဝန်ထမ်းမိသားစုများ၏ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)ရှိ စာသင်၊ စာချ သံဃာတော်များအား တစ်နေ့တာ ဆွမ်းဆက်ကပ်ခြင်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ပေးအပ်လှူဒါန်းခြင်းကို နိုဝင်ဘာ ၁ ရက်နေ့ နံနက် ၉နာရီ ၃၀ မိနစ်တွင် ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် မိုးကုတ်ဆွမ်းစားကျောင်း၌ ကျင်းပပြုလုပ်သည်။





ရှေးဦးစွာ "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) အဘိဓမ္မာပိဋကမဟာဌာန ပါမောက္ခဌာနမှူး ဆရာတော်၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တထေရိန္ဒ ဆရာတော်အရှင်သူမြတ်ထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြသည်။ ထို့နောက် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး အထွေထွေမန်နေဂျာ ဦးဌေးအောင်၊ မြန်မာအမျိုးသားလေကြောင်းမှ တာဝန်ရှိသူများက လှူဖွယ်ပစ္စည်းများနှင့် ဆွမ်းအလှူတော်ငွေကျပ် ၆ သိန်းအား ဆက်ကပ်လှူဒါန်းပြီး ဆရာတော်ထံမှ အနုမောဒနာရေစက်ချ တရားနာယူကြပြီး အခမ်းအနားကို "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုတ်သိမ်းလိုက်ပြီး ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

တင်မောင် ပို့/ဆက်





# ပြည်တွင်းလေကြောင်းလိုင်းများ ရေရှည်ရှင်သန်ဖွံ့ဖြိုးရေး ကြိုးပမ်းမည်



ပြည်တွင်းလေကြောင်းလိုင်းများ ရေရှည်ရှင်သန်ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်သင့်သည်များနှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးသန့်စင်မောင်သည် ပြည်တွင်းလေကြောင်းလိုင်းအသီးသီးမှ တာဝန်ရှိသူများနှင့် အောက်တိုဘာ ၂၃ရက်က ရန်ကုန်မြို့လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၌ တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံဆွေးနွေးပွဲ၌ ပြည်သူ့အကျိုးနှင့် ဈေးကွက်လိုအပ်ချက်များကို ပိုမိုဖြည့်ဆည်းပေးနိုင်မည့် အင်အားစုတစ်ရပ်ရရှိရေးအတွက် လေကြောင်းလိုင်းများအကြား ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများ၊ ၂၀၁၈ခုနှစ် ဒီဇင်ဘာလတွင် မြန်မာနိုင်ငံသို့လာရောက်စစ်ဆေးမည့် Universal Safety Oversight Audit Programme (USOAP) နှင့် Universal Safety Audit Programme (USAP) တို့အတွက် ကြိုတင်ပြင်ဆင်မှုတွင် လေကြောင်းလိုင်းများ အပြည့်အဝ ပူးပေါင်းဆောင်ရွက်ရေးကိစ္စ၊ အကောက်ခွန်နှုန်းထားနှင့် လေယာဉ်ဆင်းသက်ရပ်နားခများ လျှော့ချပေးရေးကိစ္စ၊ လေယာဉ်ဆင်းသက်မှုပိုင်းကြီးကြပ်မှုဆိုင်ရာ ကိစ္စရပ်များအပေါ် ဆွေးနွေးခဲ့ကြသည်။

USOAP နှင့် USAP တို့သည်ကုလသမဂ္ဂလက်အောက်ခံ အပြည်ပြည်ဆိုင်ရာလေကြောင်းအဖွဲ့အစည်းများဖြစ်ကြောင်း၊ ယင်းတို့သည်အဖွဲ့ဝင်နိုင်ငံများရှိ လေကြောင်းအရည်အသွေးတိုးတက်ကောင်းမွန်နေရေးအတွက် စစ်ဆေးပေးခြင်းဖြစ်ကြောင်း၊ ပြည်တွင်းလေကြောင်းလိုင်းများအနေဖြင့် လေကြောင်းပို့ဆောင်ရေးညွှန်ကြားရေးဦးစီးဌာန (DCA)၏ ညွှန်ကြားချက်များနှင့်အညီ ပူးပေါင်းဆောင်ရွက်ကာ အရည်အသွေးကောင်းမွန်သော လေကြောင်းလိုင်းများအဖြစ် တိုးတက်ပြောင်းလဲလာမည်ဖြစ်ကြောင်း သိရသည်။





ဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီးဦးကျော်မျိုး၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်းများ၊ မြန်မာအမျိုးသားလေကြောင်း၊ အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်း၊ အဲမန္တလေးလီမိတက်၊ ရန်ကုန်အဲဝေးစ်လီမိတက်၊ အဲပုဂံလီမိတက်၊ အေးရှားဝင်းစ်လီမိတက်၊ အဲကေဘီဇက်လီမိတက်၊ ရွှေမြန်မာလေကြောင်း၊ မန်းရတနာပုံလေကြောင်း၊ APEX လေကြောင်းလိုင်း၊ FMI လေကြောင်းလိုင်းတို့မှ တာဝန်ရှိသူများတက်ရောက်ကြသည်။

လက်ရှိအခြေအနေတွင် ပြည်တွင်းလေကြောင်းလိုင်းအများစုမှ အရှုံးဖြင့်ရင်ဆိုင်နေရကြောင်း၊ အရှုံးနည်းပြီးအမြတ်ရရှိရေး ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် အဲမန္တလေး၊ အဲပုဂံနှင့် APEX လေကြောင်းလိုင်းတို့မှ ယာယီရပ်နားထားကြောင်းသိရသည်။

လေကြောင်းလိုင်းအလိုက်ခရီးသည်ရရှိမှုမှာ ပျှမ်းမျှအားဖြင့် ၅၆ ဒသမ ၅ရာခိုင်နှုန်းသာရှိကြောင်း၊ လေယာဉ်ထိုင်ခုံအပြည့် ပြေးဆွဲနိုင်မှုမရှိခြင်းကြောင့် အရှုံးဖြင့်ရင်ဆိုင်နေရကြောင်း၊ မြန်မာအမျိုးသားလေကြောင်းလိုင်း၊ MAI နှင့် အဲကေဘီဇက်တို့သာ ပြည်တွင်းသာမက ပြည်ပပါ ပြေးဆွဲနေသည့်အတွက် ခရီးသည်စုဝေး အများစုရရှိထားကြောင်း၊ ယင်းလေကြောင်းလိုင်းသုံးခုသည်လည်း မြန်မာနိုင်ငံအပြည်ပြည်ဆိုင်ရာလေဆိပ်များသို့ ပြေးဆွဲနေသော ပြည်ပလေကြောင်းလိုင်း ၂၇ခုနှင့်လည်း ရှန်းကန်ယှဉ်ပြိုင်နေရကြောင်း သိရသည်။

တင်မောင်/ပို့ဆက်

# ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်

## ဂျပန်နိုင်ငံ၊ မြေယာ၊ အခြေခံအဆောက်အအုံ၊ ပို့ဆောင်ရေးနှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး H.E Mr. Hiroshi NARAHIRA အားတွေ့ဆုံ

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးသန့်စင်မောင်သည် အောက်တိုဘာ (၂၆)ရက်နေ့၊ နံနက်ပိုင်းတွင် ဂျပန်နိုင်ငံ မြေယာ၊ အခြေခံအဆောက်အအုံ၊ ပို့ဆောင်ရေးနှင့် ခရီးသွားလာရေးဝန်ကြီးဌာန (Ministry of Land, Infrastructure, Transport and Tourism- MLIT) မှ ဒုတိယဝန်ကြီးဖြစ်သူ H.E Mr. Hiroshi NARAHIRA အား နေပြည်တော်ရှိပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံခဲ့ကြောင်းသိရသည်။



ထိုသို့တွေ့ဆုံရာတွင် မြန်မာနှင့် ဂျပန်နိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသော ပို့ဆောင်ရေးကဏ္ဍအသီးသီး၏ စီမံကိန်းများ၊ အနာဂတ်ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်း အမြင်ချင်းဖလှယ်ခဲ့ကြပါသည်။ တွေ့ဆုံပွဲသို့ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဌာနအကြီးအကဲများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

တင်မောင် ပို့/ဆက်

# ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယအကြိမ် ဝန်ထမ်းမိသားစုများ၏ စုပေါင်းကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယအကြိမ်မြောက် ဝန်ထမ်းမိသားစုများ၏ စုပေါင်းကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို အောက်တိုဘာ ၂၇ ရက်နေ့ နံနက် ၉နာရီအချိန်တွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီး ဌာန၊ ရုံးအမှတ် ၅ စုပေါင်း အစည်းအဝေးခန်းမဆောင်တွင် ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး ပျဉ်းမနားမြို့ ပါဠိတက္ကသိုလ် မင်္ဂလာဖေယျ ပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယက သာသနဓဇဓမ္မာစရိယ၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိမလဗုဒ္ဓိ ဆရာတော်ဘုရားထံမှ သီလခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များထံမှ ပရိတ်တရားတော် နာယူကြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့် ဇနီး ဒေါက်တာ ဒေါ်ခင်သန်းအေးတို့မှ ပျဉ်းမနားမြို့၊ သံလမ်းကျောင်းတိုက် ဘဒ္ဒန္တဥာဏဝံသ ဆရာတော်ထံသို့ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများအား လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးကျော်မျိုးနှင့်ဇနီးတို့က မင်္ဂလာဖေယျ ပရိယတ္တိစာသင်တိုက်၊ ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တဝိမလဗုဒ္ဓိထံသို့ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများအား လည်းကောင်း၊ အမြဲတမ်းအတွင်းဝန်(ပို့ဆောင်ရေး)ဦးဝင်းခန့်နှင့် ဇနီးတို့မှ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက်မှ ဘဒ္ဒန္တကောဝိဒဆရာတော်ထံသို့ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများအားလည်းကောင်း၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့်ဇနီးတို့မှ ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများအား လည်းကောင်း၊ ဆက်ကပ်လှူဒါန်းခဲ့ကြပြီး ယင်းနောက် ဆရာတော်များသို့ ပဒေသာပင်များအား စာရေးတံမဲစနစ်ဖြင့် မဲနှိုက်ကပ်လှူပူဇော်ကြပြီး ဆရာတော် သံဃာတော်များအား ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ ဒုတိယဝန်ကြီးနှင့်ဇနီး၊ အကြီးအကဲများတို့မှ နေ့ဆွမ်းနှင့်အချိုပွဲများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

အလားတူစွာ ဝန်ကြီးဌာနအောက်ရှိ ရန်ကုန်အခြေပြုရုံးများမှလည်း ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆရာဒကာကျောင်းတိုက်များမှ ဆရာတော် သံဃာတော်များထံသို့ အသီးသီးဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။

တင်မောင်၊ ကျော်ကျော်



ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအောက်ရှိ ဌာနများမှ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းခြင်း

IWT



MMMC



MMU



**DMH**





**MNA**





**MPA**





**MS**





**DWIR**





**DCA**





**RTAD**





**MR**





**MP**







# မြန်မာ့နာမည်ကျော် ကမ်းခြေများတွင် တယ်လီနော၏ 4G/LTE ဝန်ဆောင်မှု ရရှိပြီ




မြန်မာနိုင်ငံ၏ ပွင့်လင်းခရီးသွားရာသီစတင်မှုနှင့်အတူ ပြည်တွင်း၊ ပြည်ပခရီးသွားများ အကောင်းဆုံး အင်တာနက်သုံးစွဲမှုအတွေ့အကြုံများ ရရှိသုံးစွဲ နိုင်စေရန်အတွက် နိုင်ငံတွင်း ထင်ရှားသောကမ်းခြေများတွင် တယ်လီနော၏ 4G/LTE က ဝန်ဆောင်မှုများကို တိုးချဲ့ပေးလိုက်ပြီဖြစ်ကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ငွေဆောင်နှင့် ချောင်းသာ ကမ်းခြေ၊ ရခိုင်ပြည်နယ်ရှိငပလီကမ်းခြေတို့တွင် ယခုသီတင်းပတ်မှစတင်ကာ တယ်လီနော၏ 4G/LTE ဝန်ဆောင်မှုများကို ရရှိနေပြီဖြစ်ပါသည်။

"မြန်မာနိုင်ငံအတွင်းက ကမ်းခြေတွေဟာ ပြည်တွင်းသာမက ကမ္ဘာတစ်ဝှမ်းမှာပါ လူသိများပြီးအထူးသဖြင့် ပွင့်လင်းရာသီတွေမှာ ပြည်တွင်းနဲ့ နိုင်ငံတကာက ခရီးသွားဧည့်သည်တွေ အမြဲလာရောက်ကြတဲ့ ထိပ်တန်းလည်ပတ်စရာ နေရာတွေဖြစ်ပါတယ်။ ဒီနှစ်ရဲ့ ခရီးသွားရာသီစတင်တဲ့အချိန်မှာ ဒီကမ်းခြေတွေကို သွားရောက်လည်ပတ်ကြမယ့် ခရီးသွားတွေအနေနဲ့ တယ်လီနောရဲ့ 4G/LTE ကွန်ရက်ကို သုံးပြီး အကောင်းဆုံး အင်တာနက်သုံးစွဲမှု အတွေ့အကြုံတွေကို ရရှိနိုင်ကြပြီဖြစ်ပါတယ်။ ကမ်းခြေမှာအပန်းဖြေအနားယူရင်း hi-definition ဗီဒီယိုတွေကို အပြတ်အတောက် မရှိကြည့်ရှုနိုင်မယ်၊ ဂိမ်းတွေကိုအထစ်အငေါ့ ကင်းကင်းလည်း ကစားနိုင်မယ်၊ လူမှုကွန်ရက်တွေကိုလည်း အကောင်းဆုံး အသုံးပြုနိုင်ကြမှာဖြစ်တဲ့အတွက် သုံးစွဲသူတွေရဲ့ ပျော်ရွှင်စရာ အနားယူချိန်တွေကို ပိုပိုပြည့်စုံစေမှာ ဖြစ်ပါတယ်"ဟု တယ်လီနောမြန်မာ၏ ဈေးကွက်ဖော်ဆောင်ရေး အရာရှိချုပ်ဖြစ်သူ Joslin Myrthong က ပြောကြားသည်။ သုံးစွဲသူများအနေဖြင့် လွန်စွာကောင်းမွန်သည့် အင်တာနက်ဝန်ဆောင်မှုများကို အပြတ်အတောက်မရှိ ကုန်ကျမှုသက်သာစွာဖြင့် ရရှိအသုံးပြုနိုင်ရန် ဒေတာစုဗူးကဲ့သို့ ဈေးနှုန်းချိုသာသည့် အင်တာနက်ဒေတာ အစီအစဉ်များကို ရယူအသုံးပြုကြပါရန်လည်း တယ်လီနောက သုံးစွဲသူများကို တိုက်တွန်းအပ်ပါသည်။ တယ်လီနော၏ ဈေးနှုန်းအချိုသာဆုံး ဒေတာအစီအစဉ်များကို တစ်လလျှင် ၇၉၉ ကျပ်မှစ၍ ရယူအသုံးပြုနိုင်ပါသည်။ တယ်လီနော သုံးစွဲသူများအား အကောင်းဆုံးဝန်ဆောင်မှု အတွေ့အကြုံများ ရရှိစေရန် ရည်သန်ထားမှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် တယ်လီနောအနေဖြင့် 4G/LTE ကွန်ရက် တိုးချဲ့လွှမ်းခြုံမှုကို ဦးစားပေးဆောင်ရွက်လျက် ရှိပါသည်။ ကမ္ဘာတစ်ဝှမ်းအင်တာနက်အသုံးပြုသူများကို အခြေပြု၍ မိုဘိုင်းကွန်ရက်အခြေအနေများကို ထုတ်ပြန်ပေးသည့် အကြီးမားဆုံး ကွန်ရက်စံနှုန်းပြ စီမံကိန်းတစ်ခုဖြစ်သည့် Open Signal ဖြင့် တိုင်းတာမှုများအရ တယ်လီနော၏ ကွန်ရက်သည် မြန်မာနိုင်ငံတွင်း နေထိုင်သူအများစုအတွက် အမြန် ဆန်ဆုံး အင်တာနက်နှုန်းဖြင့် ဝန်ဆောင်မှု ပေးအပ်လျက်ရှိကြောင်း သိရသည်။

ကျော်ကျော်

## ဘေးကင်းသော အင်တာနက်အသုံးပြုမှု များပြားလာစေရန် အလင်းအိမ်စင်တာများ ဆောင်ရွက်မည်

တယ်လီနောမြန်မာ၏ အလင်းအိမ် စင်တာများသည် နိုင်ငံတစ်ဝှမ်းဝေးလံသောကျေးလက်ဒေသများရှိ လူငယ်များနှင့် ကျောင်းသူ/သားများအတွက် ဘေးကင်းသော အင်တာနက် အသုံးပြုမှုအသိပေးပညာပေး အစီအစဉ်များကို စတင်ဆောင်ရွက်ပေးနေပြီဖြစ်ကြောင်း သိရသည်။

"နိုင်ငံတစ်ဝှမ်းက မြို့ပြနဲ့ ကျေးလက် လူမှုအသိုက်အဝန်းတွေအနေနဲ့ စီးပွားရေးနဲ့ လူမှုရေးဆိုင်ရာ ကျိုးဖြစ်ထွန်းစေမယ့် သတင်းအချက် အလက်တွေကို အင်တာနက်ကနေ ရရှိအသုံးချစေနိုင်ဖို့ သူတို့ဒစ်ဂျစ်တယ်နည်းပညာ နားလည်တတ်ကျွမ်းမှုကို တယ်လီနောရဲ့ အလင်းအိမ်စင်တာတွေအနေနဲ့မြှင့်တင်ဆောင်ရွက်ပေးလျက် ရှိနေပြီးဖြစ်ကြောင်း တယ်လီနောရဲ့ အလင်းအိမ်စင်တာတွေဟာ နေပြည်တော်အပြင် ပြည်နယ် နဲ့ တိုင်းဒေသကြီး ၁၂ ခုမှာ တည်ရှိပြီးဖြစ်လို့ ကျေးလက်ဒေသက လူငယ်တွေ၊ ကလေးတွေကို အသိပညာဖြန့်ဖြူးပေးဖို့ပိုပြီး ထိထိရောက်ရောက် ဆောင်ရွက်နိုင်မှာဖြစ်ပြီး ကျွန်တော်တို့ရဲ့ 'စဉ်းစားဆင်ခြင် စာနာချစ်ခင်'အသိ ပညာပေး ဗီဒီယိုဇာတ်လမ်းတွဲကို အသုံးပြုပြီး အင်တာနက်ကို တယ်လီနောအနေနဲ့ ဒီနှစ်မကုန်မီ လူငယ်နှင့် ကျောင်းသူ/သားပေါင်း ၇၀,၀၀၀ ကျော်ကို ဘေးကင်းတဲ့ အင်တာနက်အသုံးပြုမှု အသိပညာ ဗဟုသုတတွေ ပြောကြားနိုင်ဖို့ ရည်မှန်းချက်ကို အလင်းအိမ်စင်တာတွေအနေနဲ့ လည်းတစ်ဖက် တစ်လမ်းက ပါဝင်ဖြည့်ဆည်း ကူညီနိုင်ကြမယ်လို့ မျှော်မှန်းထားပါကြောင်း တယ်လီနောမြန်မာ၏ ရေရှည်တည်တံ့သော လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ကဏ္ဍတာဝန်ခံ ဦးမင်းသူက ပြောသည်။

အလင်းအိမ်စင်တာ လုပ်ငန်းရှင်များအတွက် ယခုကဲ့သို့ သင်တန်းများကို ဆင့်ပွားဆောင်ရွက်နိုင်ရန်အတွက် မွမ်းမံသင်တန်း ၂ခုကို စက်တင်ဘာလနှောင်းပိုင်းနှင့် အောက်တိုဘာလလယ်အတွင်းဖွင့်လှစ်ခဲ့ပြီး ဖြစ်သည်။ ပညာရေးနှင့် ပတ်သက်သည့် အင်တာနက်၏ အကျိုးကျေးဇူးများ၊ အချက် အလက်များ ခိုးယူခံရခြင်း၊ ဒစ်ဂျစ်တယ် အနိုင်ကျင့်မှုများ၊ အင်တာနက်အခြေပြု လိင်ခေါင်းပုံဖြတ်မှုများ၊ လိင်ပိုင်းဆိုင်ရာ ညစ်ညမ်းစာတိုပေးပို့မှုများ၊ အမုန်းစကားများ ဖြန့်ဖြူးခြင်းစသည့် အွန်လိုင်းပေါ်တွင် ကြုံတွေ့နိုင်ရသော ဘေးအန္တရာယ်ဖြစ်နိုင်ခြေများနှင့် အွန်လိုင်းတွင် လုံခြုံစိတ်ချစွာမည်သို့ နေထိုင်နိုင်မည်ဆိုသောအချက်အလက်များကို 'စဉ်းစားဆင်ခြင် စာနာချစ်ခင်' အသိပညာပေး ဗီဒီယိုဇာတ်လမ်းတွဲအသုံးပြုပြောဆောင်ရွက်ရန် အလင်းအိမ်စင်တာ လုပ်ငန်းရှင်များအား ယင်းမွမ်းမံသင်တန်းများတွင် လေ့ကျင့်ပေးခဲ့ကြောင်း သိရသည်။

ကျော်ကျော်



# ကိုကိုးကျွန်းသို့ MMU ရေကြောင်းမျိုးဆက်သစ်များ ရွက်လွှင့်ခြင်း

P.P.N-MiMar Est (UK)







မြန်မာနိုင်ငံရေကြောင်းတက္ကသိုလ်၏ အဓိကမေဂျာ ၃ခုဖြစ်သော Nautical Science (NS), Marine Engineering (ME) နှင့် Electrical Engineering (EE) ဘာသာရပ်အထူးပြု ကျောင်းသားများသည် နိုင်ငံတကာပင်လယ်ကူးသင်္ဘောများပေါ်တွင် သင်္ဘောအရာရှိများအဖြစ် အလုပ်တာဝန်များ ကျွမ်းကျွမ်းကျင်ကျင် ဆောင်ရွက်လုပ်ကိုင်နိုင်စေရန်အလို့ငှာ ပင်လယ်ပြင်လက်တွေ့လေ့လာရေး (Sea Training) လုပ်ငန်းတစ်ခုမှာ အရေးပါသော အခန်းကတစ်ခုအနေနဲ့ ပါဝင်လို့နေပါတယ်။ ဒါကြောင့်လည်း ရေကြောင်းတက္ကသိုလ်(MMU) ပါမောက္ခချုပ်၏ အစီအစဉ်ဖြင့် မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်းပိုင် သင်္ဘောကြီးများပေါ်တွင် ပင်လယ်ပြင်လက်တွေ့ လေ့လာရေး (Sea Training) အတွက် သက်ဆိုင်ရာမေဂျာ အထူးပြုကျောင်းသားများကို နှစ်စဉ် စေလွှတ်လျက်ရှိပါတယ်။

ယခုနှစ် ၂၀၁၆ – ၂၀၁၇ ပညာသင်နှစ်အတွက် ပင်လယ်ပြင်လက်တွေ့ လေ့ လာရေး (Sea Training)ကို စတုတ္ထနှစ် ရေကြောင်းအင်ဂျင်နီယာ (ME) အထူးပြုကျောင်းသား ၂ ဦး၊ တတိယနှစ်ကျောင်းသား ၃၇ ဦး၊ ရေကြောင်းလျှပ်စစ်နှင့် အီလက်ထရောနစ် အင်ဂျင်နီယာဘာသာရပ် (MESE)၊ အထူးပြုကျောင်းသား ၈ ဦး၊ ရေကြောင်းသိပ္ပံပညာရပ် (NS)၊ အထူးပြုကျောင်းသား ၆၂ ဦး၊ စုစုပေါင်းကျောင်းသား ၁၀၉ ဦးတို့ကို မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်းပိုင် M.V တောင်ကြီးသင်္ဘောဖြင့် ရန်ကုန်မြို့ မြန်မာ့ကြယ်ငါးပွင့်ဆိပ်ခံတံတားမှ ၂၀၁၇ခုနှစ် အောက်တိုဘာ ၁၀ ရက်နေ့(အင်္ဂါနေ့) ညနေ ၄ နာရီခန့်အချိန်တွင် ထွက်ခွာခဲ့ပါတယ်။ M.V တောင်ကြီးသင်္ဘော၏ ရေယာဉ်မှူးကြီးအဖြစ် ကပ္ပတိန်အောင်မင်းခန့်မှ တာဝန်ယူမောင်းနှင်ပြီးလေ့ကျင့်ရေးနည်းပြ ကထိကဆရာများအဖြစ် ဆရာဦးစိန်ဝင်း(ပထမအရာရှိအဖွဲ့ခေါင်းဆောင်)၊ ဦးလောလိန်း (မော်ကွန်းထိန်းလေ့ကျင့်ရေး)၊ ဆရာဦးပြည့်ဖြိုးငွေ M.IMarEST (ပထမအင်ဂျင်နီယာအရာရှိ- အချိန်ပိုင်းကထိက) နှင့် ဆရာဦးကျော်ဇေယျာလင်း (တတိယအင်ဂျင်နီယာအရာရှိ- အချိန်ပိုင်းနည်းပြ)တို့က ကျောင်းသားများကို တာဝန်ယူလေ့ကျင့်ပေးနိုင်ရန်အတွက် လိုက်ပါ ဆောင်ရွက်ခဲ့ပါတယ်။

ပထမနေ့အဖြစ် ညနေ ၄ နာရီခန့်အချိန်တွင် ရေကြောင်းပြမှူးကြီးလာပြီး သင်္ဘောကို သာကေတဆိပ်ကမ်းက ထွက်ခွာချိန်မှစပြီး သက်ဆိုင်ရာမေဂျာအလိုက် ဂျူတီများခွဲပြီး သင်္ဘောဆိပ်ကမ်းမှထွက်ခွာပြီး (Departure Procedure)များကို လေ့လာစေပါတယ်။ ညနေ ၆ နာရီခန့်အချိန်တွင် ခဏနား ညနေစာစားသောက်ပြီး သက်ဆိုင်ရာ Duty အလိုက် Watch ယူကြရပါတယ်။ သင်္ဘောပေါ်မှာ အလုပ်အတွက် Duty နှစ်မျိုးရှိပါတယ်။ Day Duty ခေါ် Day Man အလုပ်နှင့် Watch Duty ခေါ် Watchkeeper အလုပ်ဆိုပြီး ခွဲထားပါတယ်။

နေ့ဂျူတီသမားကတော့ နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ တာဝန်ကျရာ နေရာမှာ အလုပ်လုပ်ရပါတယ်။ Watch Duty ကတော့ ၃ပိုင်း ၃ဖွဲ့ ခွဲထားတယ်။ နံနက် ၈ နာရီကနေ နေ့လည် ၁၂ နာရီအထိ တတိယအင်ဂျင်နီယာ ဂျူတီပါ၊ နေ့လည် ၁၂ နာရီကနေ ညနေ ၄ နာရီအထိ ဒုတိယအင်ဂျင်နီယာ ဂျူတီဖြစ်ပြီး၊ ညနေ ၄ နာရီကနေ ည ၈ နာရီအထိက ပထမအင်ဂျင်နီယာ ဂျူတီပါ။ သက်ဆိုင်ရာဂျူတီ အင်ဂျင်နီယာများက ဂျူတီချိန်အတွင်းမှာ သင်္ဘောမောင်းနှင်သော ပင်မအင်ဂျင်ကြီးနှင့် မီးစက်များ၊ တခြားသက်ဆိုင်ရာ စက်များကို ထိန်းသိမ်းပြုပြင်မောင်းနှင်ကြရပါတယ်။ ကျောင်းသားများ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် လုပ်ငန်းခွင်အတွက် အဆင်ပြေမှုရှိစေရန်နှင့် ဂျူတီများကို လေးစားမှုရှိစေရန် သက်ဆိုင်ရာဆရာများမှလည်း ညဘက်ထိလိုက်လံ စောင့်ကြည့်ကြည့်ရှု လေ့ကျင့်ပေးပါတယ်။ ကျောင်းသားများ ကျန်းမာရေးအတွက်လည်း ဆရာများမှလည်း မျက်ခြေမပြတ် အချိန်တိုင်း စောင့်ကြည့်ကာ လိုအပ်လျှင် ဆရာဝန်ထံသို့ ပို့ဆောင်ပြီးကုသစေပါတယ်။ Dayduty ခေါ် Dayman အလုပ်အတွက် နားလည်စေရန် ME နဲ့ EE ကျောင်းသားများအတွက် ကျောင်းသားဟောင်း ဆရာဦးကျော်ဇေယျာလင်းမှ လည်းကောင်း၊ NS ကျောင်းသားများအတွက် ဆရာဦးစိန်ဝင်းနှင့် သင်္ဘော ရေယာဉ်မှူး Capt. အောင်မင်းခန့်၊ သင်္ဘောအရာရှိ အင်ဂျင်နီယာအရာရှိများမှ လိုအပ်သည်များကို အစွမ်းကုန်ကြိုးစားသင်ကြားပေးကြပါတယ်။

ဒုတိယနေ့ နံနက်ပိုင်းနှင့်နေ့လည်ပိုင်းတွင် NS, ME, EE ကျောင်းသားများကို သက်ဆိုင်ရာဆရာများမှ အပိုင်းလိုက်ခွဲပြီး လက်တွေ့လေ့ကျင့်ခန်းများကို သင်ကြားပေးကြပါတယ်။ အရေးပေါ် မီးသတ်ခြင်းလုပ်ငန်းများ၊ အရေးပေါ်အသက်ကယ်ပစ္စည်းများ၊ သင်္ဘောကို အရေးပေါ်စွန့်ခွာမှုအတွက် လိုအပ်သော Procedure များ၊ အသက်ကယ်လှေ အသုံးပြုပုံများကိုလည်း သင်္ဘောရေယာဉ်မှူးမှ ဦးဆောင်ကာ သင်္ဘောအရာရှိများမှ လက်တွေ့သရုပ်ပြ သင်ကြားပေးခဲ့ပါတယ်။ ကျောင်းသားများ အစားအသောက်တွင်လည်း ကိုအောင်မြင့် Cantee မှ လိုလေသေးမရှိအောင် စီမံဆောင်ရွက်ပေးခဲ့ပါသေးတယ်။

ကိုကိုးကျွန်းသို့ တတိယနေ့နံနက် ၂ နာရီခန့်အချိန်တွင် ရောက်ရှိပြီး တစ်ညတာ ကျောက်ချရပ်နားခဲ့ကြပါတယ်။ သင်္ဘောရေယာဉ်မှူး Capt. ကြီးရဲ့ ကျွမ်းကျင်မှုဖြင့် ကိုကိုးကျွန်းဆိပ်ကမ်းသစ်ကြီးကို နံနက် ၁၀ နာရီခွဲ အချိန်

---

**“** ကိုကိုးကျွန်းသို့ တတိယနေ့နံနက် ၂ နာရီခန့်အချိန်တွင် ရောက်ရှိပြီးတစ်ညတာ ကျောက်ချရပ်နားခဲ့ကြပါတယ်။ သင်္ဘောရေယာဉ်မှူး Capt. ကြီးရဲ့ ကျွမ်းကျင်မှုဖြင့် ကိုကိုးကျွန်းဆိပ်ကမ်းသစ်ကြီးကို နံနက် ၁၀ နာရီခွဲ အချိန်တွင် လှိုင်းအနည်းငယ်ရှိနေသော်လည်း အောင်မြင်စွာ ဆိုက်ကပ်နိုင်ခဲ့ပါတယ်။ ကိုကိုးကျွန်းဆိပ်ကမ်းတွင်လည်း ဒုတိယဗိုလ်မှူးကြီး စိုင်းသက်နိုင် ဦးဆောင်သောအဖွဲ့မှ ကားများဖြင့်အသင့်စောင့်ကြိုလျက် ရှိကြပါတယ်။ ဒုတိယဗိုလ်မှူးကြီးနှင့် အရာရှိများမှ ရေကြောင်းတက္ကသိုလ်ဆရာများနှင့် ကျောင်းသားများကို ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ပြီး ရှင်းလင်းဆောင်တွင် ကိုကိုးကျွန်းအကြောင်းကို ရှင်းလင်းတင်ပြခဲ့ပါတယ်။ ရေကြောင်းတက္ကသိုလ် ကျောင်းသားများ ကိုယ်စားခေါင်းဆောင် ၂ ဦးမှလည်း ဒုတိယဗိုလ်မှူးကြီးကို လက်ဆောင်ပစ္စည်းများ ပေးအပ်ကာ အမှတ်တရဓာတ်ပုံရိုက်ခဲ့ကြပါတယ်။ **”**

---

တွင် လှိုင်းအနည်းငယ်ရှိနေသော်လည်း အောင်မြင်စွာ ဆိုက်ကပ်နိုင်ခဲ့ပါတယ်။ ကိုကိုးကျွန်းဆိပ်ကမ်းတွင်လည်း ဒုတိယဗိုလ်မှူးကြီး စိုင်းသက်နိုင် ဦးဆောင်သောအဖွဲ့မှ ကားများဖြင့်အသင့်စောင့်ကြိုလျက် ရှိကြပါတယ်။ ဒုတိယဗိုလ်မှူးကြီးနှင့် အရာရှိများမှ ရေကြောင်းတက္ကသိုလ်ဆရာများနှင့် ကျောင်းသားများကို ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ပြီး ရှင်းလင်းဆောင်တွင် ကိုကိုးကျွန်း အကြောင်းကို ရှင်းလင်းတင်ပြခဲ့ပါတယ်။ ရေကြောင်းတက္ကသိုလ် ကျောင်းသားများ ကိုယ်စားခေါင်းဆောင် ၂ ဦးမှလည်း ဒုတိယဗိုလ်မှူးကြီးကို လက်ဆောင် ပစ္စည်းများ ပေးအပ်ကာ အမှတ်တရဓာတ်ပုံရိုက်ခဲ့ကြပါတယ်။

ယင်းနောက် ဆရာများနှင့်ကျောင်းသားများကို အကျွေးအမွေးနှင့်ဧည့်ခံပြီး မြို့တွင်းသို့အဖွဲ့ နှစ်ဖွဲ့ခွဲကာ ကိုကိုးကျွန်း၏ အထင်ကရနေရာများဖြစ်သော ဂျပန်ခေတ်က ကတုတ်ကျင်းများ၊ ၇ မိုင် အကျဉ်းစခန်း၊ ကိုကိုးကျွန်းရှိ ထင်ရှားသောစေတီ ၂ ဆူ၊ ဘုန်းကြီးကျောင်း၊ အထက်ကျောင်း၊ အုန်းဆီနှင့် အုန်းခွံထွက်ပစ္စည်းများ ပြုလုပ်သော အသုံးအဆောင်ပစ္စည်းများ ထုတ်လုပ်ငန်း အစရှိသောနေရာများသို့ သွားရောက်လေ့လာရန် ကားများဖြင့်လိုက်လံပို့ဆောင်ပေးခဲ့ပါတယ်။ ညနေပိုင်းတွင် ကျောင်းသားများ ကမ်းခြေတွင် ဘောလုံးကန်ခြင်း၊ ရေဆော့ကစားခြင်းတို့ဖြင့် ကိုကိုးကျွန်းတွင် တစ်နေ့တာကုန်ဆုံးကာ ညနေ ၆ နာရီခန့်အချိန်တွင် သင်္ဘောပေါ်သို့ပြန်လည်ပို့ဆောင် ပေးခဲ့ပါတယ်။ ည ၈ နာရီလောက်အချိန်မှာတော့ လှိုင်းအနည်းငယ်ကြီးမှုကြောင့် သင်္ဘောရေယာဉ်မှူး၏ ကျွမ်းကျင်မှုဖြင့် ဆိပ်ကမ်းမှအမြန်ခွာကာ ရေလည်တွင် တစ်ညတာကျောက်ချရပ်နားခဲ့ပါတယ်။

ညပိုင်းတွင် သင်္ဘောကုန်းချုပ် (Chief Officer) မှ Distress Signal များဖြစ်သော Smokesignal, Hand Flare များ ပြစ်ဖောက် လက်တွေ့သရုပ်ပြခဲ့ကြပါတယ်။

နံနက် ၅ နာရီခန့်အချိန်မှာတော့ ရန်ကုန်သို့ ခရီးကြုံလိုက်သော ခရီးသည် ၁၉ ယောက်တို့ကို တင်ဆောင်ကာ ရန်ကုန်သို့ ပြန်လည်ရွက်လွှင့်ခဲ့ပါတယ်။ အပြန်ခရီးတွင်လည်း NS ကျောင်းသားများအတွက် အရေးကြီးသော စာတွေ၊ လက်တွေ့များကို သင်္ဘောရေယာဉ်မှူးနှင့်တကွ အရာရှိများ၊ အင်ဂျင်နီယာများ၊ ဆရာများမှ ဆက်လက်သင်ကြားပေးခဲ့ပြန်ပါတယ်။

ရန်ကုန်ပင်လယ်ဝ Pilot Station နားသို့ အောက်တိုဘာ ၁၄ ရက်နေ့ နံနက် ၁၁ နာရီအချိန်တွင် ပြန်လည်ရောက်ရှိပြီး တစ်ရက်တာ ကျောက်ချရပ်နားခဲ့ရပါတယ်။ ရန်ကုန်မြစ်ရေက ရေတက်ရေကျရှိတာမို့ ရေတက်နှင့်ဝင်ဖို့အချိန်မမှီသောကြောင့် သင်္ဘောများပင်လယ်ဝမှာပဲ ကျောက်ချကာ နောက်တစ်နေ့ ရေတက်ချိန်ကို စောင့်ဆိုင်းရပါတယ်။ ကျွန်တော်တို့ရဲ့ တောင်ကြီးသင်္ဘောဟာဖြင့် နောက်တစ်နေ့ နံနက် ၆ နာရီအချိန်တွင် Pilot ရေကြောင်းပြမှူးကြီးတက်ပြီး ရန်ကုန်မြစ်အတွင်းသို့ တဖြည်းဖြည်းခုတ်မောင်းလာပါတော့တယ်။ ရန်ကုန်မြစ်တွင်းသို့ဝင်ပြီဆိုရုံနှင့် မြစ်ရေအရောင်မှာလည်း ပြောင်းလဲသွားပြီး စင်ရော်လေးများ၊ ငါးဖမ်းလှေများ၊ ကုန်းတန်းလေးများကို လှပစွာတွေ့ရပါတော့တယ်။ နံနက်ပိုင်းမှာတော့ ကျောင်းသားများ နံနက်စာ စားသောက်ပြီးချိန်တွင် ME နှင့် EEကျောင်းသားများကို Chief Engineer (အင်ဂျင်နီယာမှူးကြီး)မှ နှုတ်ဆက်ဩဝါဒ စကားများ ပြောကြားပြီး ကျောင်းသားများပြန်ရန်အတွက် အထုတ်အပိုးများ စတင်ပြင်ဆင်ပါတော့တယ်။ သင်္ဘောကြီးသည် တဖြည်းဖြည်း MITT၊ ရေတပ်သင်္ဘောကျင်း၊ သန်လျင်ရေနံချက်စက်ရုံတို့ကို ဖြတ်သန်းလာပြီး သာကေတကြယ်ငါးပွင့် ဆိပ်ကမ်းကို ကပ်ရန်နီးကပ်လာပါပြီ။

နေ့လည် ၁၁ နာရီအချိန်တွင် သာကေတဆိပ်ကမ်းသို့ ပြန်လည်ဆိုက်ကပ်နိုင်ပြီဖြစ်လို့ ကျောင်းသားများ ဘေးအန္တရာယ်ကင်းကင်းနှင့် ပြန်ရောက်ပြီဖြစ်လို့ ဆရာများကလည်း ဝမ်းသာမဆုံးဖြစ်ရပါတယ်။ ဆိပ်ကမ်းတွင်လည်း ပါမောက္ခချုပ်နှင့်ဆရာများ၊ ဆိပ်ကမ်းမှအရာရှိများ၊ မိဘများလာရောက်ကြိုဆိုခဲ့ကြပါတယ်။ ပါမောက္ခချုပ်မှ သင်္ဘောရေယာဉ်မှူးနှင့် အင်ဂျင်နီယာမှူးတို့ကို ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ပြီး ကျေးဇူးတင်စကားပြောကြားပြီးနောက် ပြန်လည်ထွက်ခွာခဲ့ပါတယ်။ သင်္ဘောရေယာဉ်မှူးနှင့်တကွ ဆရာများအားလုံးလည်း ကျောင်းသားများ မိဘတွေလက်ထဲ ချောချောမောမော ပြန်လည်အပ်နှံနိုင်ပြီဖြစ်လို့ ဝမ်းသာဂုဏ်ယူမဆုံး ဖြစ်ကြရပါတယ်။

※ ※ ※

# ချင်းပြည်နယ် ဘုံတလောရေတံခွန်ကို ခရီးသွားလုပ်ငန်း မြှင့်တင်မှုပြုလုပ်ရန် လမ်းဖောက် လုပ်မည်

ချင်းပြည်နယ် မတူပီမြို့နယ်ရှိ ဘုံတလောရေတံခွန်ကို ခရီးသွားများအနေဖြင့် ပိုမိုစိတ်ဝင်စားလာကြပြီး လာရောက်လည်ပတ်မှုလည်းများလာသောကြောင့် သွားလာမှုအဆင်ပြေစေရန် လမ်းဖောက်လုပ်မှုနှင့် အဆင့်မြှင့်တင်မှုများ ပြုလုပ်မည်ဖြစ်ကြောင်း ချင်းပြည်နယ် လွှတ်တော်ရုံးမှ သိရသည်။

ဘုံတလောရေတံခွန်သွားရာ လမ်းတွင်သံတံတားတစ်စင်းနှင့်ကြိုးတံတားတစ်စင်းတို့ကို ဖြတ်သန်းသွားရပြီး အဆိုပါလမ်းကို လည်းသွားလာမှုပိုမိုအဆင်ပြေ စေရန် လမ်းဖောက်လုပ်မှုနှင့် အဆင့်မြှင့်တင်မှုများ ပြုလုပ်မည်ဖြစ်ကြောင်း ရေတံခွန်မှာ ပထမအဆင့် ဒုတိယအဆင့်နှင့် တတိယအဆင့်များကိုသာလည်ပတ်နိုင်သောကြောင့် ခရီးသွားလုပ်ငန်းအတွက် အပေါ်ဆုံးအထိ တက်ရောက်လည်ပတ်နိုင်ရန် လမ်းဖောက်လုပ်မည် ဖြစ်ကြောင်း၊ ချင်းပြည်နယ်သို့ ခရီးသွားဝင်ရောက်မှုမှာ တစ်နှစ်ထက် တစ်နှစ်အရေအတွက်တိုး လာလျက်ရှိရာ ယခုအခါအရေအတွက်တိုးလာ လျက်ရှိရာ နတ်မတောင်အမျိုးသား ဥယျာဉ်အပါအဝင်အခြား နေရာများ ဖြစ်သည့်ဘွေပါးတောင်နှင့် ဖိန်မှ တောင်တို့အား ခရီးသွားလုပ်ငန်းများ၏ အခြေခံစခန်းအဖြစ် တိုးချဲ့တည် ထောင်ရန် တိုင်းတာမှုများ ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံမှာ အတော်လေးထူးဆန်းပြီး အဆင့်ခုနစ်ဆင့်ရှိတဲ့ ဘုံတလောရေတံခွန်ဟာ မရောက်ဖူးတဲ့သူတွေ သွားသင့်သွားထိုက်တဲ့ရေတံခွန်လေးပါ၊ ချင်းပြည်နယ်က လည်ချင်စရာအကောင်းဆုံးနေရာတွေထဲမှာ တစ်ခုအပါအဝင်ဖြစ်ပါတယ်။ ရန်ကုန်ကနေ ပခုက္ကူ–မင်းတပ်–မတူပီလမ်းအတိုင်းတိုက်ရိုက်ကားတွေအများကြီးရှိပါတယ်။ မတူပီမြို့ကနေ ၁၀မိုင်လောက်ပဲဝေးပြီး ကား၊ ဆိုင်ကယ်နဲ့ သွားရင် မိနစ် ၃၀လောက်ပဲကြာပါတယ်။ ပြီးမှခြေကျင်ခရီးအဖြစ် မိနစ် ၂၀သာသာသွားရပါတယ်" ဟု ဘုံတလောရေတံခွန်သို့ လေ့လာရေးခရီးသွားရောက်သူတစ်ဦးက ပြောဆိုသည်။

ပြည်နယ်အတွင်း ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ပိုမိုအဆင်ပြေ ကောင်းမွန်ပြီး ဒေသတွင်းခရီးသွား နှုန်းမြင့်တက်လာစေရန်၊ လာရောက်လည်ပတ်သည့် ပြည်တွင်းပြည်ပခရီးသည်များ အလွယ်တကူ လည်ပတ်နိုင်စေရန်နှင့် လက်ရှိဖော်ဆောင်နေ သောသဘာဝ အခြေပြုခရီးသွား လုပ်ငန်းများ အထောက်အကူပြုနိုင်ရန်ရည်ရွယ်၍ ဆောင်ရွက်ခြင်း ဖြစ်သည်။

ဘုံတလောရေတံခွန်သည် မတူပီမြို့တောင်ဘက် ၁၀မိုင်ခန့်အကွာ ဖနိုင်ကျေးရွာအုပ်စု ထီစောင်ကျေးရွာတောင်ဘက် ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၄,၂၀၀ကျော်တွင် တည်ရှိပြီး ပထမဦးစွာ ကားသို့မဟုတ် ဆိုင်ကယ်တို့ဖြင့် သွားပြီးပါက ခြေကျင်ခရီးကိုမိနစ် ၂၀ခန့်လျှောက်ရကြောင်း၊လမ်းတစ်လျှောက်တွင် ရွှေပြောင်းတောင်ယာစိုက်ခင်းများ၊ လေ့ကားထစ်စိုက်ခင်းများ၊ ကျေးရွာများနှင့် တောတန်းများကိုတွေ့ရှိနိုင်သောကြောင့် သဘာဝအခြေခံခရီးသွားလိုသူများ အတွက် သွားသည့်သော နေရာတစ်ခုဖြစ်သည်။

T.Z

# ဘုရင့်နောင်မင်းတရားကြီး၏ ခေါင်းလောင်းစာအား ကမ္ဘာ့မှတ်တမ်းအမွေအနှစ်အဖြစ် သတ်မှတ်ခံရ



ကမ္ဘာ့မှတ်တမ်းအမွေ အနှစ်အတွက် အပြည်ပြည်ဆိုင်ရာအကြံပေးကော်မတီ၏ (၁၃) ကြိမ်မြောက် အစည်းအဝေးတွင် နိုင်ငံအသီးသီးမှ မှတ်တမ်းအမွေအနှစ်များကို အဆိုပြုတင်သွင်းရာ မြန်မာနိုင်ငံမှရွှေစည်းခုံဘုရားရှိ ဘုရင့်နောင်မင်းတရားကြီး၏ ခေါင်းလောင်းစာသည်ကမ္ဘာ့မှတ်တမ်း အမွေအနှစ်အဖြစ် သတ်မှတ်ခံရသည်။

၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ (၂၄) ရက်နေ့မှ (၂၇) ရက်နေ့အထိ ကျင်းပခဲ့သော ကမ္ဘာ့မှတ်တမ်းအမွေအနှစ်အတွက် အပြည်ပြည်ဆိုင်ရာ အကြံပေးကော်မတီ၏ (၁၃) ကြိမ်မြောက်အစည်းအဝေးတွင် နိုင်ငံအသီးသီးမှ မှတ်တမ်းအမွေအနှစ်ပေါင်း (၁၃၀) အဆိုပြုတင်သွင်းရာ မြန်မာနိုင်ငံမှ ပုဂံ၊ ရွှေစည်းခုံဘုရားရှိဘုရင့်နောင်မင်းတရားကြီး၏ ခေါင်းလောင်းစာအပါအဝင် မှတ်တမ်းအမွေအနှစ် (၇၈) ခုအားကမ္ဘာ့မှတ်တမ်းအမွေအနှစ်အဖြစ် သတ်မှတ်ခဲ့သည်။

ကမ္ဘာ့မှတ်တမ်း အမွေအနှစ် (Memory of the World) ဆိုသည်မှာ စာကြည့်တိုက်၊ ပြတိုက်နှင့် မော်ကွန်းတိုက်ဆိုင်ရာ စုဆောင်းမှုများဖြစ်သော ကျောက်စာ၊ လက်ရေးစာများ၊ တန်ဘိုးမဖြတ်နိုင်သော စာအုပ်များ၊ သတင်းစာများ၊ ဓာတ်ပုံနှင့် ပန်းချီကားများ၊ ဖလင်များ အသံနှင့် ဗီဒီယိုအခွေများ၊ ဗီဒီ အသံမှတ်တမ်းများ စာရွက်စာတမ်း အထောက်အထားများ စသည်တို့ဖြစ်သည်။ ကမ္ဘာ့အမွေအနှစ် (World Heritage) အဆင့်မျိုးမဟုတ်ဘဲ မှတ်တမ်းများကိုသာ အမိကထားသတ်မှတ်ခြင်းဖြစ်သည်။

အဆိုပါ ကမ္ဘာ့မှတ်တမ်းအမွေအနှစ်များသည် လူသားအားလုံးနှင့် သက်ဆိုင်သောကြောင့် ယင်းအမွေအနှစ်များကို ပြုပြင်ထိန်းသိမ်းရန်၊ ကာကွယ်စောင့်ရှောက်ရန်၊ မှတ်တမ်းအမွေအနှစ်များအား သိမြင်အလေးထားမှု မြှင့်တင်ရန်နှင့် အပြန်အလှန်အလေးထားမှု ရှိစေရန်အတွက် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးနှင့် အကူအညီအထောက်အပံ့ပေးရေးတို့ လိုအပ်သည်။ ၎င်းအချက်များအား ဖြည့်ဆည်းနိုင်ရန်အတွက် ကမ္ဘာ့နိုင်ငံအသီးသီးတွင် ရှိနေသော မှတ်တမ်း အမွေအနှစ်များအားကမ္ဘာ့မှတ်တမ်းအမွေအနှစ် စာရင်းအဖြစ် သတ်မှတ်နိုင်ရန် UNESCO Memory of the World (ယူနက်စကို ကမ္ဘာ့မှတ်တမ်းအမွေအနှစ်) အစီအစဉ်ကို ၁၉၉၂ ခုနှစ်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့မှတ်တမ်း အမွေအနှစ်အဖြစ် သတ်မှတ်ခံရသည့် ဘုရင့်နောင်မင်းတရားကြီး၏ ခေါင်းလောင်းစာသည် ပုဂံရှိ ရွှေစည်းခုံဘုရားရင်ပြင်တော်ပေါ်တွင်ရှိပြီး ထိုခေါင်းလောင်းကို မြန်မာသက္ကရာဇ် ၉၁၇ (အေဒီ ၁၅၅၇) ခုနှစ်တွင်ဆင်ဖြူရှင်ဘုရင့်နောင်မင်းတရားကြီးက သွန်းလုပ်၍ ချိတ်ဆွဲလှူဒါန်းခဲ့ခြင်းသည်။ ခေါင်းလောင်းပေါ်တွင် မွန်၊ မြန်မာ၊ ပါဠိ (၃)ဘာသာဖြင့် ရေးထိုးထားခြင်းဖြစ်သည်။ ခေါင်းလောင်းစာတွင် ဘုရင့်နောင်၏ တိုက်ခိုက်အောင်မြင်ရာအရပ်ဒေသနှင့် ထိုဒေသတို့၌ သာသနာပြုပုံများကို ရက်စွဲများဖြင့်အတိအကျဖော်ပြလျက် မှတ်တမ်းတင်ထားခဲ့ခြင်းဖြစ်သည်။

ဘုရင့်နောင် ခေါင်းလောင်းစာသည် ခိုင်လုံသောခေတ်ပြိုင်မှတ်တမ်းဖြစ်ခြင်း၊ နေ့ရက်များကို တိုက်ဆိုင်စစ်ဆေးသောအခါ တိကျမှန်ကန်ခြင်း၊ ဘုရင့်နောင်မင်းတရား၏ မိဖုရားအမည်များကို အတိအကျသိရခြင်း၊ မဟာရာဇဝင်ကြီးနှင့် မှန်နန်းရာဇဝင်တော်ကြီးတို့၌ မပြည့်မစုံ မတိမကျဖော်ပြထားသည်များကိုပြည့်စုံတိကျအောင် ဖြည့်စွက်နိုင်ခြင်း စသည့်အချက်များနှင့် ပြည့်စုံသောကြောင့် ကမ္ဘာ့မှတ်တမ်းအမွေအနှစ်အဖြစ် တင်သွင်းခဲ့ရခြင်းဖြစ်သည်။

ကမ္ဘာ့မှတ်တမ်း အမွေအနှစ်များအား ၁၉၉၇ ခုနှစ်မှစ၍ (၂) နှစ် တစ်ကြိမ် ရွေးချယ်သတ်မှတ်ခဲ့ရာ ၁၉၉၂ ခုနှစ်မှ ၂၀၁၇ခုနှစ်အထိ ကမ္ဘာတစ်ဝှမ်းမှ မှတ်တမ်းအမွေအနှစ်ပေါင်း (၄၂၆) ခု အားကမ္ဘာ့မှတ်တမ်းအမွေအနှစ်အဖြစ် သတ်မှတ်ခဲ့ပြီးဖြစ်သည်။ မြန်မာနိုင်ငံ အပါအဝင်အာဆီယံနိုင်ငံများဖြစ်သော ကမ္ဘောဒီးယားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံနှင့် တီမောလက်စတီနိုင်ငံတို့မှ မှတ်တမ်းအမွေအနှစ်များလည်း ကမ္ဘာ့မှတ်တမ်းအမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ခံရပြီး ဖြစ်သည်။

၂၀၁၁ ခုနှစ်၊ အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပခဲ့သော ယူနက်စကို ကမ္ဘာ့မှတ်တမ်းအမွေအနှစ် အစီအစဉ် အလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံမှ မှတ်တမ်းအမွေအနှစ် (၆) ခုကိုကနဦးစာရင်း (Tentative List) အဖြစ် တင်သွင်းခဲ့ခြင်းဖြစ်သည်။ ထို့နောက် ၂၀၁၂ ခုနှစ် မတ်လတွင် မဟာလေ ဂကမာရဇိန် ကုသိုလ်တော် ဘုရားကျောက်စာများအားမြန်မာနိုင်ငံ၏ မှတ်တမ်းအမွေအနှစ်အဖြစ်တင်သွင်းခဲ့ရာ ၂၀၁၃ ခုနှစ် ဇွန်လတွင် UNESCO က ကမ္ဘာ့မှတ်တမ်း အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ကြောင်း ကြေငြာခဲ့၍ မြန်မာနိုင်ငံ၏ ပထမဆုံးကမ္ဘာ့မှတ်တမ်းအမွေအနှစ်ဖြစ်ခဲ့သည်။ ဆက်လက်၍ ၂၀၁၄ ခုနှစ် မတ်လတွင် မြစေတီ (ရာဇကုမာရ်) ကျောက်စာအား တင်သွင်းခဲ့ရာ ၂၀၁၅ ခုနှစ် ဇွန်လတွင် မြန်မာနိုင်ငံမှ တင်သွင်းသောမြစေတီ (ရာဇကုမာရ်) ကျောက်စာအပြင် ဂျာမနီနိုင်ငံမှ မြန်မာနိုင်ငံနှင့် ပူးတွဲတင်သွင်းသော မြန်မာဘုရင်အလောင်း ဘုရားကဗြိတိန်ဘုရင်ဂျော့ – ၂ ထံသို့ ပေးပို့ခဲ့သော ရွှေပြားပေါ်တွင် ရေသားထားသည့် ရွှေပေလွှာကိုလည်း ကမ္ဘာ့မှတ်တမ်းအမွေအနှစ်အဖြစ် သတ်မှတ်ခံခဲ့ရသည်။

အိမ်စည်

ဓါတ်ပုံ MORAC

## ရိုက်ပေါက် ကိုမွန် နေပြည်တော်မှာလည်းရှိတယ်



"ဒီကားပေါ်မှာ ရာဘာကွင်းနဲ့ စည်းထားတဲ့
ငွေထုပ်ပျောက်တဲ့သူများ
ရှိပါသလားခင်ဗျာ" ဟု
ဘတ်စ်ကားစီး ခရီးသည်ကမေး၏
"ရှိပါတယ်" ဟု ကားပေါ်မှ
လူအတော်များများက ပြန်ဖြေကြ၏
ထိုအခါ ... ခရီးသည်က
"စိတ်မကောင်းစရာပဲဗျာ။
ကျွန်တော်က ရာဘာကွင်းပဲ
ကောက်ရတာဗျ" ဟု
ပြောလေသည်။

ဝန်ထမ်းအိမ်ရာမှ
အမျိုးသမီးနှစ်ဦး စကားပြောနေကြသည်။
"နှင့်ယောက်ျား အလုပ်ကိစ္စနဲ့
နေပြည်တော် သွားတယ်ဆိုတဲ့ စကားကို လုံးဝမယုံနဲ့ဟေ့၊
သူအိမ်ပြန်လာတော့ နှုတ်ခမ်းနီနဲ့မှန်တောင်မှ
ပါမလာတာကို သတိထားမိလား"
"သတိထားမိတာပေါ့။
ပြန်လာရင် ဂျေဒိုးနတ်မှန်ဘူးပဲ ပါပါလာတယ်လေ
ဒါကြောင့်မို့ သူနေပြည်တော်သွားတယ်ဆိုတာ
ယုံလိုက်တာပေါ့"



# အခွန့်ရှည်ပါစေ ရန်ကုန်စာအုပ်လမ်း

**အိမ်စည်**







စနေ တနင်္ဂနွေရုံးပိတ်ရက်များတွင် ရန်ကုန်မြို့ရှိသိမ်ဖြူလမ်းသည် ဖြတ်သွားဖြတ်လာကားသံများမှတပါး တိတ်ဆိတ်လို့နေသည်။ တချိန်က တော့ ယခုကဲ့သို့ စနေတနင်္ဂနွေရက်များတွင် ဤလမ်းသည် ထိုသို့မဟုတ်။ စည်ကားသည့်နေရာတစ်ခုဖြစ်ခဲ့သည်။ အကြောင်းမှုကား ရန်ကုန်စာအုပ်လမ်းအဖြစ်သတ်မှတ်၍ စာအုပ်ဆိုင်များ၊ အမှတ်တရအရောင်းဆိုင်များ၊စာအုပ်လာရောက်ဝယ်ယူသူများတို့ဖြင့် စည်ကားခဲ့ခြင်းဖြစ်သည်။

ဤသိမ်ဖြူလမ်းသည် ရန်ကုန်စာအုပ်လမ်းဖြစ်လာခဲ့သည်မှာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ၏ စိတ်ကူးစိတ်သန်းနှင့် မြန်မာနိုင်ငံစာပေထုတ်ဝေသူဖြန့်ချိသူများအသင်း၏ ကြပ်မတ်စီစဉ်မှုများကြောင့် အကောင်အထည်ပေါ်လာခဲ့ခြင်းဖြစ်သည်။ ၂၀၁၇ ခုနှစ်နှစ်ဆန်းပိုင်းမှစတင်ကာ ဧပြီလအထိပွင့်လင်းရာ သီတစ်လျှောက်စာအုပ်လမ်းအဖြစ်လှုပခဲ့ခြင်းဖြစ်သည်။

ယခုနှစ်ဇန်နဝါရီ ၇ ရက် ကပြုလုပ်ခဲ့သည့် ရန်ကုန်စာအုပ်လမ်းဖွင့်ပွဲအခမ်းအနားတွင် စာအုပ်လမ်းအဖြစ်ဖွင့် လှစ်ပေးဖြစ်ခဲ့သည့် ရည်ရွယ်ချက်ကို ပြန်ကြားရေးဝန်ကြီးဌာန ပြန်ထောင်စုဝန်ကြီး ဦးဖေမြင့်က "စာပေဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင်၊ စာရေးသူတွေများဖို့၊ စာဖတ်သူတွေများဖို့လိုပါတယ်။ အဲ့ဒီလိုရည်ရွယ်ချက်တွေနဲ့ စာတမ်းဖတ်ပွဲတွေ စာအုပ်စျေးရောင်းပွဲတော်တွေ လုပ်ခဲ့တယ်။ အခုဒီနေရာလေးက လူနေအိမ်တွေနဲ့လည်း နည်းနည်းလှမ်းတော့ စာအုပ်နဲ့ပတ်သက်တဲ့ သီးသန့်စျေးတန်းလေးဖြစ်ပြီး စာဖတ်ဝါသနာပါသူတွေ စာသမားတွေတွေ့ဆုံကြ၊ ဆွေးနွေးကြ၊ စာအုပ်ဝယ်ကြနဲ့ဖြစ်အောင် ဆိုပြီးဖွင့်လှစ်ပေးဖြစ်ခဲ့တာပါ" ဟု ထည့် သွင်းပြောကြားခဲ့သည်။

လက်တွေ့တွင်လည်း ထိုလမ်းလေးသည်ပြည်ထောင်စုဝန်ကြီး၏ ရည်ရွယ်ချက်များ အထမြောက်ခဲ့သည်ပင်။ ထိုအကြောင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းအတွင်းရေးမှူး ဦးမြင့်ထွန်းကပြောပြသည်မှာ "စာအုပ်လမ်းလေးက စာရေးဆရာတွေ ထုတ်ဝေသူတွေရဲ့ ဆုံရပ်လေးလည်း ဖြစ်သွားတယ်။ ဘာပဲပြောပြောမတွေ့ဖြစ်တဲ့မိတ်ဆွေတွေကို စနေ၊ တနင်္ဂနွေဆိုရင် စာအုပ်လမ်းလေးမှာတွေ့ ဖြစ်ကြတယ်။ စာပေသမားတွေတွေ့ကြတယ် ဆုံကြတယ်ပြောကြတယ်ဆိုတဲ့ ယဉ်ကျေးမှုလေးတစ်ရပ် ထွန်းကားသွားတယ်" ဟုဆိုသည်။

ထိုလမ်းလေးတွင် ဖွင့်လှစ်ခွင့်ပြုထားသည့်ဆိုင်ခန်းများမှာ ယာယီ ဆိုင်ခန်းများဖြစ်ပြီး မိုးကာလတွင် စာအုပ်လမ်းအဖြစ်ဖွင့်လှစ်ခွင့်ပြုခြင်မရှိခဲ့ပေ။ ထိုသို့သောစနေ တနင်္ဂနွေရက်များ၏ သိမ်ဖြူလမ်းသည် တိတ်ဆိတ်မှုများက လွှမ်းမိုးမှုရှိခဲ့သည်။ ထိုလမ်းလေးထက်တွင် စာပေအလှတရားများနှင့် ပြန်လည်သက်ဝင် လာတော့မည်ဖြစ်သည်။

ပထမဆုံးအကြိမ်ဖွင့်လှစ်ခဲ့သည့် စာအုပ်လမ်းတွင် စာအုပ်အဟောင်းအသစ် စုံလင်စွာရရှိနိုင်သကဲ့သို့ အမှတ်တရအရောင်းဆိုင်များကိုလည်း တွေ့မြင်ဝယ်ယူနိုင်သည်။ ထိုအတူပင် ယခုပြန်လည်ဖွင့်လှစ်မည့် ရန်ကုန်စာအုပ်လမ်းတွင်လည်း ထိုသို့သောဆိုင်ခန်းများကို တွေ့မြင်ရဦးမည်ဖြစ်သည်။ ပထမဆုံးအဖြစ် ဖွင့်လှစ်နိုင်ခဲ့သည့်အချိန်ကထက် ယခုအကြိမ်တွင် ပိုမိုကောင်းမွန်ပြီး အမှတ်တရအရောင်းဆိုင်များကိုလည်း ပိုမိုထည့်သွင်းဖွင့်လှစ်နိုင်အောင် တာဝန်ရှိသူများစီစဉ်သွားကြမည်ဟုလည်း သိရသည်။ ထို့အပြင် စာပေဆိုင်ရာအခမ်းအနားများကိုလည်း အပတ်စဉ်ထည့်သွင်းကျင်းပနိုင်ရန်လည်း ရည်ရွယ်ထားကြောင်း မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့်ဖြန့်ချိသူများအသင်း အတွင်းရေးမှူး ဦးမြင့်ထွန်းက စာအုပ်လမ်းအတွက်စီစဉ်ထားမှုများကိုပြောပြပါသည်။

"အရင်တစ်ခေါက်ကတော့ အတွေ့အကြုံလည်းမရှိဘူး။ မြန်မြန်စားစားကြီးဖွင့်ရတဲ့သဘောတွေလည်းရှိတဲ့အခါကျတော့ အားလုံးတော့ အဆင်ပြေပေမယ့် တချို့ပွဲလေးတွေ စီစဉ်သင့်ပေမယ့် မစီစဉ်နိုင်ခဲ့ဘူးပေါ့နော်။ အခုက တော့ အရင်ကအတွေ့အကြုံရယ် အခြေအနေရယ်ကိုမှုတည်ပြီးတော့ ဒီနှစ်မှာ စာအုပ်လမ်းလေးကို ဒီထက်ပိုပြီ စည်သွားအောင် စာရေးသူနဲ့စာဖတ်သူတွေရဲ့ စာဖတ်ဝိုင်းလိုမျိုးတွေ စာအုပ်မိတ်ဆက်ပွဲလိုမျိုးတွေ အနုပညာနယ်ပယ်ကလူတွေနဲ့ပေါင်းပြီး ဟောတာပြောတာလေးတွေကို ဖျော်ဖြေမှုလေးတွေပါပါအောင် စီစဉ်နေပါတယ်။ နောက်ပြီးတော့ စာပေနဲ့ပတ်သက်တဲ့ပဟေဠိလေးတွေနဲ့လုပ်ပြီးဆုအဖြစ် စာအုပ်လက်ဆောင်ပေးတဲ့အစီအစဉ် မျိုးလေးတွေ အဲ့ဒါမျိုးလေးတွေလည်းပါမှာပါ။ ဒီနှစ်မှာ လက်ဆောင်ပစ္စည်းဆိုင်တွေကိုလည်း တိုးချဲ့ဖို့အစီအစဉ် ရှိပါတယ်။ အဲ့ဒီအစီအစဉ်လေးတွေကို ဖွင့်ပွဲပြီး နောက်တစ်ပတ်လောက် ကတည်းက တောက်လျှောက်ထည့်နိုင်အောင် ကြိုးစားသွားမှာပါ" ဟု နိုဝင်ဘာ ဒုတိယအပတ်တွင် ပြန်လည်ဖွင့်လှစ်တော့မည့်စာအုပ်လမ်းအကြောင်း စီစဉ်ထားမှုများကို ၎င်းကရှင်းပြပါသည်။

စိတ်ကူးချိုချို စာပေလောက၊ ကံ့ကော်ဝတ်ရည်၊ ဆုပြည့်စုံထွန်း၊ ခရေဖူး၊ အုန်းစောစသည့်ဖြင့်အထင်ကရ စာအုပ်ဆိုင်များ၊ မြန်မာမှုဆိုင်ရာ အမှတ်တရအရောင်းဆိုင်များကို ဆိုင်ခန်းပေါင်းတစ်ရာငါးဆယ်ကျော်ဖြင့် စာပေနှင့်ယဉ်ကျေးမှုအနှစ်သာကို ရန်ကုန်စာအုပ်လမ်းတွင် ရန်ကုန်သူရန်ကုန်သားတို့အတွက်သာမက ဒေသအသီးသီးမှစာပေချစ် မြတ်နိုးသူများကလည်း စိတ်ဝင်တစားလာရောက်အားပေးကြသည်။ ထို့အတူ နိုင်ငံခြားသားဧည့်သည်များကိုလည်း ထိုလမ်းလေးထက်တွေ့မြင်ရသည်။ ထိုသို့သောအခြေအနေများနှင့်ပြီးခဲ့သည့်ကာလများတွင် ရန်ကုန်စာအုပ်လမ်းသည် ပွဲတော်တစ်ခုအလား စည်ကားလွန်းလှသည်။

ထိုသို့သော စာအုပ်လမ်းပြန်လည်ဖွင့်လှစ်မည့်ဖြစ်သည့် သတင်းအတွက် စာပေချစ်မြတ်နိုးသည့် တောင်ကြီးမြို့မှ အစိုးရဝန်ထမ်းတစ်ဦးက မှတ်ချက်ပြုသည်မှာ "ပြန်ဖွင့်ပြီဆိုရင်တော့ ရန်ကုန်ရောက်ရင်သွားဝယ် ဖြစ်ဦးမှာပါ။ ပြီးခဲ့တဲ့ တစ်ခေါက်ဖွင့်တုန်းကလည်း ရောက်ဖြစ်တယ်။ စာအုပ်တွေ ဝယ်ဖြစ်သလို စိန်စကြာ အမှတ်တရ အရောင်းဆိုင်ကလည်း လက်ဆောင်လေးတွေယူဖြစ်တယ်" ဟု ဆိုလေသည်။

ပြီးခဲ့သည့်အခေါက်ဖွင့်လှစ်ခဲ့သည့်အချိန်ကရောင်းအား ကောင်းခဲ့သည့်အတွက်ကြောင့် စနေ၊တနင်္ဂနွေရက်များတွင်သာမက နေ့စဉ်ဖွင့်လှစ်ပါက ပိုမိုကောင်းမွန်မည်ဟု မှတ်ချက်ပြုသူကတော့ စာအုပ်အဟောင်းများကို အမိက ရောင်းချသည့်ဆိုင်ရှင်တစ်ဦးဖြစ်သည်။

"အဲ့ဒီမှာရောင်းတာက လူတိုင်းကဒီမှာစာအုပ်လမ်းရှိတယ်ဆိုပြီးလာကြတော့ ဝယ်သူတွေကလည်း အမြဲ ရတယ်။ ရောင်းအားလည်းမြို့ထဲမှာပုံမှန်ရောင်းတဲ့ဆိုင်ထက်တောင်မှရောင်းအားကောင်းသေးတယ်။ ဒီနှစ်လည်း ရောင်းဖို့အတွက် စာရင်းပေးထားပြီးပြီ" ဟုဆိုသည်။

"ဒီစာအုပ်လမ်းလေးပေါ်လာတာမှာ ဘာပဲပြောပြောစာဖတ်အားတစ်ခုတိုးလာတယ်။ ဒီစာအုပ်လမ်းလေးမှာ လာဝယ်တဲ့သူတွေက နယ်တွေကပါပါတာကိုတွေ့ရတယ်။ နောက်ပြီးလမ်းသွားလမ်းလာတွေ ခါတိုင်းအလုပ်မအား လပ်လို့မဝယ်ဖြစ်တဲ့သူတွေကလည်း စနေ၊ တနင်္ဂနွေမှာလာပြီးလာရောက်လေ့လာကြတယ်။ ဝယ်ကြတယ်ဆိုတော့ စာဖတ်အားတစ်ခုတော့ တိုးလာတယ်" ဟု စာပေတန်းဖိုးကိုသိရှိအလေးထားမှုတိုးပွားလာ ခြင်းအတွက် စာအုပ်လမ်းလေး၏ တစ်ဖက်တစ်လမ်းမှ အထောက်အပံ့အားဖြည့်နိုင်စွမ်းကိုဦးမြင့်ထွန်းက သတိတရပြောပြပါသည်။

စာအုပ်လမ်းသည် ယာယီဖြစ်သည့်အတွက် ထာဝစဉ်တည်ရှိမည်ဆိုလျှင် စာပေစျေးကွက်ကျဆင့်မှုကိုလည်း အထောက်အပံ့တစ်ခုဖြစ်စေမည်ဖြစ်သည်။ နိုင်ငံတကာတွင်လည်း ထိုသို့သောစာအုပ်လမ်းမျိုးကို ခိုင်မာသည့်ဆိုင်ခန်းများဖြင့် တစ်နှစ်တာကာလပတ်လုံး ဖွင့်လှစ်ခွင့်ပြုပေးထားမှုများရှိသည်ပင်။

"နိုင်ငံတကာမှာလို စာအုပ်လမ်းကို စနေ၊ တနင်္ဂနွေ မဟုတ်ဘဲနဲ့ ပုံမှန်ဖွင့်နိုင်တဲ့စာအုပ်လမ်းမျိုးလုပ်ပေးနိုင်ရင်ပို ကောင်းပါတယ်။ ဗီယက်နမ်မှာဆိုရင် ဟိုချီမင်းမှာ စာအုပ်လမ်းဆိုတာရှိတယ်။ ဟန္နိုင်းမှာစာအုပ်လမ်းရှိတယ်။ သတို့က လေးတိုင်စင်လေးတွေနဲ့ထီးလေးတွေမိုး ထားပြီးလုပ်ထားတာမဟုတ်ပဲ သပ်သပ်ရပ်ရပ်လှ လှပပနဲ့ တစ်နှစ်ပတ်လုံးဖွင့်လို့ရတဲ့စာအုပ်တန်းမျိုးလုပ်ပေးနိုင်ရင်တော့ ပိုကောင်းတာပေါ့" ဟု မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့်ဖြန့်ချိသူများအသင်း အတွင်းရေးမှူး ဦးမြင့်ထွန်းက အသင်းမှတာဝန်ယူစီမံနေရသည့် စာအုပ်လမ်းလေးအပေါ် ပိုမိုတောက်ပစေလိုသည့်ဆန္ဒကို ပြောပြပါသည်။

ထို့ပြင် အသင်းအနေဖြင့် ထိုသို့စာအုပ်လမ်းပေါ်ထွက်လာရေးအတွက် ကြိုးပမ်းခဲ့ရပုံကိုလည်း "ကျွန်တော်တို့၏ ဝန်ကြီးဌာနကို အဲ့ဒီလိုမျိုးအကြံပြုတာ အခုလက်ထက်မှမဟုတ်ပါဘူး။ ရှေ့ပိုင်း ဝန်ကြီးတွေ အဆက်ဆက်အကြံပြုခဲ့ပါတယ်။ အကြောင်းအမျိုးမျိုးကြောင့်ငြင်းပယ်ခဲ့တာရှိပါတယ်။ ဒီစာအုပ်လမ်းလေးလည်း ကျွန်တော်တို့ရဲ့ အကြံပြုချက်နဲ့သက်ဆိုင်ရာဝန်ကြီးဌာနက ဒီခေတ်ဒီကာလမှာ လုပ်ပေးလို့ရတဲ့အနေအထားမျိုးဖြစ်တဲ့အတွက် သမ္မတရုံးအထိတင်ပြီး လုပ်ပေးခဲ့တာပါ။ အခုကာလကတော့ ကျွန်တော်တို့လုပ်လို့ရတဲ့ အနေအထားကနေစပြီးလုပ်တယ်ပေါ့ဗျာ။ ဒီထက်ပို ပြီးလုပ်ခွင့်ရမယ်ဆိုလို့ရှိရင်လည်း ကျွန်တော်တို့လုပ်သွား ဖို့ရှိပါတယ်။ အမြဲတမ်းအဖြစ်နဲ့ အဆောက်အဦးကိုလည်း သပ်သပ်ရပ်ရပ်လေးနဲ့ အခုလိုမျိုး နေပူကျဲတဲမှာမဟုတ်ဘဲနဲ့ ထိုက်သင့်တဲ့ခိုင်မာတဲ့ အဆောက်အဦးမျိုးလေးမှာ ဖွင့်ခွင့်ရမယ်ဆိုလို့ ရှိရင် နေ့စဉ်ဖွင့်ချင်ပါတယ်" ဟုဆိုလေသည်။

မည်သို့ဆိုစေ ပထမအကြိမ်မှသည် ယခုပြန်လည်ဖွင့်လှစ်မည့်နိုဝင်ဘာ ၁၁ ရက်ဆိုလျှင် ရန်ကုန်စာအုပ်လမ်းလေးသည် ဒုတိယအကြိမ်အဖြစ်ရောက်ရှိတော့မည်ဖြစ်သည်။ ပထမအကြိမ်အဖြစ်ဖွင့်လှစ်ခဲ့သည့် ထိုစာအုပ်လမ်းတစ်လုံး၏ စီမံခန့်ခွဲမှုကို မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းကတာဝန် ယူဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး ယခုအကြိမ်ပြန်လည်ဖွင့်လှစ်မှုတွင် ကြီးကြပ်ရေး ကော်မတီကိုပါဖွဲ့စည်း ဆောင်ရွက်သွားမည်ဖြစ်သည်။ ထိုကော်မတီတွင် ဆိုင်ခန်းဖွင့်လှစ်ထားသူများကိုလည်း ထည့်သွင်း နေရာပေးသွားမည်ဖြစ်ကြောင်း ဦးမြင့်ထွန်းကပြောပြပါသည်။

"စာအုပ်လမ်းတစ်လုံးလုံးရဲ့ စီမံခန့်ခွဲမှုကို မြန်မာနိုင်ငံစာပေထုတ်ဝေသူနဲ့ဖြန့်ချိသူများအသင်းက စီမံခန့်ခွဲပါတယ်။ ဒါပေမဲ့လည်းစာအုပ်လမ်းကြီးကြပ်ရေးကော်မတီကိုထပ်ပြီးဖွဲ့ဖို့လည်း အစီအစဉ်ရှိပါတယ်။ အသင်း က တာဝန်ရှိတဲ့သူတွေ ဦးဆောင်ပြီးတော့ တကယ်ဆိုင်လာဖွင့်တဲ့သူတွေသူတို့ကိုယ်တိုင်လည်း ကော်မတီထဲမှာ ပါဝင်ပြီး ကိုယ့်စာအုပ်လမ်းလေးကိုကိုယ်ပြန်ကြီးတော့ပိုမိုကောင်းမွန်အောင် ကြီးကြပ်တဲ့စနစ်လေးနဲ့ သွားမှာပါ" ဟု ၎င်းက ပိုမိုကောင်းမွန်သည့်အစီအမံများကိုရှင်းပြပါသည်။

ထိုသို့သောကောင်းမွန်လှပသည့် စိတ်ကူးများဖြင့် ရန်ကုန်စာအုပ်လမ်းသည့် ပွင့်လင်းရာသီတစ်လျှောက် လုံးဖွင့်လှစ်ပေးထားမည်ဖြစ်ရာ ၂၀၁၈ ခုနှစ် ဧပြီလအထိငါးလတာသက်တမ်းရှိ မည်ဖြစ်သည်။ "စာအုပ် တစ်အုပ်သည် ထောင်တံခါးတစ်ချပ်ကိုဖိတ်စေသည်" ဟု စာပေတန်ဖိုးကိုညွှန်း ဆိုကြရာတွင် စာအုပ်များစွာကို တစ်နေရာတည်းတွင် ဝယ်ယူဖတ်ရှုနိုင်ခြင်းသည် မည်မျှသောအကျိုးကျေးဇူးအထိဖြစ်ထွန်းစေနိုင်မည်ကို မှန်းဆပင်ရမည်မဟုတ်ပါ။ ထို့ကြောင့်ပင် ပွင့်လင်းရာသီကာလများမှသည် ခိုင်ခံ့သည့်အဆောက်အဦးအများနှင့် အခွန့်ရှည်စေရေးကိုကား အားလုံးကကြိုဆို နေကြမည်မှာ မလွဲဧကန်ပင်ဖြစ်တော့သည်.....။

**ကျွန်တော်တို့၏ ဝန်ကြီးဌာနကို အဲ့ဒီလိုမျိုးအကြံပြုတာ အခုလက်ထက်မှမဟုတ်ပါဘူး။ ရှေ့ ပိုင်းဝန်ကြီးတွေ အဆက်ဆက်အကြံပြုခဲ့ပါတယ်။ အကြောင်း အမျိုးမျိုးကြောင့်ငြင်းပယ်ခဲ့တာရှိပါတယ်။ ဒီစာအုပ်လမ်းလေးလည်း ကျွန်တော်တို့ရဲ့ အကြံ ပြုချက်နဲ့သက်ဆိုင်ရာ ဝန်ကြီးဌာနက ဒီခေတ်ဒီကာလမှာလုပ်ပေး လို့ရတဲ့အနေအထားမျိုး ဖြစ်တဲ့အတွက် သမ္မတရုံးအထိတင်ပြီး ... ။**

* * *

FINANCIAL EXPRESS မှ မူရင်းအတိုင်း တင်ပြအပ်ပါသည်။

# Myanmar to launch own satellite system-2 in 2019



**Myanmar has planned to launch its oown satellite system Myanmar Sat-2 in June in 2019, offical Global New Light of Myanmar reported on Saturday. (Representative Image/Reuters)**

Myanmar has planned to launch its own satellite system Myanmar Sat-2 in June in 2019, offical Global New Light of Myanmar reported on Saturday.

By: IANS Yangon Updated: October 22, 2017 5:54 AM

TOP NEWS

Myanmar has planned to launch its own satellite system Myanmar Sat-2 in June in 2019, offical Global New Light of Myanmar reported on Saturday. To establish state-own satellite system, the three ways _ Condosat which is to lease the use of satellite transponder of another country, joint ownership system and total ownership system_ are needed to be done. Vice President U Myint Swe told a coordination meeting of the steering committee in Nay Pyi Taw. The Myanmar Sat-2 will be used on joint ownership while the Myanmar Sat-1 is currently used on lease system.

The project will cost about $155.7 billon. The Vice President urged the committe to put the Indefeasible Right of Use (IRU) of the transponder as an unchangeable provision in the contract. The vice president also called on the ministries which are currently working for Myanmar Sat-1 using the foregin satellite to hire Myanmar Sat-2 after their contracts with foregin firms expire.

- Myanmar has planned to lunch its own satellite system Myanmar Sat-2 in June in 2019, offical Global New Light of Myanmar reported on Saturday.

- The Myanmar Sat-2 will be used on joint ownership system while the Myanmar Sat-1 is currently used on lease system.

- The project will cost about $155.7 billion.

မြန်မာစက် ၂ဟု အမည်ရသော ကိုယ်ပိုင်ဂြိုလ်တုအား ၂၀၁၉ ဇွန်လတွင် လွှတ်တင်မည်ဖြစ်ကြောင်း အစိုးရပိုင် မြန်မာ့အလင်း၊သတင်းစာမှ စနေနေ့က ဖော်ပြခဲ့သည်။

- မြန်မာစက် ၂အား ပူးတွဲပိုင်ဆိုင်မှုစနစ်ဖြင့် လွှတ်တင်မည်ဖြစ်ပြီး၊ လက်ရှိသုံးနေသော မြန်မာစက် ၁ မှာ အငှားစနစ်ဖြင့် ဖြစ်သည်၊

- $ ၁၅၅.၇ ဘီလျံကုန်ကျမည်ဟု သိရသည်။






# ရောက်ပြီးသွားပြီလား "မယားကြောက်ရွာ"

"ရင်ဘတ်ထဲကမ်း" ဇာတ်ကားကိုပရိသတ်နှစ်ခြိုက်စွာအားပေးခဲ့ပြီးနောက် ယခုအပတ် ရုံတင်လာသည့် မြန်မာဇာတ်ကားသစ်မှာ "မယားကြောက်ရွာ" ဖြစ်သည်။ "ရင်ဘတ်ထဲကမ်း" သည် ဇာတ်အိမ်ခိုင်မာစွာနှင့် ဒါရိုက်တာနှင့် မင်းသားမင်းသမီးဇာတ်ပို့ တို့၏ အင်အားကလည်းခိုင်မာသည်။ ထို့ကြောင့် ပင်လျှင် ပရိသတ်၏အားပေးမှုလည်းခိုင်မာခဲ့သည်။

ယခုအပတ်တွင်တော့ "မယားကြောက်ရွာ" ။ အုပ်ချုပ်ရေးမှူးကအစ…ကဗွီယအဆုံး …ရွာမှာကပ်နေရတဲ့အရှုးပါမကျန်မယားတွေကိုသေမလောက်ကြောက်ရတဲ့ "မယားကြောက်ရွာ" ဟာသဇာတ်ကားရုံတင်လာသည်။ဒါရိုက်တာကိုဇော် (အရုဏ်ဦး) ရိုက်ကူးပြီး သရုပ်ဆောင် လူမင်း၊ ခန့်စည်သူ၊ ညီထွဋ်ခေါင်၊ ခင်လှိုင်၊ ဒိန်းဒေါင်၊ စိုးမြတ်သူဇာ၊ နိုင်သင်းကြည်၊ သွန်းဆက်၊ တက္ကသိုလ်ဝွမ်းပုံမွှင့်တို့ပါဝင်ထားကြပြီး ဘဝအမောများပြေပျောက်သွားစေမည့် ဇာတ်ကားတစ်ကားဖြစ်သည်။

ဇာတ်လမ်းကတော့"မယားကြောက်ရွာ"ဆိုသည့်အတိုင်းပင် ရွာသူကြီးမှအစပြု၍ ရွာရှိယောက်ျားတိုင်းသည် မိန်းမကြောက်ရသည့်အတွက်ကြောင့် "မယားကြောက်ရွာ"ဟုအမည်တွင်လာခြင်းဖြစ်ပြီးထိုရွာတွင် မယားကြောက်သူများအစည်းအရုံး၊ လင်နိုင်သူများအစည်းအရုံးအဖွဲ့များလည်း ဖွဲ့စည်းထားကြသည်။ "မယားကြောက်ရွာ"တွင် လင်ဖြစ်သူက မယားကိုကြောက်ကြသည်မှာ အစဉ်အလာတစ်ရပ်ပင် ဖြစ်၍နေသည်။

ထိုရွာမှာ ရွှေမိနဲ့ ငွေလှိုင်တို့က အပျိုကြီးတွေဖြစ်သော်လည်း လင်နိုင်သူများအစည်းအရုံးရဲ့ အကြံပေးဖြစ်ကြသည်။ သူတို့နှစ်ယောက်နှင့် သာချို ရှင်ကြီးတို့နှစ်ယောက်မှာ တစ်ခါတွေ့ဖူးပြီးတစ်ယောက်နဲ့တစ်ယောက်လည်း စိတ်ဝင်စားကြသည်။ သာချိုတို့နှစ်ယောက်က ရွာ၏မယားကြောက်တဲ့ဓလေ့ကိုဖြေရှင်းနိုင်ရန် နည်းလမ်းအဖြစ် ရွှေမိနှင့်ငွေလှိုင်တို့ကို အပိုင်ချုပ်ဖို့ စီစဉ်ခဲ့ကြသည်။

ရွှေမိနှင့်ငွေလှိုင်တို့ဘက်မှာလည်း အကြံနှင့်။ ရွာသားတွေက သာချိုနဲ့ရှင်ကြီးကို အားကိုးနေတာကြောင့် သူတို့အား ပညာပေးဖို့ စီစဉ်နေသူများဖြစ်သည်။ဒါကို သာချိုနဲ့ ရှင်ကြီးတို့ကတော့ မသိခဲ့ကြ။ သူတို့ သိလိုက်ချိန်သည် မင်္ဂလာဦးညဖြစ်သည်။

ဤသို့ဖြင့် "မယားကြောက်ရွာ" ဘာတွေဆက်ဖြစ်မည်နည်း။ ဇာတ်ကားကတော့ နိုဝင်ဘာ ၃ ရက်တွင်ရန်ကုန်၊ မန္တလေးအပါအဝင် နယ်မြို့က ရုပ်ရှင်ရုံတွေမှာ တစ်ပြိုင်တည်း ရုံတင်နေသည်။ ဒီ ဇာတ်ကားတွင်သာချိုအဖြစ် လူမင်း၊ ရှင်ကြီးအဖြစ် ခန့်စည်သူ၊ ရွှေမိအဖြစ် စိုးမြတ်သူဇာ၊ ငွေလှိုင်အဖြစ် နိုင်သင်းကြည်တို့က အဓိကပါဝင်ထားပြီး ဇာတ်ပို့ဇာတ်ရံအင်အား ကောင်းကောင်း၊ ဇာတ်လမ်းနှင့်ဇာတ်ညွှန်း နေရိုးသော်ဖြစ်သည်။ ရုံတင်ရက်လည်း အချိန်မီသေးသည်မို့ ဟာသဇာတ်ကား နှစ်သက်သူတို့ အတွက်အကြိုက်တွေ့မည့် ဇာတ်ကားတစ်ကားအဖြစ် ဖော်ပြလိုက်ပါသည်။

နိုင်ငံတကာ ဇာတ်ကားကောင်းများကို စိတ်ဝင်စားသူတို့အတွက်တော့ Thor : Ragnarok(3D)၊ Secret Superstar (2D)၊ Geostorm( 3D)နှင့် Blade Runner 2045(3D)တို့ ရုံတင်နေဆဲဖြစ်သည်မို့ သွားရောက်အားပေးနိုင်သေးသည်။

**နိုင်ငံတကာရုပ်ရှင်များနှင့်အပြိုင် ရုံတင်နေသည့် Thor: Ragnarok 3D**

Thor: Ragnarok 3D ဇာတ်ကားသည် အမေရိကန်နိုင်ငံရှိ ရုပ်ရှင်ရုံများနှင့် အပြိုင် ရုံတင်နေသည့် ကမ္ဘာနှင့်အဝှမ်း စိတ်ဝင်စားမှုများနေသည့် ဇာတ်ကားဖြစ်သည်။

ဇာတ်လမ်းမှာ Asgard ဂြိုလ်၏ အိမ်ရှေ့မင်းသား Thor သည် Sakaar ဂြိုလ်၏ အုပ်ချုပ်သူ Grand Master ၏ ဖမ်းဆီးခြင်းကို ခံခဲ့ရချိန်၌ Thor ၏ အစ်မဖြစ်သည့် မိစ္ဆာနတ်ဘုရားမ Hela က Asgard သို့ လာရောက် သိမ်းပိုက်ခဲ့သည်။ ထို့ပြင် Hela သည် နတ်ဘုရားမျိုးနွယ်စုများကိုလည်း လိုက်လံနှိမ်နင်းခဲ့သည်။ ထိုအချိန်တွင် Thor မှာ ကမ္ဘာမြေမှ မိတ်ဆွေကြီးဖြစ်သည့် လိုကီနှင့် နတ်ဘုရားမျိုးနွယ်စုဝင် တစ်ဦးဖြစ်သည့် Vallyrie တို့နှင့်ဆုံမိပြီး Hela အား ပြန်လည်တိုက်ခိုက်ပုံများကို ရိုက်ကူးထားသည်။



အဆိုပါ ဇာတ်ကားကို ဒါရိုက်တာ Taika Waititi က ရိုက်ကူးထားပြီး Chris Hemsworth, Tom Hiddleston, Cate Blanchett, Mark Ruffalo, Jeff Goldblum, Tessa Thompson တို့ အဓိက ပါဝင်ထားခြင်းဖြစ်သည်။

ဤဇာတ်ကားကို ရန်ကုန်မြို့နှင့် မန္တလေးမြို့ရှိ ရုပ်ရှင်ရုံများတွင် နိုဝင်ဘာလ ၃ ရက်နေ့မှ စတင်ပြသနေပြီဖြစ်သည့်အတွက် အမေရိကန်ရုပ်ရှင်ရုံများနှင့်အပြိုင် ပြသနေသည့် Thor: Ragnarok 3D ကိုမှ ကြည့်လို သူများ၊ သွားရောက် အားပေးနိုင်ဦးမည်ဖြစ်သည်။

အိမ်စည်

# နောက်ဆုံးထွက် စာအုပ်မျိုးစုံနှင့် နိုင်ငံရေးစာပေများကို အိမ်အရောက်ပို့စနစ်ဖြင့် ငှားရမ်းနိုင်ပြီဖြစ်ကြောင်း



နောက်ဆုံးထွက် စာအုပ်မျိုးစုံနှင့် နိုင်ငံရေးစာပေများကို အိမ်အရောက်ပို့ဆောင်သည့် စာအုပ်အငှားဝန်ဆောင်မှုလုပ်ငန်းကို ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်၊ အောင်သပြေလမ်းရှိ ထင်ပေါ်စာပေတွင် ငှားရမ်းနိုင်ပြီဖြစ်ကြောင်း သိရသည်။

အငှားဆိုင်အများစုတွင် တင်သော စာအုပ်များသည် အပျော်ဖတ်စာအုပ်များဖြစ်နေ၍ ဂန္ထဝင်စာအုပ်များ ဖတ်ရှုရန် ခက်ခဲနေသူများ၊ အသက်အရွယ်ကြီး၍ စာအုပ်အငှားဆိုင်သို့လာရောက်ရန် အခက်အခဲရှိသူများ၊ စာဖတ်ရန် အချိန်နည်းပါးပြီး စာဖတ် နေးသူများ နေ့တွက်ခနှင့်တွက်ယူသော အငှားဆိုင်များတွင် ငှားရန် အဆင်မပြေသူများကို ရည်ရွယ်ကာ အိမ်တိုင်ရာရောက် စာအုပ်အငှားလုပ်ငန်းကို စတင်ကြောင်း၊စာအုပ်ငှားရမ်းခအနေဖြင့် တစ်ပတ်လျှင် တန်ဖိုး၏ ၅၀ ရာခိုင်နှုန်း ကျသင့်မည် ဖြစ်ကြောင်း၊ စာအုပ်တစ်အုပ်မှ ငါးအုပ်အထိ ငှားရမ်းနိုင်ကြောင်း၊စာအုပ်ငှားရာတွင် စပေါ်ငွေ(သို့)မှတ်ပုံတင်ပေး၍ငှား ရမ်းနိုင်ပြီး စာအုပ်ပို့ခ ကျပ်တစ် ထောင်ကျသင့်မည်ဟုသိရသည်။ လက်ရှိစာအုပ်ငှားရမ်းနိုင်သောမြို့များမှာ ပုဇွန်တောင်၊ ဗိုလ်တထောင်၊ ကျောက်တံတား၊ ပန်းဘဲတန်း၊ လသာ၊ လမ်းမတော်၊ ကြည့်မြင်တိုင်၊ စမ်းချောင်း၊ ကမာရွတ်၊ ဗဟန်း၊ တာမွေ၊ မင်္ဂလာတောင်ညွန့်၊ ဆိပ်ကမ်းနှင့် အလုံမြို့နယ်တို့ဖြစ်ကြောင်း သိရသည်။

မဟာဆွေ၊ ပီမိုနင်း၊ မြသန်းတင့်၊ ရွှေဥဒေါင်း၊ ဇူဝံ၊ သိန်းဖေမြင့်၊ ပါရဂူတို့အပြင် ယနေ့ခေတ် မိုးသက်ဟန်၊ မြင့်သန်း၊ ချိုဝိန်းနောင် စသည့် စာရေးဆရာများ၏ စာအုပ်များ၊ လစဉ်ထုတ်မဂ္ဂဇင်းများ၊ ဝတ္ထုတိုများ၊ ကဗျာစာအုပ်များ၊ ကျန်းမာရေးစာအုပ်များ၊ ဘာသာရေးစာအုပ်များနှင့် စာအုပ်တိုက်များက ပြန်လည်ပုံနှိပ်ခြင်းမရှိသည့် စာအုပ်ဟောင်းများ၊ ကလေးများအတွက် တွတ်ပီ၊ ဘိုတို၊ ကလေးပုံပြင်များ၊ မိမန်းလေးစသော ကာတွန်းများ၊ သာမက၊ တေဇရုပ်စုံ၊ သော်က၏အရိုင်း၊ သမိန်ပေါသွပ်၊ ပိုးဇာ၊ ၊ ရွှေသွေးဂျာနယ်များကို ထင်ပေါ်စာပေတွင် ငှားရမ်းဖတ်ရှုနိုင်ကြောင်း သိရသည်။

ပိုးအိမ်






# PHOTO NEWS

ကျော်ကျော်



အုရီးဒူးမြန်မာမိသားစု တတိယ အကြိမ်မြောက် ကထိန်သင်္ကန်းဆက် ကပ်လှူဒါန်းပွဲကို နိုဝင်ဘာလ (၂)ရက်က မြန်မာပလာဇာရှိ အုရီးဒူးမြန်မာ ရုံးချုပ်၌ ကျင်းပခဲ့



မြန်မာ့မီးရထား၊ မြို့ပြအင်ဂျင်နီယာဌာန၊ အင်ဂျင်နီယာအလုပ်ရုံ (ရန်ကုန်)၊ ကာယ/ဉာဏအလုပ်သမားများ စုပေါင်း၍ (၁၆)ကြိမ်မြောက်စုပေါင်းမဟာဘုံကထိန်လှူဒါန်းပွဲကို မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူမီးရထားဝန်း၊ သိပ္ပံဘုန်းကြီးကျောင်းတွင် အောက်တိုဘာလ (၃၁) ရက်က ကျင်းပခဲ့စဉ်။



Myanmar Food 2017 & Hotel 2017 Exhibition နိုင်ငံတကာ စားသောက်ကုန်နှင့် ဟိုတယ်လုပ်ငန်းများဆိုင်ရာ ကုန်စည်ပြပွဲကို နိုဝင်ဘာလ (၂) ရက်နေ့ နံနက်ပိုင်းက မင်းဓမ္မလမ်း MEP MINDAMA ၌ ကျင်းပခဲ့စဉ်။




မြန်မာနိုင်ငံတွင် အနုပညာနှင့် ပတ်သက်သော မဂ္ဂဇင်း၊ ဂျာနယ်များစွာရှိသည့်အနက် BIG 9 TV မှ တဆင့် သီချင်းကောင်းများ၊ စိတ်ဝင်စားဖွယ် အစီအစဉ်များကို ပြည်တွင်းပြည်ပမှ ပရိသတ်များအား ဖျော်ဖြေတင်ဆက်ပေးမည့် Online TV ကို နိုဝင်ဘာ (၁) ရက်က စတင်မိတ်ဆက်။




၂၀၁၅ ခုနှစ်မှ နှစ်စဉ်ကျင်းပခဲ့သည့် Love and Care အစီအစဉ်အား Samsung Myanmar ဝန်ထမ်းများ အောက်တိုဘာ (၂၈) ရက် နံနက် ၁၀ နာရီခွဲက ဒဂုံမြို့သစ်၊ (၇၈) ရပ်ကွက်၊ အောင်မြေဘုန်းတော်ကြီး ပညာရေးကျောင်း၌ ပျော်ရွှင်စွာ ကျင်းပခဲ့သည်။




Pond's Men နှင့် Ford Myanmar တို့ပူးပေါင်း၍ သုံးစွဲသူများအား နိုဝင်ဘာလ (၁) ရက်မှ နောက်နှစ် ဖေဖော်ဝါရီလ (၂၈) ရက်ထိ Ford ကားနှစ်စီး၊ Iphone (၈) လုံးနှင့် ငွေသားဆုပေါင်းထောင်ပေါင်းများစွာ ကံစမ်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

# နိုင်ငံတော်သီချင်းနဲ့အလဲ မလေးမစားလုပ်မှု ထောင်သုံးနှစ်ချမှတ်ရေး တရုတ်အစိုးရ စီစဉ်



တရုတ်ပြည်မှာ နိုင်ငံတော်သီချင်းနဲ့ နိုင်ငံတော်အလံကို အများပြည်သူ ရှေ့မလေးမစား မဖွယ်မရာပြုသူကို ထောင်ဒဏ်သုံးနှစ်အထိ ချမှတ်နိုင်ကြောင်း လွှတ်တော်က ဥပဒေသစ်အဖြစ် ထပ်မံပြဌာန်းဖို့ ပြင်ဆင်နေတယ်လို့ တရုတ်အစိုးရသတင်း မီဒီယာက ဖော်ပြပါတယ်။

စက်တင်ဘာလက ထုတ်ပြန်ခဲ့တဲ့ ဥပဒေအရ နိုင်ငံတော်သီချင်းကိုပြက်ရယ်ပြုပြောင်လှောင်ပြောင်သီဆိုသူကို ရဲဌာနက ၁၅ရက်အထိ ထိန်းသိမ်းနိုင်တယ်လို့ ပြဌာန်းခဲ့ပါတယ်။ အဲဒီဥပဒေဟာ တရုတ်ပြည်ပိုင်နက်ထဲမှာ ပါဝင်တဲ့ ဟောင်ကောင်နဲ့ မကာအိုတို့လည်း အကျုံးဝင်တယ်လို့ဆိုပါတယ်။

အခုတော့ အဲဒီဥပဒေကို ထပ်မံပြင်ဆင်လိုက်ပြီး နိုင်ငံတော်သီချင်းကိုစာသားရော၊ သံစဉ်ကိုပါ တမင်ရည်ရွယ်ချက်နဲ့ ပုံဖျက်သီဆိုသူ မည်သူကိုမဆိုရာဇဝတ်မှုနဲ့ ထောင်ဒဏ်သုံးနှစ်အထိ ချမှတ်နိုင်ကြောင်း ပြင်ဆင်ပြဌာန်းဖို့ဖြစ်ပါတယ်။

ပိုမိုပြင်းထန်တဲ့ အဲဒီဥပဒေသစ်အရ နိုင်ငံတော်အလံ၊ နိုင်ငံတော်အမှတ်တံဆိပ်၊ နိုင်ငံတော်သင်္ကေတတွေကို အများပြည်သူရှေ့မှောက်မှာ မီးရှို့တာ၊ ဖျက်လိုဖျက်ဆီးလုပ်တာ၊ နင်းခြေတာစတဲ့ မလေးမစားပြုမှုစော်ကား သူကို ထောင်ဒဏ်သုံးနှစ်အထိ ချမှတ်ဖို့ဖြစ်ပါတယ်။

အဲဒီဥပဒေသစ် ပြင်ဆင်ချက်မူကြမ်းကိုတနင်္လာနေ့မှာ စတင်မယ့်လွှတ်တော်အမြဲတမ်းကော်မတီမှာ တင်ပြထားပါတယ်။

လရောင် Ref- BBC

# ကိုရီးယားကျွန်းဆွယ်အနီး၌ အမေရိကန် B-2ဗုံးကြဲလေယာဉ် တစ်စီးပျံသန်း



အစီအစဉ် အစိတ်အပိုင်းတစ်ရပ်အနေဖြင့် ကိုရီးယားကျွန်းဆွယ်အနီးသို့ ချဉ်းကပ်ပျံသန်းကာ မြောက်ကိုရီးယားကို အင်အားပြခဲ့ကြောင်း သိရသည်။

လရောင် Ref: Fox News

သမ္မတဒေါ်နယ်လ်ထရမ့်၏ တောင်ကိုရီးယားခရီးစဉ်မတိုင်မီတွင် အမေရိကန်က B-2မဟာဗျူဟာ ဗုံးကြဲလေယာဉ်ကြီးတစ်စီးကို ကိုရီးယားကျွန်းဆွယ်အနီး၌ ပျံသန်းစေခဲ့သည်။

အဆိုပါ လုပ်ရပ်သည် နျူကလီးယားလက်နက်နှင့် ဒုံးကျည်နည်းပညာများ အရှိန်မြှင့်တီထွင်နေသည့် မြောက်ကိုရီးယားကိုတိုက်ရိုက်ကျကျ သတိပေးခြိမ်းခြောက်သည့် သဘောလည်းဆောင်သည်။ အောက်တိုဘာ ၁၀က ကိုရီးယားကျွန်းဆွယ်အနီး ပျံသန်းခဲ့သည့် B-2သည် နျူကလီးယားဗုံးများ ကြဲချပြီး တိုက်ပွဲဝင်ရန် အသင့်အနေအထားမျိုး ပြင်ဆင်ထားကြောင်း သိရသည်။

အမေရိကန်စစ်ဘက်ကမူ B-2တစ်စီးကို ကိုရီးယားကျွန်းဆွယ်သို့ စေလွှတ်ခြင်းသည် ဒေသခံလေတပ်စခန်းများနှင့် ပိုမိုအချိတ်အဆက်မိစေရန်၊ ကွဲပြားသည့် ပထဝီဝင်အနေအထားများတွင် စစ်ဆင်ရေးဆောင်ရွက်နိုင်စွမ်းမြှင့်တင်ရန်၊ ကာကွယ်ရေးစွမ်းရည်ကို တည်တည်ငြိမ်ငြိမ် ထိန်းသိမ်းထားပြီးဖြစ်နိုင်ခြေအားလုံးအတွက် အဆင်သင့်ရှိစေရန် ရည်ရွယ်ချက်ဖြင့်ဟုကြေညာခဲ့သည်။

B-2 ဗုံးကြဲလေယာဉ်ကြီးများသည် ခရီးတာဝေးကွာစွာ ဆက်တိုက်ပျံသန်းနိုင်သလို လေထဲတွင် ဆီဖြည့်နိုင်အောင် ဖန်တီးထားသည်။ အကယ်၍ မြောက်ကိုရီးယားကို အမေရိကန်က စစ်တိုက်ခဲ့မည်ဆိုပါက ထိပ်ဆုံးတန်းနေရာမှာ ရွေးချယ်ခံရမည့် စစ်လက်နက် တစ်မျိုးအဖြစ် သုတေသီများက ယူဆထားသည်။

ထရမ့်သည် နိုဝင်ဘာ ၅ရက်တွင် တောင်ကိုရီးယား၊ ဂျပန်နိုင်ငံခေါင်းဆောင်များနှင့် တွေ့ဆုံပြီး မြောက်ကိုရီးယားကြောင့် ဖြစ်ပေါ်နေသည့် ဒေသတွင်း တင်းမာမှုများနှင့် ပတ်သက်၍ ဆွေးနွေးသွားရန် ရှိနေသည်။

အမေရိကန် စစ်တပ်သည် ယခုလအစောပိုင်းကလည်း ဂူအမ်ကျွန်းတွင် အခြေစိုက်သည့် B-1 ဗုံးကြဲလေယာဉ်များကို စစ်ရေးလေ့ကျင့်မှု

# ဝန်ကြီးချုပ်ဟောင်း ယင်လပ်ရဲ့ နိုင်ငံကူးလက်မှတ် ထိုင်းစစ်အစိုးရ ရုပ်သိမ်း



လိုက်ပြီလို့ နိုင်ငံခြားရေးဝန်ကြီးက ပြောကြားလိုက်ပါတယ်။

လရောင်

Photo: Yingluck Shinawatra's facebook

ရာထူးကဖြုတ်ချခံရတဲ့ ထိုင်းဝန်ကြီးချုပ်ဟောင်း ယင်လပ်ရှင်နာဝတ် ကိုင်ဆောင်တဲ့ နိုင်ငံကူးလက်မှတ် ပတ်စ်ပို့တွေကို ပြန်သိမ်းလိုက်ပြီလို့ တာဝန်ရှိ သူတွေက ဒီနေ့ပြောကြားလိုက်ပါတယ်။

သူမျက်ကွယ်မှာ စီရင်ချက်မချခင် ဝန်ကြီးချုပ်ဟောင်းဟာ ထိုင်းနိုင်ငံကထွက် ခွာသွားချိန်ကစလို့ လူမြင်ကွင်းက ပျောက်နေပါတယ်။ ၂၀၁၄ အာဏာသိမ်းပွဲကြောင့် ရွေးကောက်ခံဘဝက ပြုတ်ကျသွားတဲ့ မစ္စယင်လပ်ဟာတရားရုံးချုပ်က ဩဂုတ်လကုန်ပိုင်းမှာ စီရင်ချက်ချမယ့်ရက်မှာ တရားခွင်ကို ရောက်မလာတဲ့အတွက် ထိုင်းနိုင်ငံအံ့သြတသင့်ဖြစ်ရပြီးတဲ့နောက် သူ့အကြောင်းကြားလည်း မကြားရ၊ သူ့ကိုမြင်လည်း မမြင်ရတော့ပါဘူး။

အစိုးရရဲ့ ဆန်စပါးရေးရာမူဝါဒ အကောင်အထည်ဖော်တဲ့ နေရာမှာအကျင့်ပျက်ခြစားမှုတွေ ရပ်ဆိုင်းသွားအောင် မလုပ်နိုင်မှုနဲ့ နောက်ပိုင်းမှာသူ့မျက်ကွယ်မှာ မစ္စယင်လပ်ကို ထောင်ဒဏ် ၅နှစ်ချမှတ် လိုက်ပါတယ်။

မစ္စယင်လပ်မှာ ထိုင်းနိုင်ငံကူးလေးခုရှိပြီး သာမန်အရပ်သားပုဂ္ဂိုလ်ရေးဆိုင်ရာ ပတ်စ်ပို့စ်နှစ်အုပ်နဲ့ သံတမန်ဆိုင်ရာ ပတ်စ်ပို့နှစ်အုပ်စီ ရှိပါတယ်။ ဒါတွေအားလုံး ပြန်သိမ်း

# နေအိမ်ထဲတွင် လူကိုးဦး၏ အစိတ်အပိုင်းများ ရှာတွေ့ပြီးနောက် အိမ်ပိုင်ရှင်ကို ဂျပန်ရဲတပ်ဖွဲ့ ဖမ်းဆီး

နေအိမ်ထဲတွင် သတ်ဖြတ်ခံထားရသည့် လူကိုးဦး၏ ခန္ဓာကိုယ်အစိတ်အပိုင်းများကို ရှာတွေ့ခဲ့သည့်နောက် အိမ်ပိုင်ရှင်ကို ဂျပန်ရဲတပ်ဖွဲ့က ဖမ်းဆီးလိုက်သည်။

တိုကျိုမြို့စွန်ရှိဇာမာမှ အိမ်ခန်းတစ်ခုထဲတွင် အဆိုပါမနှစ်မြို့စရာ ခန္ဓာကိုယ်အစိတ်အပိုင်းများကို ရှာဖွေတွေ့ရှိခဲ့ခြင်းဟု ရဲများကဆိုသည်။ လူ့ခန္ဓာကိုယ်အစိတ်အပိုင်းအချို့ကို အအေးပေးသေတ္တာထဲတွင် သိုလှောင်ထားခြင်းဖြစ်သည်။ ယခုအခါ ရဲတပ်ဖွဲ့ကအသက် ၂၇နှစ်အရွယ်ရှိ အိမ်ပိုင်ရှင် အမျိုးသားကို စစ်ဆေးမေးမြန်းမှုများ စတင်လျက်ရှိသည်။

အသက် ၂၃နှစ်အရွယ် အမျိုးသမီးတစ်ဦးယခုလအစောပိုင်းက ပျောက်ဆုံးသွားသည့်အမှုနှင့် ဆက်စပ်ပြီးရဲတပ်ဖွဲ့က စုံစမ်းခဲ့ရာမှ သံသယရှိသူအမျိုးသားနှင့်အတူ လမ်းလျှောက်နေသည့် လုံခြုံရေးကင်မရာမှတ်တမ်း ဗီဒီယိုကို တွေ့ရှိလာခဲ့သည်။

နောက်ပိုင်းတွင် ယင်းအမျိုးသားသည် အလောင်းဖျောက်ဖျက်မှုအတွက် အဖမ်းခံရပြီး အိမ်ခန်းကိုဝင်ရောက်စစ်ဆေးရာ ယခုလိုအခြေအနေကို ဖော်ထုတ်နိုင်ခဲ့ခြင်းဖြစ်သည်။ ယခုအခါ ၎င်းသည် လူသတ်မှုများအတွက်ပါ စွဲချက် တင်ခံရတော့မည်ဖြစ်သည်။ အိမ်ခန်းထဲတွင်နောက်ထပ် အအေးပေးသေတ္တာအတော်များများကိုလည်း တွေ့ရှိရသည်။

အဆိုပါ ရုပ်အလောင်းအစိတ်အပိုင်းများကို အဘယ်ကြောင့် သိုလှောင်ထားကြောင်း ရှင်းရှင်းလင်းလင်းမသိရသေးချေ။ ဂျပန်အမျိုးသား ရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရပုဂ္ဂိုလ်က ဖြစ်စဉ်အသေးစိတ်ကို တိတိကျကျမှတ်ချက်ပေးရန် ငြင်းဆိုထားသည်။

အိမ်နီးချင်းများက ဩဂုတ်လအတွင်းတွင် ယင်းအိမ်မှညှီစို့စို့အနံ့များ ထွက်ပေါ်နေသည်ကို သတိပြုမိခဲ့ကြောင်း ဆိုသည်။ ယခုအခါ ခန္ဓာကိုယ်အစိတ်အပိုင်းများကိုDNA စစ်ဆေးမှုများ ပြုလုပ်ပြီး သေဆုံးခဲ့သူများ မည်သူမည်ဝါဆိုသည်ကို ဖော်ထုတ်ရန်ရဲများက စီစဉ်နေကြောင်းသိရသည်။

လရောင် Ref: Reuters

# နှစ်ပေါင်း ၂၀ ကျော်ကြာပြီးနောက် ဆော်ဒီအာရေးဗီးယားလေကြောင်းလိုင်း အီရတ်နိုင်ငံသို့ ပြန်လည်ပြေးဆွဲ

နိုင်ငံပိုင် ဆော်ဒီအာရေးဗီးယား လေကြောင်းလိုင်းသည် (၂၇)နှစ်ကြာ ရပ်တန့်ထားသော အီရတ်နိုင်ငံသို့ ခရီးစဉ်များ ပြန်လည်ပြေးဆွဲမည်ဟု နိုင်ငံပိုင်သတင်းဌာန SPAကပြောသည်။ ဆော်ဒီအာရေးဗီးယားနိုင်ငံ ဂျက်ဒါးမြို့မှ ဘဂ္ဂဒက်မြို့သို့ ပျံသန်းမည့် ပထမဆုံးခရီးစဉ်တွင် လေကြောင်းလိုင်း၏ ညွှန်ကြားရေးမှူးချုပ် ဆာလေးဘင်နက်ဆာအယ်လ်ဂျက်ဆာနှင့် သတင်းထောက်များ ခရီးသည် များလိုက်ပါမည်ဖြစ်သည်။

၁၉၉၀ပြည့်နှစ်က အီရတ်သမ္မတဆက်ဒမ်ဟူစိန်က အိမ်နီးချင်းကူဝိတ်နိုင်ငံသို့ ကျူးကျော်ဝင်ရောက်ခဲ့ချိန်ကစ၍ ဆော်ဒီအာရေးဗီးယားနှင့် အီရတ်နိုင်ငံကြားလေကြောင်း ပြေးဆွဲမှု ရပ်ဆိုင်းခဲ့သည်။

ဒေသတွင်း မဟာမိတ်ဘက် အီရန်၏ ဩဇာလွှမ်းမိုးမှု ရပ်တန့်စေရေး ဆော်ဒီအာရေးဗီးယားနှင့် ယူအေအီးနိုင်ငံတို့က အီရတ်နိုင်ငံကို ဆွဲဆောင်စည်းရုံးရန် ကြိုးစားနေသည်။

အီရတ်နိုင်ငံနှင့် ကုန်သွယ်ရန် အာရာနယ်စပ်ဂိတ်ကို ပြန်လည်ဖွင့်လှစ်ရန် စီစဉ်ထားသည်ဟု ယင်းနှစ်နိုင်ငံက ဩဂုတ်အတွင်း ပြောကြားခဲ့သည်။

ယင်းဂိတ်ကို ၁၉၉၀ပြည့်နှစ်ကတည်းက ပိတ်ထားခဲ့သည်။ ဆော်ဒီအာရေးဗီးယားသည် ယခုလအတွင်း အီရတ်နိုင်ငံနှင့် ပူးတွဲကုန်သွယ်ရေးကော်မရှင် ထူထောင်ရန် ကြေညာခဲ့သည်။

ဆော်ဒီအာရေးဗီးယားဘတ် ဂျက်လေကြောင်းလိုင်း Flynasသည် အီရတ်သို့ စတင်ပျံသန်းနေ ပြီဖြစ်ကာ (၂၅)နှစ်အတွင်း အီရတ်သို့ ပြန်လည်ပြေးဆွဲသောပထမဆုံး ဆော်ဒီလေကြောင်းလိုင်း ဖြစ်သည်။

လရောင်

—Ref: Reuters

# ထိုင်းဘုရင် ဘူမိဘော၏ အရိုးပြာများကို ဘန်ကောက်ရှိ နတ်ကွန်းနှစ်ခုတွင် ခွဲဝေထားရှိ



နတ်ရွာစံထိုင်းဘုရင် ဘူမိဘောအဒူလိုင်ဒက်ဂျက်၏ ရှာပနအခမ်းအနား နောက်ဆုံးနေ့တွင် ၎င်း၏ အရိုးပြာများကို နတ်ကွန်းနှစ်ခုသို့ ဖြန့်ဝေပို့ဆောင်ခဲ့ကြောင်း သိရသည်။ ဘန်ကောက်တွင် ကြီးကြီးကျယ်ကျယ် စီစဉ်ကျင်းပခဲ့သည့် ငါးရက်ကြာ ရှာပနအခမ်းအနားမှာ အောက်တိုဘာ ၂၉ရက်နေ့ကပြီးဆုံးခဲ့သည်။ ထိုနေ့တွင် ဘူမိဘော၏ အရိုးပြာများကိုဘန်ကောက်ရှိတော်ဝင်မိသားစုဝင်များ ဝတ်ပြုရာ ဘုရားကျောင်းနှစ်ကျောင်းမှ နတ်ကွန်းများထဲသို့ ပို့ဆောင်ခဲ့ခြင်း ဖြစ်သည်။

ဘူမိဘောသည် ပြီးခဲ့သည့်နှစ်၊ အောက်တိုဘာလက နတ်ရွာစံခဲ့ခြင်းဖြစ်ပြီး ရှာပနအခမ်းအနားကို တစ်နှစ်ကျော်အကြာတွင်မှ ပြုလုပ်ခဲ့သည်။ ထိုင်းပြည်သူများက ဖခင်သဖွယ် ချစ်ခင်လေးစားမှုခံရပြီး ထိုင်းနိုင်ငံထီးနန်းကို နှစ်ပေါင်း ၇၀မျှ စိုးစံခဲ့သည့် ဘုရင်ကြီးသည် အသက် ၈၈နှစ် အရွယ်တွင်နတ်ရွာစံခဲ့သည်။ ရှာပနအခမ်းအနား နောက်ဆုံးနေ့၌ ၎င်းကို ထိုင်းပြည်သူထောင်သောင်းချီ၍ လာရောက် ဂါရဝပြုခဲ့ကြသည်။

ထိုင်းနိုင်ငံတွင် ဘူမိဘောနတ်ရွာစံပြီးနောက် ဝမ်းနည်းကြေကွဲမှုအထိမ်းအမှတ်ကာလကို တစ်နှစ်ကြာသတ်မှတ်ထားပြီး အောက်တိုဘာ ၂၉ရက်ညသန်းခေါင်တွင် အဆုံးသတ်ခဲ့ပြီ ဖြစ်သည်။ ထို့ကြောင့် ထိုင်းပြည်သူများ အနေဖြင့် ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် ၎င်းတို့ ဝတ်ဆင်လေ့ရှိသည့်အနက်ရောင်အစားပိုမိုတောက်ပစိုပြေသည့် အရောင်များ ဝတ်ဆင်လာနိုင်ပြီ ဖြစ်သည်။ ဘူမိဘော၏ ကြွင်းကျန် ရုပ်အလောင်းကို ပြီးခဲ့သည့်သီတင်းပတ်အတွင်းက မီးသင်္ဂြိုဟ်ခဲ့ပြီး အဆိုပါအစီအစဉ်ကို သားတော်လက်ရှိ ထိုင်းဘုရင် မဟာဝီဂျရာလောင်ကွန်းက ဦးစီးခဲ့သည်။ ဝီဂျရာလောင်ကွန်းသည် နတ်ကွန်းတွင် ထားရှိမည့် ဖခင်၏အရိုးပြာများကို နန်းတော်ထဲ၌ တာဝန်ယူ ရွေးချယ်ခဲ့ကြောင်းသိရှိရသည်။

လရောင် Ref: Daily Mail

# ဥရောပ၌ ကလေးမွေးဖွားနှုန်း ကျဆင်းနေ၍ ပုပ်ရဟန်းမင်းကြီးဖရန်စစ် ဝေဖန်

ပုပ်ရဟန်းမင်းကြီး ဖရန်စစ်က ဥရောပတွင် ကလေးမွေးဖွားနှုန်းနည်းပါးနေ၍ ဝေဖန်ခဲ့ပြီး လူငယ်များအတွက် လူ့အသိုင်းအဝိုင်းအတွင်း အနာဂတ်လမ်းကြောင်း ပြင်ဆင်နိုင်ရေး အကူအညီပေးရန် တိုက်တွန်းခဲ့သည်။ လူ့အသိုင်းအဝိုင်းတစ်ရပ်အနေနဲ့ သူ့ကိုယ်သူပြန်လည်ရှာတွေ့ဖို့နဲ့ ဥရောပဟာ သူ့ကိုယ်တိုင်နဲ့ တစ်ကမ္ဘာလုံးအတွက် ဖွံ့ဖြိုးတိုးတက်ရေး ရင်းမြစ်တစ်ခုဖြစ်လာမှာ အသေအချာပါပဲဟု ပုပ်ရဟန်းမင်းကြီးက ပြောသည်။

ဥရောပသည် မွေးဖွားနှုန်းနည်းပါးခြင်း ဒဏ်ခံနေရပြီး ကလေးအရေအတွက် နည်းပါးနေခြင်းသာမက အလွန်များပြားသော ကလေးများသည်မွေးဖွားခွင့် ငြင်းပယ်ခံနေရပြီး ယင်းမှာအနာဂတ်ကို လူငယ်များရင်ဆိုင်ရန်အိမ်ထောင်ရေးနှင့် ယဉ်ကျေးမှုဆိုင်ရာစီမံချက်များ ချမှတ်ရန်ပျက်ကွက်ခြင်းကြောင့်ဟု ပုပ်ရဟန်းမင်းကြီးက ဆိုသည်။

အာဂျင်တီးနားနိုင်ငံသား ဖရန်စစ်က ဥရောပသမဂ္ဂသည်ပင်ပန်းနေသော အဘွားအိုနှင့်တူကာ မြေသြဇာမဖြစ်ထွန်းတော့ဘဲ စွမ်းအင်မဲ့နေကြောင်း ပြောသည်။

ပုပ်ရဟန်းမင်းကြီးက ဥရောပကော်မရှင်ဒုဥက္ကဋ္ဌ ဖရန့်စ်တင်မာမန်းစ်နှင့် အီးယူလွှတ်တော် အကြီးအကဲ အန်တိုနီယိုတာဂျာနီတို့ အပါအဝင်ပရိသတ်အား အထက်ပါကဲ့သို့ ပြောကြားခဲ့သည်။

ဥရောပသည် စာရင်းအင်းများ (သို့မဟုတ်) အဖွဲ့အစည်းများသာရှိသည့် အစုအဝေးတစ်ခုမဟုတ်ဘဲ အရေးမစိုက်ဘဲ မထားသင့်သော လူများဖြင့် ဖွဲ့စည်းထားကြောင်း ဖရန်စစ်ကပြောသည်။

လရောင် Ref: AFP



# တရုတ်နိုင်ငံတွင် အငှားယာဉ်များဖြင့် လေထုအရည်အသွေး စောင့်ကြည့်တိုင်းတာမည်

လေထုထဲတွင် အမှုန်အမွှားများ ပါဝင်မှုပမာဏကို တိုင်းတာနိုင်သည့် လေထုအရည်အသွေး တိုင်းတာရေးကိရိယာများ တပ်ဆင်ထားသည့်တက္ကစီအစီးတစ်ရာပါဝင်သောအသုတ်ကို တရုတ်နိုင်ငံ ရှန်ဟိုင်းပြည်နယ် ကျီနန်မြို့၏ လမ်းများတွင် ပြေးဆွဲမည်ဖြစ်ကြောင်း ယင်းမြို့၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကာကွယ်ရေးဌာနက ပြောသည်။

ယင်းတက္ကစီများက သုံးစက္ကန့်ကြာတိုင်း အချက်အလက်များ ပေးပို့မည်ဖြစ်ပြီး တိုင်းတာရရှိမှုများကို ယင်းမြို့၏ စောင့်ကြည့်ရေးစင်တာရှိ ဒီဒီယိုဖန်သားပြင်သို့ ပို့ဆောင်မည်ဖြစ်သည်။

ယင်းတက္ကစီများသည် တစ်နေ့လျှင် ကီလိုမီတာ ၂၃ယ၀၀၀အထိပြေးဆွဲမည်ဟု ခန့်မှန်းထားပြီး ကျီနန်မြို့ရှိလမ်းများ၏ ၉၅ရာခိုင်နှုန်းကျော်ဖြတ်သန်းမည် ဖြစ်သည်။

နေ့စဉ် အချက်အလက် ၁ဒသမ ၂သန်းခန့်ကို ဖော်ပြမည် ဖြစ်ကြောင်း ယင်းဌာနက ပြောသည်။

ကျီနန်မြို့ အခြေစိုက် Nova Fitnessအဖွဲ့က တီထွင်ထားသောယင်းစနစ်သည် တရုတ်နိုင်ငံရှိ လမ်းမများပေါ်တွင် ပထမဆုံး အသုံးပြုခြင်းဖြစ်သည်။ စောင့်ကြည့်ရေးစင်တာ ဒစ်ဂျစ်တယ်မြေပုံမှနေ၍ ဒေသများစွာရှိ လေထုအရည်အသွေးကို အလွယ်တကူတွေ့မြင်နိုင်မည်ဖြစ်ပြီး မြင့်မားသော လေထုညစ်ညမ်းမှုကို စူးစမ်းသိရှိချိန်၌ အနီရောင်ပြောင်းသွားမည်ဖြစ်ကြောင်း သဘာဝပတ်ဝန်းကျင် ကာကွယ်ရေးဌာနက ပြောကြားသည်။

ယင်းစောင့်ကြည့်ရေး ကိရိယာများကို တက္ကစီဆိုင်းဘုတ်များ၏ အောက်တွင် တပ်ဆင်ထားသည်။

ယင်းကိရိယာများသည် ရေစိုလည်းခံနိုင်ပြီး တုန်ခါမှုဒဏ်၊ မြင့်မားသော အပူချိန်ဒဏ်နှင့် အခြားရာသီဥတုအခြေအနေများ၏ ဒဏ်ကိုလည်းခံနိုင်သည်။

ရွေ့လျားလေထု အရည်အသွေးတိုင်းတာရေး အစီအစဉ်ပထမအသုတ်အဖြစ် ယင်းတက္ကစီများကို ပြေးဆွဲမည်ဖြစ်ပြီးနောက်ပိုင်းတွင် တိုးချဲ့လုပ်ဆောင်ရန် စီစဉ်ထားသည်။

လရောင်—Ref: China Daily



# ဆော်ဒီ၌ အမျိုးသမီးများကို ပထမဆုံးအကြိမ်အဖြစ် အားကစားရုံများထဲ ဝင်ခွင့်ပေးရန် စီစဉ်

ဆော်ဒီအာရေးဘီးယားတွင် အမျိုးသမီးများကို အားကစားရုံများထဲသို့ ပထမဆုံးအကြိမ် ဝင်ရောက်ကြည့်ရှုခွင့်ပေးလာဖွယ် ရှိနေကြောင်းသိရသည်။ ဆော်ဒီအာဏာပိုင်များက အမျိုးသမီးများနှင့် ပတ်သက်၍ ကြီးကြီးမားမား ကန့်သတ်တားဆီးမှုအချို့ကို ဖယ်ရှားဖွယ်ရှိနေကြောင်း အတည်ပြုခဲ့သည်။ ဆော်ဒီအစိုးရသည် ပြီးခဲ့သည့်လပိုင်းအတွင်းက အမျိုးသမီးများ ကိုယ်တိုင်ကားမောင်းခြင်းကိုလည်း နိုင်ငံသမိုင်းတလျှောက် ပထမဆုံးအကြိမ် ခွင့်ပြုပေးခဲ့သည်။

ယခုအစီအစဉ်အသစ်၌ အမျိုးသမီးများသည် မိသားစုနှင့်အတူအားကစားရုံများထဲ လိုက်ပါပြီး အားကစားပွဲများကို အားပေးခွင့်ရှိလာမည် ဖြစ်သည်။ လတ်တလောတွင် မူရီယတ်ဒ်၊ ဂျာဒါးနှင့် ဒမ်မမ် မြို့ကြီးသုံးခုတွင်သာ အဆိုပါခွင့်ပြုချက်ကို စတင်ကျင့်သုံးဦးမည် ဖြစ်သည်။

ဆော်ဒီသည် ကမ္ဘာပေါ်တွင် လိင်ခွဲခြားဆက်ဆံမှု စံနှုန်းများအရအနိမ့်ပါးဆုံး စာရင်းဝင်နိုင်ငံတစ်ခုအဖြစ် ရှိခဲ့သော်လည်း ယခုအခါ ယင်းအခြေအနေကို ပြောင်းလဲရန် စတင်အားထုတ်လာခဲ့သည်။ အိမ်ရှေ့မင်းသား မိုဟာမက်ဘင်ဆယ်လ်မန်က ဆော်ဒီတွင် အစွန်းရောက် သဘောတရားများကို ဖယ်ရှားပြီး ပိုမို၍ အလယ်အလတ်လမ်းစဉ်ကျသော အစ္စလာမ်မစ်ဝါဒမျိုး ထွန်းကားရန်လိုအပ်ကြောင်း ပြောကြားထားသည်။ ၎င်းသည် ပိုမိုခေတ်မီသည့် ဆော်ဒီ လူ့အဖွဲ့အစည်းကို ဖော်ဆောင်ပြီး နိုင်ငံ၏စီးပွားရေးကို မြှင့်တင်ရန် တွန်းအားပေးနိုင်မည့် ပုဂ္ဂိုလ်တစ်ဦးအဖြစ် ယူဆခြင်းခံထားရသည်။

ဆော်ဒီအားကစားရေးရာ အာဏာပိုင်များက ယခုအပြောင်းအလဲအတွက် လျော်ညီသည့် စံသတ်မှတ်ချက်များကို အားကစားရုံကြီး သုံးခုတွင်စတင်တပ်ဆင်သွားမည်ဟု ဆိုသည်။ အဝတ်ပြင်ဖြင့် မိသားစုဝင်များ စုရုံးကြည့်ရှု အားပေးနိုင်သည့် ပွဲကြည့်စင်အခင်းအကျင်းမျိုး ပြောင်းလဲရန် ဦးစားပေး လုပ်ဆောင်မည်ဟု ၎င်းတို့က ပြောကြားခဲ့သည်။

ထို့အပြင် အားကစားရုံများထဲ၌ ကဖေးနှင့် စားသောက်ဆိုင်များ၊ TV Screenအကြီးစားများ တပ်ဆင်ရန်လည်း လုပ်ဆောင်နေသည်။ ထိုအစီအစဉ်များသည် ၂၀၁၈အစောပိုင်းတွင် စတင်မည်ဖြစ်ပြီး ယင်းမတိုင်မီ၌မူ အားကစားရုံများထဲသို့ အမျိုးသမီးများ ဝင်ရောက်ခွင့်ရဦးမည် မဟုတ်ဟုသိရှိရသည်။

လရောင်Ref: BBC




# သမ္မတဟောင်းအိုဘားမား ဂျူရီလူကြီးတာဝန် ထမ်းဆောင်မည်

အမေရိကန်သမ္မတဟောင်း ဘားရက်အိုဘားမားအား အီလီနွိုက်ပြည်နယ်တွင် ဂျူရီလူကြီးတာဝန်ထမ်းဆောင်ရန် ဆင့်ခေါ်ထားပြီး ၎င်းကလည်း တာဝန်ထမ်းဆောင်ရန်ရည်ရွယ်သည်ဟု တရားရုံးအရာရှိတစ်ဦးက ပြောသည်။ အစီအစဉ်အသေးစိတ်ကို မသိရသော်လည်း အိုဘားမားသည် လာမည့်လတွင် ကွတ်ခ်စီရင်စုတရားရုံးသို့ရောက်လာမည်ဟု မျှော်လင့်ထားသည်။

အိုဘားမား (၅၆)နှစ်သည် ဝါရှင်တန်ဒီစီနှင့် ချီကာဂိုတွင် နေအိမ်တစ်လုံးစီပိုင်ဆိုင်ပြီး တရားမမှု (သို့မဟုတ်) ရာဇဝတ်အမှုအခင်းများအတွက် ဆင့်ခေါ်နိုင်ကြောင်းသိရသည်။

သမ္မတဟောင်းဘီလ်ကလင်တန်နှင့်ဂျော့ချ်ဒဗလျူဘုရ်ှတို့သည် အိမ်ဖြူတော်မှ ထွက်ခွာ ပြီးနောက် ဂျူရီအဖွဲ့တွင် ပါဝင်ခဲ့သည်။

အိုဘားမားသည် ဟားဗတ်ဥပဒေကျောင်းတွင်တက်ရောက်ခဲ့ပြီး ချီကာဂိုတက္ကသိုလ်ဥပဒေကျောင်းတွင် ကထိကအဖြစ် (၁၂)နှစ်ကြာ တာဝန်ထမ်းဆောင်ပြီးမှ အထက်လွှတ်တော်အမတ်ဖြစ်လာသူ ဖြစ်သည်။

ထို့အပြင် လူ့အခွင့်အရေးရှေ့နေအဖြစ်လည်း တာဝန်ထမ်းဆောင်ခဲ့သည်။

နိုင်ငံသားတစ်ယောက်၊ ဒီဒေသမှာ နေထိုင်သူတစ်ယောက်အနေနဲ့ ပြည်သူလူထုအတွက် တာဝန်ထမ်းဆောင်သွားမယ်လို့ သူ့ရဲ့ကိုယ်စားလှယ်ကတစ်ဆင့် ရှင်းလင်းစွာ ပြောကြားခဲ့ပါတယ်ဟု ကွတ်ခ်စီရင်စု၏ တရားသူကြီးချုပ် တီမိုသီအီဗန်စ်က ချီကာဂိုထရီဗျူးသတင်းစာအား ပြောသည်။

သမ္မတ၏ လုံခြုံရေးသည် အဓိက ဦးစားပေးဖြစ်သည်ဟု အီဗန်စ်က ဆက်လက်ပြောသည်။

အိုဘားမား၏ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးကမူ ယင်းကိစ္စကို မှတ်ချက်မပေးပေ။

လရောင်
--Ref: BBC

# ဘရာဇီးအမျိုးသားဥယျာဉ်၌ တောမီးလောင်ကျွမ်းမှုကို ငြိမ်းသတ်ရာတွင် ရာချီသော စေတနာ့ဝန်ထမ်းများ ပါဝင်ကူညီ

ဘရာဇီးနိုင်ငံဂိုအစ်ပြည်နယ်ရှိ အမျိုးသားဥယျာဉ်တစ်ခုတွင် ဖြစ်ပွားလျက်ရှိသော တောင်မီးလောင်ကျွမ်းမှုကို ငြိမ်းသတ်ရာတွင် မီးသတ်သမားများနှင့်အတူ ရာချီသော အမျိုးသားများနှင့် အမျိုးသမီးများကလည်း ပါဝင်ကူညီလျက်ရှိကြသည်။ hapada dos Veadeirosအမျိုးသားဥယျာဉ်တွင် တောမီးလောင်ကျွမ်းမှုကြောင့် အဆိုပါဥယျာဉ်ဧရိယာ၏ လေးပုံတစ်ပုံနီးပါး ပျက်စီးခဲ့ရသည်။

Chapada dos Veadeiros အမျိုးသားဥယျာဉ်သည် ယူနက်စကို၏ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဒေသတစ်ခုဖြစ်ပြီး သဘာဝဇီဝမျိုးကွဲများ စုလင်များပြားလှသည့်အတွက် လူသိများကျော်ကြားသည်။

အောက်တိုဘာ ၁၀ရက်ကတည်းက ထိုဥယျာဉ်တွင် တောမီး စတင်လောင်ကျွမ်းခဲ့ရာ ဥယျာဉ်နယ်မြေ၏ ဧကတစ်သိန်းခြောက် သောင်းနီးပါးပျက်စီးခဲ့ရကြောင်း ဘရာဇီး သဘာဝပတ်ဝန်းကျင် ဆိုင်ရာဝန်ကြီးဌာနက ပြောသည်။ တောမီးလောင်မှုဖြစ်ပွားရာ ထိုဥယျာဉ်အနီး နေထိုင်ကြသော ဒေသခံများက Network Against Fireအဖွဲ့ကို မကြာသေးခင်က တည်ထောင်လိုက်ပြီး ၎င်းတို့က တောမီးငြိမ်းသတ်လျက်ရှိသော မီးသတ်သမားများကို သယ်ယူပို့ဆောင်ရေး၊ အစားအသောက် များသာမက လူအင်အားဖြင့် ဝိုင်းဝန်းကူညီလျက်ရှိကြသည်။

Network Against Fire အဖွဲ့၏ လူမှုမီဒီယာဖေ့စ်ဘွတ်ခ်စာမျက်နှာတွင် ထိုတောမီးလောင်ကျွမ်းမှုကို ငြိမ်းသတ်နေသော မီးသတ်သမား ၁၈၀ခန့်အား စေတနာ့ဝန်ထမ်း ၂၀၀ကျော်က ကူညီပေးလျက်ရှိကြောင်း ရေးသားဖော်ပြ ခဲ့သည်။

ထိုဥယျာဉ်၌ တောမီးလောင်ကျွမ်းမှုကို နောက်ထပ်နှစ်ရက်အတွင်း ငြိမ်းသတ်နိုင်မည်ဟု ခန့်မှန်းရကြောင်း သိရသည်။

ဘရာဇီးသမ္မတဂျူစီလီနိုကူဘတ်ချီလက်ထက်၁၉၆၁တွင် စတင်တည်ထောင်ခဲ့သော ထိုအမျိုးသားဥယျာဉ်၏ သမိုင်းတွင် ယခုမီးလောင်ကျွမ်းမှု ဖြစ်ပွားခြင်းမှာ အဆိုးရွားဆုံးဖြစ်ကြောင်း တာဝန်ရှိသူများက ပြောသည်။

လရောင်Ref:AP



# မြေပေါ်ရေပေါ် နျူကလီးယား ဖောက်ခွဲ စမ်းသပ်မှု ပြုလုပ်နိုင်ကြောင်း မြောက်ကိုရီးယား ခြိမ်းခြောက်

မြောက်ကိုရီးယားအနေဖြင့် မြေပေါ်ရေပေါ် နျူကလီးယား ဖောက်ခွဲစမ်းသပ်မှုတစ်ခု ပြုလုပ်လာနိုင်ကြောင်း အစိုးရထိပ်တန်း အရာရှိတစ်ဦးက ခြိမ်းခြောက် ကြေညာခဲ့သည်။ မြောက်ကိုရီးယားသည် ပြီးခဲ့သည့် လပိုင်းအတွင်းက ၎င်းတို့၏ ဆဋ္ဌမအကြိမ် ဟိုက်ဒရိုဂျင်ဗုံးဖောက်ခွဲမှုကို မြေအောက်တွင်စမ်းသပ် ပြုလုပ်ခဲ့သည်။ သို့သော် အမေရိကန်နှင့် နိုင်ငံတကာက ယင်းကိစ္စအပေါ် အလေးအနက် ပူပန်မှုမရှိသည့် သဘောမျိုးတုံ့ပြန်ခဲ့ခြင်းအပေါ် မြောက်ကိုရီးယားက ဒေါသထွက်နေဟန်ရှိသည်။

CNNသတင်းဌာနနှင့် ပြုလုပ်ခဲ့သည့် အင်တာဗျူးတွင် တွေ့ဆုံချိန်၌ အစိုးရကိုယ်စားလှယ် ရီယောင်ပီလ်က မိမိတို့နိုင်ငံခြားရေးဝန်ကြီး၏ မှတ်ချက်စကားကို ပေါ့ပေါ့ဆဆ သဘောမထားသင့်ကြောင်း၊ မြောက်ကိုရီးယားသည် နျူကလီးယားဗုံးတစ်လုံး မြေပေါ်တွင် ဖောက်ခွဲစမ်းသပ်ရန် အမြဲတမ်း အသင့်အနေအထား စဉ်းစားချိန်ဆနေကြောင်း ပြောကြားသွားသည်။

မြောက်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီး ရီယောင်ဟိုက ပြီးခဲ့သည့်လက ကုလသမဂ္ဂအထွေထွေညီလာခံ တက်ရောက်ခဲ့ရာ၌ မြောက်ကိုရီးယားက နောက်ထပ် နျူကလီးယားစမ်းသပ်မှုသည် မြေအောက်တွင် မဟုတ်ဘဲမြေပေါ်တွင် ဖြစ်လာနိုင်ကြောင်း၊ ပစိဖိတ်သမုဒ္ဒရာအတွင်း တစ်နေရာရာတွင် စမ်းသပ်ရန်လည်း အလားအလာရှိနေကြောင်း မှတ်ချက်ပေးခဲ့သည်။

မြောက်ကိုရီးယား၏ နောက်ဆုံးအကြိမ် ဟိုက်ဒရိုဂျင်ဗုံးစမ်းသပ်မှု အပြီးတွင် အမေရိကန်က ဦးဆောင်ကာ ကုလသမဂ္ဂက မြောက်ကိုရီးယားအပေါ် ပြင်းပြင်းထန်ထန် အရေးယူပိတ်ဆို့မှုများ ပြုလုပ်ခဲ့သည်။

ပြီးခဲ့သည့် သီတင်းပတ်ကုန်ကမှ အမေရိကန်သမ္မတဒေါ်နယ်လ်ထရမ့်ကမိမိတို့သည် မြောက်ကိုရီးယား၏ နျူကလီးယား ပြဿနာနှင့် ပတ်သက်၍ဖြစ်နိုင်ခြေအားလုံးအတွက် ကြိုတင်ပြင်ဆင်ထားကြောင်း မော်ကြွား ပြောဆိုခဲ့သေးသည်။

ထရမ့်သည် နိုဝင်ဘာလအတွင်း တောင်ကိုရီးယားသို့ သွားရောက်ရန်ရှိသော်လည်း တောင်နှင့်မြောက် ကိုရီးယားနှစ်နိုင်ငံ နယ်ခြားဒေသထိ ခရီးဆန့်ရန် ဖြစ်နိုင်ခြေနည်းပါးလွန်းကြောင်း အိမ်ဖြူတော် တာဝန်ရှိသူ တစ်ဦးက မှတ်ချက်ပြု ပြောဆိုထားသည်။

လရောင် Ref: CNN



# ကွယ်လွန်သူ မင်းသားကြီး ပေါ်လ်နယူးမန်း၏ လက်ပတ်နာရီကို ကန်ဒေါ်လာ ၁၈ သန်းဖြင့် လေလံတင်ရောင်းချ

ကွယ်လွန်သူ ဟောလိဝုဒ်ကြယ်ပွင့် မင်းသားကြီး ပေါ်လ်နယူးမန်း၏ ရိုးလက်စ်လက်ပတ်နာရီတစ်လုံးကို နယူးယောက်မြို့တွင် ကျင်းပသော လေလံပွဲတစ်ခု၌ စံချိန်တင်ဈေးဖြင့် ရောင်းချခဲ့သည်။

ရိုးလက်စ်အမျိုးအစား လက်ပတ်နာရီကို ပေါ်လ်နယူးမန်းအားဇနီးဖြစ်သူ ဂျိုအာဝုဒ်ဝေ့ါက ၁၉၆၉ တွင် Winningရုပ်ရှင်ဇာတ်ကား၌ ၎င်းတို့နှစ်ဦးအတူ ပါဝင်ရိုက်ကူးစဉ် လက်ဆောင်ပေးခဲ့ခြင်း ဖြစ်သည်။

နယူးမန်းသည် အသက်(၈၃)နှစ်အရွယ် ၂၀၀၈တွင် ကွယ်လွန်ခဲ့ပြီးဇနီးပေးခဲ့သော ထိုလက်ပတ်နာရီကို ကားပြိုင်ပွဲများ၌ ဝင်ရောက်ယှဉ်ပြိုင်ချိန် ပတ်ထားလေ့ရှိသည်။

ထိုနာရီကို အမည်မသိဖုန်းဖြင့် ဆက်သွယ်ဝယ်ယူသူ တစ်ဦးကကန်ဒေါ်လာ ၁၇ဒသမ ၈သန်းပေးခဲ့သည်။

ဇနီးသည် ဝုဒ်ဝေ့ါက ထိုလက်ပတ်နာရီ၏ အနောက်ဘက်တွင် သေသေချာချာ ဂရုစိုက်ပြီး ကားမောင်းပါဟု စာထွင်းပြီးမှ နယူးမန်းအား ပေးခဲ့ခြင်းဖြစ်သည်။

ယခုအခါ ဂျိမ်းစ်ကိုက ထိုလက်ပတ်နာရီကို လေလံတင် ရောင်းချခြင်းဖြစ်ပြီး ယင်းမှရရှိလာသော ငွေအချို့ကို နယူးမန်းတည်ထောင်ခဲ့သော ဖောင်ဒေးရှင်းသို့ လှူဒါန်းမည်ဖြစ်သည်။

လရောင် Ref: BBC



# ရည်းစားဟောင်း ဆယ်လီနာဂိုမက်ဇ် အိမ်ကို သွားလည်တဲ့ ဂျပ်စတင်ဘီဘာ

ကနေဒါ အဆိုတော် ဂျပ်စတင်ဘီဘာသည်လော့စ် အန်ဂျလိစ်မြို့ရှိ ရည်းစားဟောင်း ဆယ်လီနာဂိုမက်ဇ်၏ နေအိမ်သို့ သွားရောက်လည်ပတ်ခဲ့သည်။ လော့စ်အန်ဂျလိစ်မြို့ရှိ ဆယ်လီနာဂိုမက်ဇ်၏ နေအိမ်တွင် မိနစ်အနည်းငယ်ခြားကာ ၎င်းတို့နှစ်ဦးအသီးသီး ရောက်ရှိလာသည့်ဓာတ်ပုံများပေါ် ထွက်လာခဲ့သည်။

အသက် (၂၅)နှစ်အရွယ် ဆယ်လီနာနှင့် (၂၃)နှစ်အရွယ် ဂျပ်စတင်ဘီဘာတို့သည် ၂၀၁၁ တွင် ချစ်သူများဖြစ်ခဲ့ပြီး ၎င်းတို့ အချစ်ရေး အဆင်မပြေခဲ့ဘဲ ၂၀၁၅ ၌ လမ်းခွဲခဲ့သည်။

ဂျပ်စတင်ဘီဘာနှင့် ပြတ်စဲပြီးနောက် ၂၀၁၇အစောပိုင်းတွင် ဆယ်လီနာသည် လက်ရှိချစ်သူ အေဘယ်မာကွန်နီတီဖာယာ(အ နုပညာအမည် The Weeknd) နှင့် စတင်လက်တွဲခဲ့သည်။

ဆယ်လီနာသည် ရည်းစားဟောင်း ဂျပ်စတင်ဘီဘာနှင့် ပြန်လည်တွေ့ဆုံသော သတင်းများပေါ်ထွက်သော်လည်း ဆယ်လီနာနှင့် အေဘယ်မာကွန်နီတီဖာယာတို့ အချစ်ရေးသည် ခိုင်မြဲနေကြောင်း သတင်းအရင်းအမြစ်တစ်ခုက ပြောသည်။

လရောင်
—Ref:justjared



# ဒီဇင်ဘာမှာ အယ်လ်ဘမ်သစ်ထွက်မယ့် ရိန်း

တောင်ကိုရီးယား မင်းသားအဆိုတော် ရိန်းသည် ဒီဇင်ဘာတွင် တေးအယ်လ်ဘမ်သစ် ဖြန့်ချိမည်ဖြစ်သည်။ ၂၀၁၄ ခုနှစ် ဇန်နဝါရီက ထွက်ရှိခဲ့သော Rain Effect အယ်လ်ဘမ်သည် ရိန်း၏နောက် ဆုံးထွက်ရှိထားသော အယ်လ်ဘမ်ဖြစ်သည်။

အသက် (၃၅) နှစ်အရွယ် ရိန်းသည် အဆိုပါ တေးအယ်လ်ဘမ်သစ်အတွက် Brand New Music အသံသွင်းကုမ္ပဏီနှင့် ပူးတွဲဆောင်ရွက်နေပြီး ယင်း အယ်လ်ဘမ်အသစ်အတွက် ပြင်ဆင်မှုသည် အပြီးသတ်အခြေအနေသို့ ရောက်ရှိနေပြီဖြစ်သည်။

ရိန်းနှင့်ဇနီး ကင်မ်ထယ်ဟီးတို့သည် သမီးဦးလေး မွေးဖွားခဲ့ကြောင်း ကြေညာခဲ့ပြီးနောက် ရိန်း၏ အယ်လ်ဘမ်အသစ်ထွက်ရှိမည့် သတင်းထွက်ပေါ်လာခြင်းဖြစ်သည်။

လရောင်
—Ref:UPI



# ဒရာမာဇာတ်ကားသစ်မှာ ငွေကြယ်ပွင့် တစ်ယောက်အဖြစ် သရုပ်ဆောင်မယ့် ဘိုရာ

တောင်ကိုရီးယား အဆိုတော်မင်းသမီးဘိုရာသည် tvN ရုပ်သံလိုင်းက မကြာမီထုတ်လွှင့်ပြသမည့် ‘Hwa-yugi’ ဒရာမာ ဇာတ်ကားတွင် ပါဝင်သရုပ် ဆောင်မည်ဖြစ်သည်။အသက်(၂၇) နှစ်အရွယ် ဘိုရာသည် ‘Hwayugi’ ဒရာမာ ဇာတ်ကားတွင် ထိပ်တန်းရုပ်ရှင်မင်းသမီး တစ်ဦးအဖြစ် သရုပ်ဆောင်မည်ဖြစ်သည်။

ဘိုရာ ပါဝင်သရုပ်ဆောင်မည့် ထိုဇာတ်ကားကို ဒီဇင်ဘာလလယ်တွင် ထုတ်လွှင့်ပြသမည် ဖြစ်သည်။

ဘိုရာသည် အမျိုးသမီးဂေါ ပေါ့ပ်အဖွဲ့ Sister အဖွဲ့ဝင်ဖြစ်သော်လည်း Sister အဖွဲ့ကို မေလက တရားဝင်ဖျက်သိမ်းပြီးနောက် ၎င်းသည်သရုပ်ဆောင် အလုပ်ကို ဆက်လက်လုပ်ရှားနေသည်။

လရောင်
—Ref:allkpop






# ကြုံးဝါးထားသည့်အတိုင်း ပထမအချီမှာပင် အနိုင်ယူနိုင်ခဲ့သည့် အောင်လအန်ဆန်







ဘက်စုံကိုယ်ခံပညာသုံး MMA ပြိုင်ပွဲကို နိုဝင်ဘာလ ၃ ရက်တွင် ရန်ကုန်မြို့ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ ၁ သုဝဏ္ဏ၌ ကျင်းပရာ မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ အောင်လအန်ဆန်က အန်ဂယ်လာနီကို ပထမအချီတွင် အနိုင်ရခဲ့သည်။

ပြိုင်ပွဲမတိုင်မီ ပြုလုပ်ခဲ့သည့် ကစားသမားများ မိတ်ဆက်ပွဲတွင် အောင်လအန်ဆန်က စိန်ခေါ်သူ အန်ဂယ်လာနီကို နှစ်ချီအတွင်း အနိုင်ယူမည်ဟု ကြုံးဝါးထားရာ ပြိုင်ပွဲတွင် ပထမအချီတွင် ချုပ်ကွက်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အောင်လအန်ဆန်သည် ပွဲစပြီး မကြာမီမှာပင် အန်ဂယ်လာနီကို ချုပ်ကွက်ဖြင့် အနိုင်ယူရန် ကြိုးပမ်းခဲ့သည်။ သို့သော် အန်ဂယ်လာနီက ရုန်းထွက်ပြီး ပြန်ချုပ်ရန် ကြိုးပမ်းခဲ့သော်လည်း မိနစ်ပိုင်းသာ အောင်လအန်ဆန်ကို အခက်တွေ့အောင် လုပ်နိုင်ခဲ့သည်။ ပွဲစသည့် ပထမအချီ ၃မိနစ်ပိုင်းတွင် အောင်လအန်ဆန် အသာရခဲ့ပြီး ၄မိနစ် ၂၀စက္ကန့်တွင် အန်ဂယ်လာနီမှာ တောင့်ခံနိုင်ခြင်းမရှိဘဲ နာမည်ကျော်ချုပ်ကွက်တွင် အရှုံးပေးခဲ့ရသည်။

အောင်လအန်ဆန်သည် ပြီးခဲ့သည့် ဇွန်လအတွင်းက မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုရပြီးနောက်ပိုင်း ပထမဆုံးထိုးသတ်သည့် ပွဲဖြစ်ပြီး ဝိတ်တန်းကွာခြားမှုကြောင့် ချန်ပီယံဆု ကာကွယ်ပွဲ မထိုးသတ်ရဘဲ အထူးစိန်ခေါ်ပွဲအဖြစ်သာ ယှဉ်ပြိုင်ရခြင်းဖြစ်သည်။ ယခုပွဲသည် အောင်လအန်ဆန်၏ ကစားသမားဘဝ ၃၁ ပွဲမြောက် ထိုးသတ်သည့်ပွဲဖြစ်ပြီး ၎င်း၏ ၂၁ ပွဲမြောက် နိုင်ပွဲလည်းဖြစ်သည်။

"ဝိတ်တန်းကြီးတဲ့ ကစားသမားနဲ့ ထိုးသတ်ခဲ့ရပေမယ့် အနိုင်ရအောင် စွမ်းဆောင်နိုင်ခဲ့ပါပြီ။ သူရဲ့ အားနည်းချက်ကို အသုံးချပြီး အနိုင်ရခဲ့တာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံက ပရိသတ်တွေအားလုံးရဲ့ အားပေးမှုနှင့်အတူ ကျွန်တော် နောက်ထပ်နိုင်ပွဲ တစ်ပွဲရခဲ့ပြန်ပါပြီ။ အားပေးတဲ့ ပရိသတ်တွေအားလုံးကို ကျေးဇူးတင်ပါတယ်"ဟု အောင်လအန်ဆန်က ပြောသည်။

ဘက်စုံကိုယ်ခံပညာသုံး MMA အမှတ်ပေးသည့် အခြေခံအချက်များမှာ ထိရောက်စွာ ထိုးနက်နိုင်ခြင်း၊ ထိရောက်စွာ တွန်းလှဲချုပ်ကိုင်နိုင်ခြင်း၊ ကြိုးဝိုင်းဧရိယာကို ထိန်းချုပ်နိုင်ခြင်း၊ ထိရောက်စွာ ဖိအားပေးနိုင်ခြင်း၊ ခုခံကာကွယ်နိုင်ခြင်းတို့ ဖြစ်သည်။ အောင်လအန်ဆန်သည် ယခုကဲ့သို့ ပထမအချီတွင်ပင် အနိုင်ရခဲ့ခြင်းမှာ ၁၇ ပွဲရှိပြီ ဖြစ်သည်။

အိမ်စည်

# ပေါ်တူဂီလက်ရွေးစင်အသင်းမှ ရော်နယ်ဒိုကို ချန်လှပ်ထားခဲ့



ပေါ်တူဂီအသင်းသည် ယခုသီတင်းပတ်အတွင်း ဆော်ဒီအာရေးဗီးယား၊ အမေရိကန်အသင်းတို့နှင့် ခြေစမ်းပွဲများကစားရန် ရှိသော်လည်း တိုက်စစ်မှူးရော်နယ်ဒိုကို မခေါ်ယူဘဲချန်လှပ်ခဲ့သည်။ ပေါ်တူဂီသည် နိုဝင်ဘာ၁၀ရက်နှင့် ၁၄ရက်တွင် ဆော်ဒီ၊ အမေရိကန်တို့နှင့် ခြေစမ်းမည်ဖြစ်ကာ နည်းပြဖာနန်ဒိုဆန်းတို့စ်က ကွာရက်စ်မာနှင့် နာနီတို့ကိုလည်း အသင်းမှချန်လှပ်ခဲ့သည်။

ပေါ်တူဂီသည် ကမ္ဘာ့ဖလားခြေစစ်ပွဲအောင်မြင်ပြီး ဖြစ်သည်။ ထိုအတောအတွင်း အင်္ဂလန်၊ပြင်သစ်တို့နှင့် ခြေစမ်းပွဲများ ကစားမည့်ဂျာမနီကကွင်းလယ်လူဂန်ဒိုဂန်နှင့် ဂေါ့ဇီတို့ကို အသင်းသို့ ပြန်လည်ခေါ်ယူထားသည်။

ဂန်ဒိုဂန်သည် ၂၀၁၆ဒီဇင်ဘာကတည်းက ဒူးဒဏ်ရာဖြင့် နားနေခဲ့ရပြီး မကြာမီက မန်စီးတီးနှင့်အတူ ပြန်ကစားနေသည်။ ဂေါ့ဇီသည်လည်း ဖန်နဝါရီမှ ဇူလိုင်အထိ ဒဏ်ရာနှင့် ဂျာမနီအတွက် မကစားနိုင်ခဲ့ပေ။ ကော်စတာရီကာ၊ ရုရှားတို့နှင့် ခြေစမ်းမည့် စပိန်အသင်းကလည်း လီဗာပူးအသင်းတွင် ပြန်လည်နေရာရနေသော နောက်တန်းလူမိုရီနိုကို အသင်းသို့ ပြန်လည်ခေါ်ယူခဲ့သည်။ သူကစားပုံ အရမ်းကောင်းနေပါတယ်။ လီဗာပူးမှာ အပတ်စဉ်ကစားနေတယ်။ နောက်တန်းလူတစ်ယောက်မှာ ကျွန်တော်တို့ လိုချင်တာတွေနဲ့သူက အံ ကိုက်ဖြစ်နေတယ်။ သူ့ကို လူငယ်လက်ရွေးစင်ပွဲတွေမှာကတည်းက သတိထားမိပါတယ်"ဟု စပိန်နည်းပြ လိုပီတီဂူအီကပြောသည်။

ကိုကိုမြတ်

# ကမ္ဘာ့ဖလားပိုက်ကျော်ခြင်း ကွာတားအဆင့်တွင် မြန်မာအသင်း ထိုင်းကိုရှုံး

အိန္ဒိယနိုင်ငံတွင် ကျင်းပနေသည့် ၂၀၁၇ ကမ္ဘာ့ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲ ကွာတားအဆင့်တွင် မြန်မာအသင်းက ထိုင်းအသင်းကို နှစ်ပွဲပြတ်ဖြင့် ရှုံးနိမ့်ခဲ့သည်။

နိုဝင်ဘာ ၃ ရက်က ကျင်းပသည့် သုံးယောက်တွဲပြိုင်ပွဲ ကွာတားအဆင့်တွင် မြန်မာအသင်းက ထိုင်းအသင်းကို ရှုံးနိမ့်ခဲ့ခြင်းကြောင့် အကြိုဗိုလ်လုပွဲတက် ရောက်ခွင့်ဆုံးရှုံးခဲ့သော်လည်း အဆင့်သတ်မှတ်ချက် ပွဲစဉ်များဆက်လက် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် သုံးယောက်တွဲပြိုင်ပွဲတစ်မျိုးတည်းသာ ထည့်သွင်းကျင်းပပြီး အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲ နှစ်ခုပါဝင်သော်လည်း မြန်မာအသင်းသည် အမျိုးသားပြိုင်ပွဲ၌သာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

ကမ္ဘာ့ဖလားပိုက်ကျော်ခြင်း ပြိုင်ပွဲအုပ်စုခွဲဝေမှုအရ မြန်မာအသင်းသည် အုပ်စု(ခ)တွင် မလေးရှား၊ ဘင်္ဂလားဒေ့ရှ်တို့နှင့် ကျရောက်ခဲ့သည်။ အုပ်စုအဆင့်တွင် မြန်မာအသင်းသည် ဘင်္ဂလားဒေ့ရှ်အသင်းကို အနိုင်ရသော်လည်း မလေးရှားအသင်းကို ရှုံးနိမ့်သဖြင့် အုပ်စုဒုတိယနေရာဖြင့် ကွာတားအဆင့်သို့ တက်ရောက်ခဲ့သည်။ မြန်မာပိုက်ကျော်ခြင်းအသင်းသည် အဆင့်သတ်မှတ်ချက် ပွဲစဉ်များအဖြစ် နိုဝင်ဘာ ၄ ရက် နှင့် ၅ ရက်တို့တွင် ဆက်လက် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ကိုကိုမြတ်

# ကံကြမ္မာက အက်သလက်တီကိုကို ကျီစယ်နေဟု ဆီမွန်နီပြောကြား

ချန်ပီယံလိဂ်တွင် အိမ်ကွင်း၌ ကာရာဘက်ကို တစ်ဂိုးစီသရေကျခြင်းသည် အက်သလက်တီကိုမက်ဒရစ်အတွက် စိတ်ပျက်စရာဟု ပြောနိုင်ပြီးကံကြမ္မာက မိမိတို့အသင်းကို ကျီစယ်နေသည်ဟု နည်းပြဒီယေဂိုဆီမွန်နီကပြောကြားသည်။

အဇာဘိုင်ဂျန်မှ ကာရာဘက်၏ အဖွင့်ဂိုးကို သောမတ်ပါတီက ဒုတိယပိုင်းတွင် ချေပခဲ့ပြီး ပွဲချိန်တစ်နာရီပြည့်ချိန်၌ စည့်သည်အသင်းက တစ်ဦးထုတ်ပယ်ခံရသော်လည်း အက်သလက်တီကိုသည် သုံးမှတ်အပြည့် မရယူနိုင်ခဲ့ပေ။

"ကံကြမ္မာက အက်သလက်တီကိုကို ကျီစယ်နေပါတယ်။ ဒါကိုကျွန်တော်တို့ ကျော်လွှားသွားရပါမယ်။ ပွဲကအလွန်မဆိုးပါဘူး။ ဒါပေမဲ့ ကျွန်တော်တို့က လိုလောက်တဲ့ တိကျမှုမရှိခဲ့ဘူး"ဟု ဆီမွန်နီက ပွဲအပြီးသတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

မိမိတို့သည် ပွဲပြီးခါနီးလေစိတ်ပူပန်မှု၊ ဂနာမငြိမ်မှု ပိုများလာလေဖြစ်နေသည်ဟု ဆီမွန်နီက ဆက်လက်သုံးသပ်သည်။ အုပ်စုပွဲခြောက်ပွဲအနက် လေးပွဲကစားပြီးချိန်တွင် အက်သလက်တီကိုသည် ဒုတိယနေရာမှ ချယ်လ်ဆီးထက် လေးမှတ်လျော့နေပြီး အုပ်စုအဆင့်မှ ထွက်ရမည့်အရေး အမှန်တကယ်ဖြစ်လာနိုင်သော အခြေအနေရှိနေသည်။ ယခုအချိန်ထိ နိုင်ပွဲမရှိသေးသော်လည်း နောက်တစ်ဆင့် တက်နိုင်မည် မဟုတ်ဆိုခြင်းကို အာဂျင်တီးနားသားက တွေးတောမနေပေ။

"ကျွန်တော် အဲဒီအကြောင်း မစဉ်းစားသေးပါဘူး။ ကျွန်တော်တို့ ရီးမားကို အနိုင်ယူဖို့ ကြိုးစားမယ်။ အဲဒီနောက် ဘာဖြစ်မလဲဆိုတာကို အဆုံးအဖြတ် ပေးပါလိမ့်မယ်"ဟု ဆီမွန်နီက ပြောကြားသည်။

ယခုရာသီအက်သလက်တီကို၏ အဓိကပြဿနာသည် တိုက်စစ်ပိုင်းဖြစ်သော်လည်း ယမန်နေ့ကပွဲတွင် နောက်တန်းကလည်း ရုန်းကန်ခဲ့ရပြီး ယင်းအတွက် မိမိတွင်တာဝန်ရှိသည်ဟု ဆီမွန်နီက ပြောကြားသည်။

ကိုကိုမြတ်



myanmar national airlines

MANN YADANARPON AIRLINES
*Enjoy Royal Service!*

# CODE SHARE FLIGHTS

**Route** RGN-HEH-MDL-NYU-RGN (Afternoon Flight)

Start From **1st Nov 2017**

Flight Days : 6 Days

UB Flight Days : Tuesday, Thursday, and Saturday
(Flight Numbers: UB481 7Y241/UB482 7Y241)

7Y Flight Days : Monday, Wednesday and Friday
(Flight Numbers: 7Y241 UB481/ 7Y241 UB482)



| | ETD | | ETA |
|---|---|---|---|
| RGN | 1530 | HEH | 1640 |
| HEH | 1655 | MDL | 1725 |
| MDL | 1745 | NYU | 1815 |
| NYU | 1830 | RGN | 1950 |

www.flymna.com

www.airmyp.com

**MNA Yangon Office;**
104 Kanna Road,Kyauktada Township,Yangon,Myanmar
Ph: 01-378603-04-06. 01-477840-841-842-843.

**MNA Mandalay Office;**
81 Street , 25x26 Street, Aung Myay Thar San Yet Township.
Ph: 02-36221, 36222, 09-797565776.

**MYP Yangon Office;**
No.3, Thalarwaddy Street, 7th Mile, Mayangone Township
Phone : (+95-1) 656969, Fax : (+95-1) 656998

**MYP Mandalay Office;**
No.9, 78th Street, Between 33rd & 34th Street, Chan Aye Thar Zan Township.
Tel : (+95-2) 67099, Fax : (+95-2) 67039